# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မမြဲသော သဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကိုသိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၉)


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ စနေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၅၅)


# တိုးတက်လာသောနည်းပညာများကို ထိုးထွင်းဉာဏ်နှင့် တီထွင်ကြံဆမှုကိုအခြေခံပါက အောင်မြင်



## နိုင်ငံတော်သမ္မတ ဦးထင်ကျော် မိုးကောင်းကျေးရွာရှိ ဘက်စုံပေါင်းစည်းလယ်ယာ စံပြစိုက်ခင်းကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မိုးကောင်းကျေးရွာရှိ ဒေသခံတောင်သူ ဦးသန်းမြင့်၏ ဘက်စုံပေါင်းစည်းလယ်ယာတွင် SRI စနစ်ဖြင့် စိုက်ပျိုးထားသည့် မိုးစပါးကေ ၂၀၀ စိုက်ကွင်းကို ကြည့်ရှုလေ့လာသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူတို့နှင့်အတူ ဦးသန်းမြင့်၏ ဘက်စုံပေါင်းစည်းလယ်ယာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒေသခံတောင်သူ ဦးသန်းမြင့်က SRI စနစ်ကို အသုံးပြုစိုက်ပျိုးခြင်းအားဖြင့် မျိုးစေ့သုံးစွဲရမှု၊ စိုက်စရိတ်သုံးစွဲရမှု၊ ဓာတ်မြေဩဇာနှင့် သွင်းအားစုများသုံးစွဲရမှုနှင့် အထွေထွေကုန်ကျစရိတ်များတွင် မိရိုးဖလာစိုက်နည်းစနစ်ထက် ငွေကြေးကုန်ကျမှု ပိုမိုသက်သာစေပြီး အထွက်နှုန်းပိုမိုကောင်းမွန်သောကြောင့် တောင်သူလယ်သမားများအတွက် စီးပွားရေးတွက်ခြေကိုက်သည့် စိုက်နည်းစနစ်တစ်ခုဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

သမဝါယမအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးအေးလွင်က အသင်းသားပိုင် ကူဘိုတာထွန်စက် နှစ်စီး၊ ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် တစ်စီး၊ အသင်းသားပိုင် ထွန်စက် ၁၀ စီးတို့ဖြင့် လယ်ယာမြေများထွန်ယက်ခြင်း၊ သီးနှံများရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မျိုးကောင်း မျိုးသန့်မျိုးစေ့များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော်သမ္မတ ဦးထင်ကျော် လယ်ယာသုံးစက်ကိရိယာများအား ကြည့်ရှုစဉ် (သတင်းစဉ်)

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

**နယူးယောက် စက်တင်ဘာ ၂၃**


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် CNN သတင်းဌာနမှ GPS Editorial Producer, Mr. Fareed Zakaria နှင့် နယူးယောက်မြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ တွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ World Economic Forum မှ Executive Chairman ဖြစ်သူ Prof. Klaus Schwab နှင့် တွေ့ဆုံကာ လာမည့်နှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ကျင်းပမည့် World Economic Forum အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအား မူဘောင်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Founder and Chairman of Open Society မှ မစ္စတာ ဂျော့ခ်ျ ဆိုးရော့စ်နှင့် တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

မြန်မာ့အလင်း

# ကလေးများ၏လုပ်အားကို အမြတ်ထုတ်မှုနှင့် လူကုန်ကူးမှုတို့အတွက် ပြစ်ဒဏ်

ဆင်းရဲမွဲတေမှုကိုအကြောင်းပြု၍ ကမ္ဘာတစ်ခွင်မှ ကလေးငယ် သန်းပေါင်း ၂၀၀ ကျော်တို့မှာ အဓမ္မအလုပ်ခိုင်းစေခြင်းနှင့် မတော်မတရား အလုပ်ခွင်တွင် ခိုင်းစေခြင်းတို့ကို ခံနေရသည်ဟု အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)က ခန့်မှန်းထားသည်။ လုပ်အားကို စျေးပေါပေါနှင့် ရနိုင်ခြင်း၊ အလွယ်တကူခိုင်းစေနိုင်ခြင်း၊ အလွယ်တကူ ကြိုးကိုင်ခြယ်လှယ်နိုင်ခြင်း၊ အလုပ်သမားအခွင့်အရေးများနှင့် အလုမ်းဝေးသူများအဖြစ် ယူဆကြခြင်းတို့ကြောင့် ကလေးငယ်များမှာ လုပ်ငန်းခွင်အမျိုးမျိုးတွင် ဆိုးရွားသောလုပ်ငန်းခွင်အခြေအနေများ၌ ခေါင်းပုံဖြတ်ခံရသူများဖြစ်လာကြသည်။


ခေါင်းပုံဖြတ်ခြင်းဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာ ကိစ္စပြုလုပ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါးခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေ ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်းပါဝင်သည်ဟု လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတွင် ရှင်းလင်းဖော်ပြထားသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ၂၀၁၅ ခုနှစ်အတွင်း ကောက်ယူခဲ့သော ကလေးလုပ်သားစစ်တမ်းအရ မြန်မာနိုင်ငံတွင် အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်း ကလေးဦးရေ ၁၂ ဒသမ ၁ သန်းရှိသည့်အနက် အလုပ်လုပ်ကိုင်နေသည့်ကလေး(Working Children) ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ကလေးလုပ်သား (Child Labour) အဖြစ် လုပ်ကိုင်နေသူများမှာမူ ကလေးအားလုံး၏ ၉ ဒသမ ၃ ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။ ကလေးလုပ်သား (Child Labour) ဟုဆိုရာတွင် ကလေးငယ်များ၏ဘဝဖြစ်တည်မှု၊ ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် အလားအလာတို့ကို တားဆီးပိတ်ဆို့စေကာ ကလေးများ၏ရုပ်ပိုင်းဘဝ၊ စိတ်ပိုင်းဘဝတို့ကို ထိခိုက်စေသည့် မည်သို့သောလုပ်ငန်းခွင်များ၌မဆို အလုပ်သမားအဖြစ် ခိုင်းစေထားသည့် ကလေးများကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် ကလေးများအား ဆိုးရွားသည့် လုပ်ငန်းခွင်တွင်ခိုင်းစေမှုနှင့် အဆိုပါအလုပ်များ၌ လုပ်ကိုင်နေကြသော ကလေးများကို အသက်အန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ကြိုးပမ်းမှုများအနက် ကလေးများလူကုန်ကူးခံရမှုမှ ကာကွယ်ရေးအတွက် အဓိကကျသော ကလေးများအားလုံး ပညာသင်ခွင့်ရရှိရေးနှင့် ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်ပြီး ပိုမိုနားလည်သဘောပေါက်အောင် ပညာပေးရေးတို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ သားသတ်ရုံများ၊ ညလုံးပေါက်အလုပ်ရုံများ၊ လောင်းကစားရုံများ၊ ငါးဖမ်းစက်လှေများ၊ အန္တရာယ်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ လိင်နှိုးဆော်သော ကိုယ်ဟန်ပြပွဲများ၊ ပြည့်တန်ဆာနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုများ စသည့်လုပ်ငန်းများတွင် ကလေးများအား အသုံးမပြုရေးအတွက် ကာကွယ်တားဆီးမှုများပြုရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကလေးငယ်များအား အလုပ်ခိုင်းစေမှုများကို ပုံစံအမျိုးမျိုးဖြင့် တွေ့ရသည့်အနက် စက်ရုံအလုပ်ရုံများ၊ စျေးဆိုင်၊ စားသောက်ဆိုင်များအပြင် နေအိမ်များ၌ပါ ကလေးလုပ်သားများကို ခိုင်းစေမှုများ ရှိနေသည်။ အဆိုပါကလေးများကို ၎င်းတို့၏ အသိအကျွမ်းများ၊ ဆွေမျိုးသားချင်းများက သွေးဆောင်ဖြားယောင်းခြင်း၊ ကတိအမျိုးမျိုး မက်လုံးအမျိုးမျိုးပေးခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်ခြင်း စသည့်နည်းအမျိုးမျိုးသုံးကာ ကလေးများ၏ အုပ်ထိန်းသူများ၊ မိဘများနှင့် ကလေးငယ်တို့ ကိုယ်တိုင်၏ သဘောတူညီချက်ကိုရယူကာ ခေါ်ဆောင်ပြီး လုပ်ငန်းခွင်သို့ပို့ဆောင်ခဲ့ခြင်းနှင့် ယင်းသို့ဆောင်ရွက်ခြင်းကြောင့် လူကြီးများက အကျိုးအမြတ်ရယူခဲ့ကြခြင်းဖြစ်သည်။ ဤသည်မှာ လူကုန်ကူးမှုပင်ဖြစ်သည်။

အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပါက အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ပါ ချမှတ်နိုင်သည်ဟု လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားပါကြောင်း။ ။




## လူငယ်မူဝါဒ ပူးပေါင်းရေးဆွဲလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့်ပူးပေါင်း ရေးဆွဲလျက်ရှိသည်။ မြန်မာနိုင်ငံ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(သတင်းစဉ်)**

## ကျောက်ပန်းတောင်းမြို့ မြို့မရပ်ကွက်မဟာစေတီကြီးဘုရားနှင့် မြို့မမူလတန်းကျောင်းအနီးရှိ အမှိုက်ပုံကြီးရှင်းလင်း



**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မရပ်ကွက် မဟာစေတီကြီးဘုရားနှင့် မြို့မမူလတန်းကျောင်းကြားရှိ စည်းကမ်းမဲ့စွန့်ပစ်ထားသည့် အမှိုက်ပုံကြီးမှာ ကတ္တရာလမ်းပေါ်အထိ ရောက်ရှိနေပြီး အနံ့အသက်ဆိုးများကြောင့် ကျောင်းသား ကျောင်းသူများ၊ ကလေးငယ်များနှင့် ရပ်ကွက်အတွင်း နေထိုင်သူများ ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်ရသဖြင့် အမြန်ဆုံးဖယ်ရှား ရှင်းလင်းပေးပါရန် တင်ပြခဲ့ရာ ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် ဒုတိယဦးစီးမှူး ဦးလှိုင်ဝင်းဆွေ (စျေးတာဝန်ခံ)တို့ ဦးဆောင်၍ သန့်ရှင်းရေး ဝန်ထမ်းများဖြင့် စက်တင်ဘာ ၂၁ ရက်တွင် ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါအမှိုက်ပုံကြီးမှာ ယခင်ကလည်း လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများစသည့် အဖွဲ့အစည်းပေါင်းစုံဖြင့် အကြိမ်ကြိမ် ရှင်းလင်းဆောင်ရွက်ခဲ့သော်လည်း ပျံကျစျေးအတွင်းမှ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ၊ ကုန်စိမ်းသီးနှံ၊ ပဲရုံများမှ စွန့်ပစ်အမှိုက်များ၊ ပတ်ဝန်းကျင်ရပ်ကွက်အတွင်းမှ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ရှင်းလင်းပြီးလပိုင်းအကြာမှာပင် ပြန်လည်စုပုံလာကြောင်း စည်ပင်သာယာဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့တွင် ရပ်ကွက်(၁၂)ရပ်ကွက်ရှိရာမြို့နယ်စည်ပင်သာယာအဖွဲ့အနေဖြင့် ရပ်ကွက်များအတွင်း ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်များ လှည့်လည်သိမ်းဆည်းခြင်း တစ်နေ့လျှင်နှစ်ကြိမ် သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ အမှိုက်ပုံကြီးတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ လျော့နည်းပပျောက်သွားစေရေး ပညာပေးစည်းရုံးဆောင်ရွက်သွားမည်ဖြစ်သည်။ **နေအောင်(မြန်/ဆက်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ကော့ကရိတ် စက်တင်ဘာ ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့၌ ယခုအခါ ၂၄ နာရီ လျှပ်စစ်မီး ရရှိနေပြီဖြစ်သဖြင့် ပြည်သူလူထု လျှပ်စစ်အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ပြည်နယ် ဒုတိယလျှပ်စစ်အင်ဂျင်နီယာဦးစီး၍ စက်တင်ဘာလ တတိယပတ်က လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လျှပ်စစ်အသိပညာ သတိရှိကြစေရေးအတွက် ဟောပြောခြင်းကို ကျုံဒိုးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(မြန်/ဆက်)**

## ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၂၃**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်း တောင်လေးလုံးမှကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီးစန်းဝင်းနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာလ တတိယပတ်က တောင်ကြီးမြို့ ရွှေညောင်တိုက်နယ်ဆေးရုံဝင်းအတွင်း အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(မြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၃-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၇.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၇.၁၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၄၃ |
| တရုတ် | တစ်ယွမ် | ၁၈၅.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၄၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

■ ရှေ့ဖုံးမှ

ဓာတ်မြေဩဇာသွင်းအားစုများကိုလည်း သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အသင်းပိုင်တန် ၆၀ ကျ ဆန်စက်တည်ဆောက်ပြီး အသင်းသားတောင်သူများ ထွက်ရှိသည့် စပါးကို ကာလပေါက်ဈေးဖြင့် ဝယ်ယူ၍ ကုန်ချော ကြိတ်ခွဲ ထုတ်လုပ်ရောင်းချလျက်ရှိပါကြောင်း၊ အသင်းသား တောင်သူများ လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းကျွဲ၊ နွားများနှင့် တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကျွဲ၊ နွားများ ရောင်းဝယ်ဖလှယ်နိုင်ရန်အတွက် နွားပွဲဈေး ဖွင့်လှစ်ဆောင်ရွက်ထားရှိပါကြောင်း။

ထို့အတူ အသင်းဝင်တောင်သူများအား မျိုးကောင်းမျိုးသန့် စပါးမျိုးများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးနိုင်ရန်အတွက် မျိုးစေ့ထုတ်စိုက်ခင်းများ တည်ထောင်ဆောင်ရွက်လျက်ရှိသည့်အပြင် အသင်းသားတောင်သူများ၏ စိုက်ပျိုးမွေးမြူရေး အသိပညာများ တိုးတက်မြင့်မားလာရေးအတွက် ဟောပြောဆွေးနွေးဖြန့်ဖြူးပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက SRI စနစ်ဖြင့် စပါးစိုက်ပျိုးခြင်းကြောင့် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းကောင်းခြင်း၊ ရေလိုအပ်ချက်နည်းပါးခြင်း၊ မြေဩဇာသုံးစွဲမှု သက်သာခြင်း၊ စပါးသက် ၁၀ ရက်အချိန်တိုသည့်အတွက် သီးထပ်စိုက်ပျိုးရန် အချိန်ပိုမိုရရှိခြင်း၊ အရည်အသွေးမြင့် စပါးရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း။

တောင်သူလယ်သမားများအတွက် မျိုးကောင်း မျိုးသန့်စပါးများ ပွားများထုတ်လုပ် ဖြန့်ဖြူးနိုင်ရေးအတွက် ဌာနပိုင်ခြံ ၃၉ ခြံမှ နှစ်စဉ် စပါးမျိုးသန့် ၁ ဒသမ ၂ သန်းခန့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ယခုနှစ်တွင် မျိုးစေ့ထုတ်လုပ်သူများ အသင်းဖွဲ့စည်း၍ ၁၁၀၂၂ ဧက စိုက်ပျိုးထုတ်လုပ်သွားနိုင်ရေးနှင့် မျိုးစေ့ထုတ်လုပ်မှုအဆင့်ဆင့် စနစ်တကျရှိရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာပြန့်ပွားရေးအတွက်လည်း မျိုးကောင်း မျိုးသန့်သုံးစွဲရေး၊ ခေတ်မီစိုက်နည်းစနစ်ပြန့်ပွားရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့် သုံးရေး ၊အစားအစာ လုံခြုံစိတ်ချရရေး၊ တောင်သူများအတွက် အကျိုးအမြတ်ရှိစေသည့် သီးနှံများစိုက်ပျိုးရေး၊ ပြောင်းလဲနေသည့် ရာသီဥတုနှင့်အညီ သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးရေးတို့ကို ပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ၏စားနပ်ရိက္ခာ ဖူလုံစေပြီး ပိုလျှံမှုအား နိုင်ငံခြားသို့ တင်ပို့ရောင်းချ၍ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းတင်ပြသည်။

စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က လယ်ယာလုပ်ငန်းခွင်တွင် တစ်နေ့တခြား ကျွဲ၊ နွားနှင့် လုပ်သားအင်အား ရှားပါးခက်ခဲလာမှု၊ ရာသီဥတု ဖောက်လွဲဖောက်ပြန်ဖြစ်မှုများကြောင့် လုပ်သားအင်အားနေရာတွင် စက်အင်အားအစားထိုးသုံးစွဲကြရန်၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် မြေမြန်မြန်ပြုပြင်၊ မြန်မြန်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် တောင်သူ ဦးသန်းမြင့်၏ မိုးစပါး မျိုးစေ့ထုတ် SRI စိုက်နည်းစနစ် စံပြစိုက်ခင်းအား ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

စိုက်ပျိုးပြီး အချိန်မီရိတ်သိမ်းနိုင်ရန်၊ မိမိတို့ ရေမြေသဘာဝနှင့် ကိုက်ညီသော လယ်ယာသုံးစက်ကိရိယာများ အစားထိုးသုံးစွဲပြီး စက်မှုလယ်ယာစနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်လာပါကြောင်း၊ လက်ရှိအခြေအနေတွင် လယ်ယာကဏ္ဍ၌ ထွန်စက်ကြီး အစီး ၂၅၀၀၀၊ လက်ကျန်လယ်ထွန်စက် အစီး ၄၁၀၀၀၀ ကျော်၊ Combine Harvester အစီး ၃၂၀၀ တိုးတက်သုံးစွဲမှုရှိလာပါကြောင်း ရှင်းလင်းတင်ပြသည်။

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက သမဝါယမအသင်းသား တောင်သူလယ်သမားများကို ချေးငွေများထုတ်ချေးသည့်စနစ်သည် အသင်းသားတစ်ဦးကို ငွေကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးပြီး အမှုဆောင်အဖွဲ့နှင့် အသင်းသားများ၏ စည်းလုံးညီညွတ်မှု၊ ချေးငွေများ သတ်မှတ်ကာလအလိုက် ပြန်လည်ပေးဆပ်မှု၊ လုပ်ငန်းများ အမှန်တကယ်သုံးစွဲမှုတို့ကို စိစစ်ပြီး ချေးငွေကို ငွေကျပ် တစ်သိန်းမှ နှစ်သိန်း၊ သုံးသိန်း စသည်ဖြင့် တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါကြောင်း။

သမဝါယမအသင်းသား တောင်သူလယ်သမားများသို့ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရန် အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးမှုအနေဖြင့် ငွေကျပ် ၁၂၅ ဒသမ ၀၁၈ ဘီလီယံ တန်ဖိုးရှိ လက်တွန်းထွန်စက်၊ ထွန်စက်၊ ရေစုပ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ မြက်ရိတ်စက်၊ မျိုးစေ့ချစက်၊ မြေမွစက်၊ ထွန်နှင့်ထယ် စသည့် လယ်ယာသုံးစက်ကိရိယာ စုစုပေါင်း ၂၁၆၀၉ စီးကို ရောင်းချပေးခဲ့ပြီး ခြောက်လတစ်ကြိမ် ပြန်လည်ပေးဆပ်ငွေများဖြင့် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးနှင့် လယ်ယာမြေများ အဆင့်မြှင့်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပထမတန်းစားလယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းအတွက် တစ်လလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ချေးငွေကာလ ငါးနှစ်၊ ခြောက်လတစ်ကြိမ် အရင်းအတိုးဆပ်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဒုတိယတန်းစားလယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းအတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ချေးငွေကာလ သုံးနှစ်၊ ခြောက်လတစ်ကြိမ် အရင်းအတိုးဆပ်စနစ်ဖြင့်လည်းကောင်း၊ တတိယတန်းစား လယ်ယာမြေများ အဆင့်မြှင့်တင်ခြင်းအတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ချေးငွေကာလ သုံးနှစ်၊ ခြောက်လတစ်ကြိမ် အရင်းအတိုးဆပ်စနစ်ဖြင့်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဝန်ကြီးဌာနအနေဖြင့် တောင်သူပညာပေးလုပ်ငန်း၊ မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်သုံးစွဲရေးလုပ်ငန်းများနှင့် ယနေ့အချိန်တွင် ကြုံတွေ့နေရသည့် လယ်ယာလုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းရန်အတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များအတွက် ဈေးကွက်ရရှိရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီး၏ လူမှုရေး၊ စီးပွားရေးအခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတက ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများကို ထိုးထွင်းဉာဏ်နှင့် တီထွင်ကြံဆမှုကို အခြေခံဆောင်ရွက်ပါက အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ မျိုးဆက်တစ်ခု တိုးတက်ရန်အတွက် တီထွင်ကြံဆမှုနှင့် ဇွဲလုံ့လဝီရိယစိုက်ထုတ်ရန် လိုအပ်ပါကြောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် ရေရှည်တွက်ချက်၍ ဝန်ဆောင်မှုပေးပြီး ထိန်းသိမ်းမှုအပိုင်းများကိုလည်း တာဝန်ယူကြရန် လိုအပ်ကြောင်း။

သမဝါယမအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် စိတ်ဝမ်းကွဲပြားမှုမရှိဘဲ စည်းစည်းလုံးလုံးဖြင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ဒေသခံတောင်သူ ဦးသန်းမြင့်၏ မိုးစပါး မျိုးစေ့ထုတ် SRI စိုက်နည်းစနစ် စံပြစိုက်ခင်းများနှင့် ပြသထားသည့် လယ်ယာသုံး စက်ကိရိယာများအား လှည့်လည်ကြည့်ရှုလေ့လာသည်။

တောင်သူ ဦးသန်းမြင့်သည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု ရရှိထားသူတစ်ဦးဖြစ်သည်။ နည်းပညာများနှင့် စိုက်နည်းစနစ်များကို စနစ်တကျလေ့လာလိုက်စားသူတစ်ဦးဖြစ်သည့်အပြင် ကိုယ်တိုင်လည်း အထူးလိုက်နာစိုက်ပျိုးသူတစ်ဦးဖြစ်သည်။ ၎င်းပိုင်ဆိုင်သည့် လယ်မြေဧက ၂၀၀ တွင် ဆင်းသုခဧက ၄၀ နှင့် မနောသုခ ဧက ၂၀ တို့ကို SRI စနစ်ဖြင့် စိုက်ပျိုးထားရှိပြီး မနောသုခဧက ၅၀၊ ပြည်တော်ရင် ၁၀ ဧကနှင့် ရက်ကိုးဆယ်စပါးဧက ၆၀ တို့ကို အခြားနည်းများဖြင့် စိုက်ပျိုးထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Mohammad Suflur Rahman အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်ဆိုင်ရာများ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ် အပြန်အလှန်သတင်းဖလှယ်ရယူရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် လက်နက်ကိုင်သောင်းကျန်းသူများ ပါဝင်ပတ်သက်နေမှုများကို ပူးပေါင်းတားဆီးကာကွယ်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်သည့် လမ်းပန်းဆက်သွယ်မှုအပါအဝင် နယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Mohammad Suflur Rahman အား လက်ခံတွေ့ဆုံစဉ်**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲကို သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း ဦးဆောင်သော ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၂ ရက်က မော်လမြိုင်မြို့ အမှတ်(၅) တပ်မတော်ဆေးရုံ ခုတင် ၃၀၀ ၌ စုပေါင်း သွေးလှူဒါန်းရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး ကြည့်ရှုအားပေးစဉ်**
နန္ဒကျော်စွာ

# ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ လှိုင်လင်ခရိုင်ရုံး၌ ကျင်းပ

**လှိုင်လင် စက်တင်ဘာ ၂၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်က လှိုင်လင်ခရိုင်ရုံးရှိ စာကြည့်တိုက်၌ ကျင်းပခဲ့ရာ ဆုရရှိသူများကို ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ရွှေရွှေမြင့်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ လှိုင်လင်ခရိုင်အတွင်း လှိုင်လင်၊ ပင်လုံ၊ မိုင်းပွန်တို့ရှိ အထက၊ အလက၊ အမကကျောင်းများမှ ဆန်ခါတင်ဝင်ရောက်ယှဉ်ပြိုင်သူ ပုံပြောပြိုင်ပွဲတွင် ၁၁ ဦးနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ၁၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

***ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Founder and Chairman of Open Society မှ မစ္စတာ ဂျော့ချ်ဆိုးရော့စ်နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Mr. Zeid Ra’ad Al Hussein နှင့် တွေ့ဆုံဆွေးနွေးသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး** Mr.Zeid Ra’ad Al Hussein **နှင့် တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)



# သံအမတ်ကြီး ဦးဟန်သူ စပိန်ဘုရင်ထံ ၎င်း၏ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟန်သူသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် မက်ဒရစ်မြို့၌ စပိန်နိုင်ငံ ဆဋ္ဌမမြောက်ဘုရင် ဖီလစ်ပီ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

***ကျောဖုံးမှ**

Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်း၏ လူမှုရေးအသိစိတ်ဓာတ်ဖြင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အင်းဝအုပ်ချုပ်ဆိုင်တွင် အိမ်အကူ မိန်းကလေးငယ်နှစ်ဦးကို ညှဉ်းပန်းနှိပ်စက်မှုအား မိမိ၏ လုံခြုံရေးနှင့် ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ စုံစမ်းဖော်ထုတ်သတင်းရယူခဲ့မှုအပေါ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပစဉ် ပြန်ကြားရေးဝန်ကြီးဌာန



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်**

ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

သတင်းထောက်ချုပ် ဦးဆွေဝင်း၏ စုံစမ်းဖော်ထုတ်သတင်းရယူခဲ့မှု၊ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ခဲ့မှုတို့ကို လူမှုရေးအသိစိတ်ဓာတ်မြင့်မားသည့် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်သာမက စုံစမ်းထောက်လှမ်းခြင်း သတင်းအတတ်ပညာကို ထိရောက်စွာ အသုံးပြုနိုင်ခဲ့သော သတင်းသမားတစ်ဦးအနေဖြင့်ပါ လှိုက်လှဲစွာချီးကျူးလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းထောက်ချုပ် ဦးဆွေဝင်းအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ရာ သတင်းထောက်ချုပ် ဦးဆွေဝင်းက လက်ခံရယူပြီး သတင်းစာဆရာတစ်ဦး၊ နိုင်ငံသားတစ်ဦးထက် လူသားတစ်ဦးအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုဂုဏ်ပြုမှတ်တမ်းလွှာသည် အစိုးရသစ်အနေဖြင့် တရားမျှတမှုကို မြတ်နိုးပြီး မတရားမှုကို ရွံရှာစက်ဆုပ်သော အစိုးရ၊ ဥပဒေစိုးမိုးရေးနှင့် ဥပဒေမဏ္ဍိုင်ကို ခိုင်ခံ့အောင် အမှန်တကယ် ဆောင်ရွက်ချင်သည့် ဆန္ဒများရှိသည်ကို ဖော်ထုတ်ပြသခြင်းပင်ဖြစ်သည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆပါကြောင်း။

ယခုအဖြစ်အပျက်တွင် သတင်းမီဒီယာအနေဖြင့် အောင်မြင်သည့်အချက်မှာ တံခါးပိတ်အစည်းအဝေးတစ်ခုကို တက်ရောက်သတင်းရယူခွင့်၊ မှတ်တမ်းရယူခွင့်များကြောင့် ဖြစ်စဉ်တစ်ခုလုံးကို နားလည်နိုင်သည်သာမက ပြည့်စုံသည့် လွတ်လပ်စွာ ဆုံးဖြတ်သုံးသပ်နိုင်မည့် အခြေအနေမျိုးဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ သတင်းဌာနများကို အချက်အလက်ပေးရန်၊ ပိုပြီးလေ့လာခွင့်ပေးရန်၊ မိမိတို့နည်းဖြင့် မိမိတို့ သုံးသပ်ခွင့်၊ လေ့လာခွင့်၊ ဆန်းစစ်ခွင့်များရရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ရှေ့လျှောက်လုပ်မည့်၊ အရေးကြီးသည့်ကိစ္စရပ်များ မြစ်ဆုံကိစ္စရပ်အပါအဝင် ဘာကိစ္စရပ်ပဲဖြစ်ဖြစ် မိမိတို့ကို ပြီးတော့မှ သတင်းစာရှင်းလင်းပွဲလုပ်ခြင်း၊ သတင်းထုတ်ပြန်ချက်များထုတ်ပြန်ခြင်းထက် ပိုပြီးလေ့လာနိုင်အောင် မိမိတို့ကို ပိုပြီး ထဲထဲဝင်ဝင် လေ့လာခွင့်ပေးစေလိုပါကြောင်း။

ထို့ပြင် ပြင်ဆင်ထားပြီး ထုပ်ပိုးထားသည့် သတင်းအချက်အလက်များထက် မူရင်းသတင်းအချက်အလက်များ ပိုလိုအပ်ပါကြောင်း၊ တစ်ခုခုမှနေပြီး ထုတ်ပြန်ချက် စကားလုံး ၂၀၀ လောက်ဖြင့်ပေးသည်ကို မိမိတို့ ပြန်လည်သုံးသပ်ခွင့်မရှိပါကြောင်း၊ ပြီးတော့ အချက်အလက်များအားလုံးကို အပြည့်အစုံ မပေးဘဲ ကိုယ်ပြောချင်သည့် အပိုင်းများကိုသာ ပြောခြင်း၊ ထိုပြောဆိုချက်များမှာ မည်မျှမှန်ကန်သလဲဆိုပြီး သုံးသပ်နိုင်သည့် အနေအထားမရှိသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် အစည်းအဝေးများကို တက်ခွင့်မရသည့်တိုင် အစည်းအဝေး မှတ်တမ်းအပြည့်အစုံ လိုအပ်ပါကြောင်း၊ နိုင်ငံတကာတွင် လုပ်သကဲ့သို့ တချို့ကိစ္စရပ်များမှာ ချက်ချင်းမထုတ်ပြန်နိုင်သည်များ ရှိပါကြောင်း၊ အခြေအနေအကြောင်းကြောင်းကြောင့် မိမိတို့ကို အချိန်ကာလတစ်ခုကန့်သတ်ပေးပြီး နှစ်လ ကြာမလား၊ သုံးလ ကြာမလား ကန့်သတ်ပေးပြီး အချိန်ကာလတစ်ခုတွင် သတင်းအချက်အလက်များ ရရှိသည့်အတွက် ယခုကဲ့သို့ ဖော်ထုတ်နိုင်ခြင်းဖြစ်ပါကြောင်း။

မီဒီယာပိုင်းနှင့်ပတ်သက်ပြီး အစိုးရသစ်က သတင်းစာလွတ်လပ်ခွင့်ကို ပိုပြီးလုပ်ဆောင်နေသည်ကို ယုံကြည်ပါကြောင်း၊ ယခင်ကထက် မိမိတို့ သတင်းအချက်အလက်ရရှိမှု ပိုပြီး လွယ်ကူလာပါကြောင်း၊ မိမိတို့ သတင်းမီဒီယာများသည် ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ထုတ်ပြန်ချက်၊ ပြောဆိုချက် တစ်ခုတည်းဖြင့် မလုံလောက်ဘူးဆိုသည်ကို ယခုအဖြစ်အပျက်က ဖော်ပြနေပါကြောင်း၊ မိမိတို့လိုအပ်သည်မှာ မိမိတို့ကိုယ်တိုင် သတင်းရယူခွင့် မိမိတို့ကို ပေးစေလိုပါကြောင်း ပြောကြားသည်။

မိမိကို ယခုကဲ့သို့ ဂုဏ်ပြုခြင်းကို ကျေနပ်ပါကြောင်း၊ ကျေးဇူးတင်ပါကြောင်း၊ သို့သော် အဖြစ်အပျက်တစ်ခုအောင်မြင်ရန် လူတစ်ဦးတစ်ယောက်တည်း ကြိုးစားရုံဖြင့်မရပါကြောင်း၊ အမည်မဖော်ပြနိုင်သည့် သူရဲကောင်းများလည်းရှိပါကြောင်း၊ ပထမတွင် ကလေးများကို သွားတွေ့ရန် အကူအညီတောင်းခဲ့သော်လည်း အဆက်အသွယ်မရခဲ့ပါကြောင်း၊ ကော်မရှင်မှ ပြောကြားမှုများ၊ ရဲတပ်ဖွဲ့မှ ပြောကြားမှုများ၊ မိဘ၏ ပြောကြားမှုများထက် ကိုယ်တိုင်ကိုယ်ကျ ဆန်းစစ်ချင်ခဲ့ပါကြောင်း၊ ကော်မရှင်နှင့် နှစ်ဖက်မိဘများ တွေ့ဆုံသည့်နေ့တွင် လာတက်ရောက်ခဲ့သည့် ကျေးရွာအုပ်ချုပ်ရေးမှူးကိုယ်တိုင် ထိုနေ့က ဆုံးဖြတ်သွားမှုကို ကျေနပ်အားရမှုမရှိသည့်အတွက် ကလေးများနှင့် တွေ့ရန် စီစဉ်ပေးခဲ့ပါကြောင်း၊ အင်းဝအုပ်ချုပ်ဆိုင်ပိုင်ရှင်များက မလာရန်အတွက် အုပ်ချုပ်ရေးမှူးကို ဖိအားပေးခဲ့ပါကြောင်း၊ ငွေကြေးဖြင့် ညှိနှိုင်းရန် ကြိုးစားခဲ့ပါကြောင်း၊ မိမိကိုလည်း ခြိမ်းခြောက်ခဲ့ပါကြောင်း၊ ထိုအချက်များအားလုံးကို ကျော်ဖြတ်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက မိမိကို ကူညီခဲ့ပါကြောင်း၊ သူ၏သတ္တိကို ချီးကျူးချင်ပါကြောင်း၊ ၎င်းမှာ ရှာဘွားကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးမျိုးမြင့်မောင် ဖြစ်ပါကြောင်း။

နောက်တစ်ယောက် ချီးကျူးချင်သည်မှာ ရဲတပ်ဖွဲ့တွင် ပါဝင်ပတ်သက်သည့် ရဲအရာရှိဖြစ်ပါကြောင်း၊ ကနဦး မိမိ၏ တိုင်ကြားချက်ကို အကြောင်းအမျိုးမျိုးကြောင့် အချိတ်အဆက်လွဲသဖြင့် မလုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ထဲထဲဝင်ဝင် ကြိုးကြိုးစားစားဖြင့် လုပ်ဆောင်ခဲ့သည့် ရဲအရာရှိတစ်ယောက်ကို နာမည်ထုတ်ဖော်ပြောကြားချင်ပါကြောင်း၊ ၎င်းမှာ ကျောက်တံတားမြို့နယ် ရဲစခန်းမှ အမှုစစ်အရာရှိ ရဲအုပ်



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်းအား နိုင်ငံတော်သမ္မတ ချီးမြှင့်သော ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်**

ဇော်ဝင်းနိုင် ဖြစ်ပါကြောင်း၊ ၎င်းသည် ယခုဖြစ်စဉ်နှင့် ပတ်သက်ပြီး ထဲထဲဝင်ဝင် အသိဆုံးပုဂ္ဂိုလ်ဟု မိမိယူဆပါကြောင်း၊ ၎င်းကို ဒီနေရာမှနေပြီး ကျေးဇူးတင်သည်ဟု ပြောလိုပါကြောင်း။

ယခုဖြစ်စဉ်ကဲ့သို့ ဖြစ်ပေါ်လာမှ မီဒီယာက သတင်းရေး၊ အစိုးရမှ ဖြေရှင်းပေးသည် ဆိုတာထက် အလားတူဖြစ်စဉ်များ မပေါ်ပေါက်အောင် ဘယ်လိုကြိုတင်ကာကွယ်ရမလဲဟု စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ရန်ကုန်တစ်မြို့လုံးတွင် နှိပ်စက်ခံနေရသည့် အိမ်အကူမည်မျှရှိနေမလဲဆိုတာ မိမိတို့ မသိနိုင်ပါကြောင်း၊ မိမိအနေဖြင့် အကြံပြုချင်လိုသည်မှာ အသက်အရွယ်မပြည့်သေးသည့် ကလေးများ၊ ကလေးလုပ်သားများနှင့် ပတ်သက်ပြီး ဖြေရှင်းရန် အင်မတန်ခက်ခဲသည်ကို မိမိနားလည်ပါကြောင်း၊ သို့သော် အများပြည်သူ မြင်ကွင်းတွင်မရှိဘဲ ချောင်ပိတ်သည့်နေရာတွင် လုပ်ကိုင်နေရသည့် အသက်မပြည့်သေးသော ကလေးများကို ဥပဒေအရကူညီပေးပါဟု အစိုးရကို ဒီနေရာမှ တင်ပြချင်ပါကြောင်း။

ထို့ပြင် အသက်ပြည့်ပြီး အိမ်အကူများသည်လည်း အန္တရာယ်များ ကျရောက်နိုင်ပါကြောင်း၊ ကျေးရွာများမှ မြေယာဆုံးရှုံးလို့၊ ရာသီဥတုဖောက်ပြန်လို့ မြို့ကြီးကို အလုံးအရင်းဖြင့် လာခဲ့ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုဖြစ်စဉ်တစ်ခုလောက် ဖြေရှင်းရုံဖြင့် ပြီးသွားမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် အိမ်အကူများနှင့် ပတ်သက်ပြီး အားလုံးကို Register လုပ်ရမည် ဖြစ်ပါကြောင်း၊ အိမ်အကူပွဲစားများအားလုံးကို မှတ်ပုံတင်ရမည် ဖြစ်ပါကြောင်း၊ အိမ်ရှင်အားလုံး လက်ခံပါက သက်ဆိုင်ရာရဲစခန်းများ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးများက မှတ်ပုံတင်လုပ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းကို ယခုထက်ပိုပြီးစစ်ဆေးနိုင်သည့် ကောင်းမွန်သော ယန္တရားများ တည်ဆောက်ရမည်ဖြစ်ပါကြောင်း။

ယခုဖြစ်စဉ်နှင့်ပတ်သက်ပြီး ထိထိရောက်ရောက် ဥပဒေကြောင်းအရ ပြည့်ပြည့်ဝဝအရေးယူပေးစေလိုပါကြောင်း၊ လတ်တလောသွေးဆူပြီးနောက်ပိုင်း ငြိမ်ကျသွားတာမျိုး မဟုတ်ဘဲ ဥပဒေလမ်းကြောင်းတွင် လျင်လျင်မြန်မြန် လုပ်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေလမ်းကြောင်း မလျင်မြန်လျှင် ခံရတာတွေ အများကြီးရှိပါကြောင်း၊ ထိရောက်ရမည်၊ လျင်မြန်ရမည်၊ တိကျရမည်ဖြစ်ပါကြောင်း၊ စွပ်စွဲခံရသူရော ကျူးလွန်သူ နှစ်ဖက်လုံးက တရားဥပဒေ၏ စီရင်ခြင်းကို ထိထိရောက်ရောက် ရရှိအောင် လုပ်ပေးပါဟု အစိုးရကို မိမိတင်ပြချင်ပါကြောင်း ဦးဆွေဝင်းက ပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာတွင် Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်းသည် မိမိ၏ လုံခြုံရေးနှင့် ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ လူသားချင်းစာနာထောက်ထားမှုကို ရှေးရှု၍ လူမှုအကျိုးပြုကိစ္စရပ်အား စွန့်စားဆောင်ရွက်ပေးခဲ့သည့်အတွက် နိုင်ငံတော်သမ္မတက အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ဦးဆွေဝင်းကဲ့သို့ မှန်ကန်သည့်ဘက်မှ ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ စွန့်စားဆောင်ရွက်ပေးသော ပုဂ္ဂိုလ်များ နိုင်ငံအတွင်း ပေါ်ထွက်လာမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်ဟု ဖော်ပြပါရှိသည်။
**(သတင်းစဉ်)**

**❑ ကျောဖုံးမှ**

ပါဝင်လက်မှတ်ရေးထိုးထားပြီး နိုင်ငံပေါင်း ၁၆၆ နိုင်ငံက အတည်ပြုပါဝင် (Ratification) ထားပြီးဖြစ်သည်။ အဆိုပါ ချိုကလီးယားလက်နက် စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် နျူကလီးယားလက်နက် မပြန့်ပွားရေးနှင့် နျူကလီးယားလက်နက် ဖျက်သိမ်းရေးတို့ကို ထောက်ခံအားပေးကြောင်း နိုင်ငံတကာသို့ ထပ်လောင်းအတည်ပြုပြသနိုင်ခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရသည်။
**(သတင်းစဉ်)**

**● ကျောဖုံးမှ**

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ သွင်းကုန်ဌာန (ဒုတိယထပ်)တွင် ရယူနိုင်ပါသည်။ ချေးငွေရယူမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအား အသေးစိတ်သိရှိရန် တွေ့ဆုံမေးမြန်းလိုပါက ဦးဆောင်ညွှန်ကြားရေးမှူးထံ လိပ်မူ၍ (၃)ရက် ကြိုတင်၍ တွေ့ဆုံခွင့်တောင်းခံနိုင်ကြောင်း သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

*(ယမန်နေ့မှအဆက်)*

၁၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၀ ၏ အောက်တွင် ပုဒ်မ ၃၁ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၃၁။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ပုဒ်မ ၂၇၊ ၂၈၊ ၂၉၊ ၃၀ တို့အရ အခွန်အခများကို ပေးဆောင်ပြီးသည့်အခါ ယင်း ကျောက်မျက်ရတနာရောင်းချခြင်းနှင့် စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ရှိစေရမည်။"**

၁၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် -

(က) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)ကို အောက်ပါ အတိုင်း အစားထိုးရမည် -

**"(၂) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရဌာန အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊"**

(ခ) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅)ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"(၅) ကျောက်မျက်ရတနာနှင့် သက်ဆိုင်သော အသင်းအဖွဲ့များမှ ရွေးကောက်တင်မြှောက်ထားသောကိုယ်စားလှယ်(၃)ဦး၊"**

၁၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဇ)ကို အောက်ပါ အတိုင်းအစားထိုးရမည် -

**"(ဇ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရတနာခွန်များ အပြည့်အဝပေးဆောင်စေရန် အထောက်အကူပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို ဗဟိုကျောက်မျက်ရတနာကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကျင်းပစေခြင်းနှင့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် နယ်စပ်ကုန်သွယ်ရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်၏ကြီးကြပ်မှုဖြင့်ကျင်းပခွင့်ပြုခြင်း၊"**

၁၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဈ)၏ အောက်တွင် ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"(ည) ကျောက်မျက်နည်းပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ဈေးများ၊ ကျောက်မျက်ပြတိုက်များအား ဖွင့်လှစ်ပေးခြင်း။"**

၁၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဂ)၏ အောက်တွင် ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**"(ဃ) အထက်ပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စစ်ဆေးရာတွင် MEITI အပါအဝင် ဒေသခံပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။"**

၁၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

**"၅၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာရောင်းချခြင်းလုပ်ငန်းကို လည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။"**

၁၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"၅၃။ ဤဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းချက်များ သတ်မှတ်လျက်မည်သည့် ကုမ္ပဏီ သို့မဟုတ် မည်သည့် ပုဂ္ဂိုလ်ကိုမဆို"**

---

**Theme for 37th General Assembly of ASEAN Inter-Parliamentary Assembly (AIPA)**

**"Vibrant AIPA for a progressive ASEAN Community"**

**"အာဆီယံအသိုက်အဝန်းတိုးတက်ထွန်းကားရေး အာဆီယံပါလီမန်များညီလာခံက တက်ကြွလှုပ်ရှားပေး"**

---

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင်မူ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

---

# သတင်းသမားတွေဟာ သိရှိတဲ့ကိစ္စလေးမည်မျှပင်သေးငယ်ပါစေ ထဲထဲဝင်ဝင်ဆန်းစစ်နိုင်ရင် ကိစ္စကြီးတစ်ခုလုံးကိုင်တွယ်နိုင်တယ်

**နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခံရသည့် Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားအပြီးတွင် သတင်းမီဒီယာများက သိလိုသည်များကို မေးမြန်းရာ ဦးဆွေဝင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**မေး ။ အိမ်အကူ မိန်းကလေးငယ်နှစ်ဦးကို ညှဉ်းပန်းနှိပ်စက်မှုနဲ့ ပတ်သက်ပြီး ဖော်ထုတ်တဲ့အခါမှာ ကိုယ်ကိုယ်တိုင်အန္တရာယ်ရှိလာနိုင်မလားဆိုပြီး တွေးမိပါသလား။ ဘယ်စိတ်ဓာတ်မျိုးနဲ့ ဖော်ထုတ်ရေးသားခဲ့ပါသလဲ။**

ဖြေ ။ ကျွန်တော်တွေးမိပါတယ်။ အန္တရာယ်မကျရောက်အောင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေရဲ့ အကူအညီတွေကို ရယူဖို့ကြိုးစားခဲ့တယ်။ ဒါပေမယ့် ကော်မရှင်က ဆုံးဖြတ်ပြီးတဲ့အခါမှာ ဒါဟာမျှတမှုမရှိတဲ့ ဆုံးဖြတ်ချက်၊ တရားဥပဒေမရှိတဲ့ ဆုံးဖြတ်ချက်ဆိုပြီးတော့ ကိုယ့်ရဲ့လုံခြုံရေးကို မငဲ့ကွက်ဘဲနဲ့ ဆောင်ရွက်ရတဲ့အနေအထားကို ရောက်ခဲ့ပါတယ်။ ကော်မရှင်ကနေပြီးတော့ ကလေးမိဘတွေနဲ့ ကျွန်တော့်ကို ဖိတ်ခေါ်တဲ့အခါ ကျွန်တော်ရောက်လို့ရှိရင် အသက်အန္တရာယ်ဖြစ်နိုင်တာပဲလို့စဉ်းစားမိပါတယ်။ ဒါပေမယ့် ဒီကလေးမိဘတွေက တောရွာကနေတက်လာတယ်။ မြို့ကြီးပြကြီးကို တော်ရုံရောက်ဖူးမှာမဟုတ်ဘူး။ ဒီလိုအခြေအနေမှာ ဒီလိုကြီးကျယ်တဲ့အမှုကြီးကို ဒီကလေး မိဘတွေက ဘယ်လိုဆုံးဖြတ်ကြမလဲ၊ ကော်မရှင်က ဘယ်လိုဆုံးဖြတ်ချက်ချမလဲဆိုတာကို စိတ်ဝင်စားတယ်။ အင်မတန်စိုးရိမ်ပူပန်မှုရှိတယ်။ ဒါကြောင့်မို့ ကော်မရှင်ရုံးကို သွားလိုက်တယ်။ အစည်းအဝေးကို မတက်ဘဲနဲ့အခြေအနေကို လေ့လာဖို့ ဆုံးဖြတ်ခဲ့တယ်၊ လေ့လာတဲ့အချိန်မှာ ကလေးမိဘတွေက ကျေးလက်ကတက်လာပြီး အင်မတန်ကို ရိုးသားပြီးတော့ မျက်စိသငယ်၊ နားသငယ်ဖြစ်နေတဲ့အချိန် သူတို့နဲ့ပတ်သက်ပြီးတော့မှ တစ်စုံတစ်ရာ ဥပဒေအကြံပေးတာတွေ၊ ကူညီမယ့်သူမရှိဘဲနဲ့ ဖြေရှင်းရတော့မယ်ဆိုတာ သိလိုက်ရတဲ့အချိန်မှာ ကိုယ့်အတွက်ကို မငဲ့ကွက်နိုင်ဘဲနဲ့ ဝင်ပြီးတော့ အစည်းအဝေးကို တက်ရောက်ခဲ့တယ်။ ဒီအစည်းအဝေးရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်တဲ့အတွက်ကြောင့် ကလေးငယ်တွေကို ကိုယ်တိုင်သွားတွေ့တယ်၊ ဒါကို သတင်းရေးသားဖြစ်သွားတာပါ။

**မေး ။ အခုရော လုံခြုံရေးအခြေအနေက ထူးခြားမှုရှိပါသလား။**

ဖြေ ။ အခုထူးခြားမှုမရှိပါဘူး၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေကလည်း ကျွန်တော့်ရဲ့လုံခြုံရေးကို အပြည့်အဝစောင့်ရှောက်ထားပါတယ်၊

**မေး ။ ဒီအမှုနဲ့ပတ်သက်ပြီးတော့ ဘယ်လိုမျိုးဖြစ်စေချင်ပါသလဲ။**

ဖြေ ။ ဒီအမှုကအင်မတန်ကြီးမားတဲ့ ရာဇဝတ်မှုကြီးပါ။ သာမန်ရာဇဝတ်မှုတောင် မဟုတ်ပါဘူး။ သာမန်လုယက်မှု၊ သာမန်လူသတ်မှု၊ ဒါမျိုးတွေထက် ကျော်ပါတယ်။ အသက်မပြည့်သေးတဲ့ ၁၁ နှစ်အရွယ်၊ ၁၂ နှစ်အရွယ် ကလေးငယ်တွေကို ခေါ်ပြီးတော့မှ ညှဉ်းပန်းနှိပ်စက်နေတယ်၊ ရက်ရက်စက်စက်ကို ညှဉ်းပန်းနှိပ်စက်တယ်၊ ကျွန်ပြုတယ်။ အိမ်တစ်အိမ်မှာ မိဘတွေနဲ့တွေ့ခွင့်မပေးတော့ဘဲ ဖမ်းဆီးချုပ်နှောင်လိုက်ပြီဆိုတော့ ဒါကျွန်ပြုလိုက်တာပါပဲ။ ကလေးငယ်တွေရဲ့လုပ်အားကို ခေါင်းပုံဖြတ်တယ်။ တစ်ပြားတစ်ချပ်မှမပေးဘဲ ဒီလိုလုပ်ဆောင်တယ်ဆိုတော့ ဒါအင်မတန်ကြီးလေးတဲ့ ရာဇဝတ်မှုကြီးတွေ ဖြစ်တယ်ဆိုတာကိုလည်း ရဲတပ်ဖွဲ့က အခိုင်အမာ ဖော်ပြထားပါတယ်။ ပြီးတော့ ရဲတပ်ဖွဲ့က ဥပဒေလမ်းကြောင်းအတိုင်း အရေးယူသင့်ပါတယ်ဆိုပြီးတော့ အတိအလင်းကို အစီရင်ခံစာမှာပါပါတယ်။ ဒါကို ကော်မရှင်ကနေ ဆောင်ရွက်ရမှာက ဒီလောက်ကြီးလေးတဲ့ ရာဇဝတ်မှုကို ဥပဒေလမ်းကြောင်းအရ ကျေအေးပေးလို့ရတဲ့ ရာဇဝတ်မှုမဟုတ်တဲ့အတွက်ကြောင့် ရဲဌာနက အကြံပြုသည့်အတိုင်းလုပ်ဆောင်သင့်တဲ့အတွက် ထောက်ခံပါတယ်လို့ပြန်ပြောရမှာပါ။ ဒီကိစ္စကို ညှိနှိုင်းတဲ့အခါမှာလည်း ရဲဌာနရဲ့အကြံပြုချက်ကို အရေးယူစဉ်းစားတာ မရှိဘူး။ ကျွန်တော်က ထပြီးကန့်ကွက်တယ်၊ ကာယကံရှင်တွေနဲ့ ကလေးမိဘတွေနဲ့ ညှိနှိုင်းခိုင်းတဲ့အခါမှာ ကန့်ကွက်တယ်။ သိန်းပေါင်းတစ်သောင်း ပေးရင်တောင်မှ ကျေအေးလို့ရတဲ့ အမှုမျိုး မဟုတ်ဘူး။ ဒါကို ဥပဒေလမ်းကြောင်းအတိုင်းသာ ဖြေရှင်းသင့်ပါတယ်လို့ ကျွန်တော်ကပြောတဲ့အခါ ကော်မရှင်အဖွဲ့ဝင်ဦးဇော်ဝင်းက ကာယကံရှင်မဟုတ်လို့ မပြောပါနဲ့လို့ ပိတ်ပင်ခဲ့တယ်။ ဒါနဲ့ ကလေးမိဘတွေကို စာနဲ့ရေးပြီး ပြောတယ်။ ကလေးမိဘတွေက စာမဖတ်တတ်ဘူး ဖြစ်နေတယ်။

**မေး ။ လွှတ်တော်မှာလည်း ကော်မရှင်အဖွဲ့ဝင်တချို့ကို အရေးယူဖို့ အရေးကြီးအဆို တင်သွင်းတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီး သဘောထားလေး သိချင်ပါတယ်။**

ဖြေ ။ လူ့အခွင့်အရေးကော်မရှင်ကို ဖျက်သိမ်းဖို့တော့ သဘောမတူပါဘူး။ လူ့အခွင့်အရေးကော်မရှင်က ရှိသင့်ပါတယ်။ ဒါပေမယ့် လူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ပြီးတော့ အမြန်ဆုံးပြန်လည်ဖွဲ့စည်းရမယ်။ ဘယ်လိုဖွဲ့စည်းရမလဲဆိုတော့ နံပါတ် (၁) လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး တကယ်ကို စိတ်ကောင်းစေတနာနဲ့ အမှန်တကယ်လုပ်ဆောင်ခဲ့တဲ့ သမိုင်းကြောင်း ရှိ/ မရှိကို လေ့လာပြီးတော့ ဆုံးဖြတ်ရမယ်။ နောက်တစ်ခါ ဒါနဲ့ပတ်သက်ပြီး လုပ်နိုင်တဲ့ အမှန်တကယ် အရည်အချင်း ရှိ/မရှိ ကို ဆုံးဖြတ်ရမယ်။ အရေးကြီးဆုံးအချက်ကတော့ အကျိုးစီးပွား ပဋိပက္ခရှိသလား။ အရင်က ဘယ်ရာထူးတွေမှာ ထမ်းဆောင်ခဲ့ပြီးတော့ အခု လုပ်ဆောင်နေရတဲ့အလုပ်နဲ့ ဘယ်လိုအကျိုးစီးပွားရှိနိုင်သလဲ။ အကျိုးစီးပွား ပဋိပက္ခမရှိတဲ့ပုဂ္ဂိုလ်၊ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေ၊ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီးတော့ စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်တယ်လို့ တကယ့်ကို ခိုင်မာတဲ့ မှတ်တမ်းရှိတဲ့ လူတွေကို ရွေးချယ်ရမယ်။ ရွေးချယ်တဲ့အခါမှာ နိုင်ငံတော်သမ္မတက ရွေးချယ်ရုံနဲ့ မလုံလောက်ပါဘူး။ လွှတ်တော်မှာတင်ပြပြီးတော့မှ မဲခွဲရမယ်၊ အတည်ပြုရမယ်။ ဒီလို အဆင့်ဆင့်သွားပြီးတော့မှ ဆုံးဖြတ်တာမျိုးကို လုပ်စေချင်ပါတယ်ခင်ဗျာ။

**ဒီအမှုကအင်မတန်ကြီးမားတဲ့ ရာဇဝတ်မှုကြီးပါ။ သာမန်ရာဇဝတ်မှုတောင် မဟုတ်ပါဘူး။ သာမန် လုယက်မှု၊ သာမန်လူသတ်မှု၊ ဒါမျိုးတွေထက် ကျော်ပါတယ်။**

**လူ့အခွင့်အရေးကော်မရှင်ကို ဖျက်သိမ်းဖို့တော့ သဘောမတူပါဘူး။ လူ့အခွင့်အရေးကော်မရှင်က ရှိသင့်ပါတယ်။ ဒါပေမယ့် လူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ပြီးတော့ အမြန်ဆုံးပြန်လည်ဖွဲ့စည်းရမယ်။**

**မေး ။ ဒီလို လုပ်ဆောင်မှုနဲ့ ပတ်သက်လို့ ဘဝတူသတင်းသမားတွေကိုရော ဘာများ ပြောချင်ပါသလဲ။**

ဖြေ ။ ကျွန်တော်တို့သတင်းသမားတွေဟာ မတရားမှုအားလုံးကိုလိုက်ပြီး ဆန်းစစ်လေ့လာနိုင်တဲ့ အနေအထားမရှိဘူး။ ဒီလိုမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့တွေ့ရှိလိုက်တဲ့၊ သိရှိလိုက်တဲ့ကိစ္စလေး မည်မျှပင်သေးငယ်နေပါစေ၊ အဲ့ဒီသေးငယ်တဲ့အမှုကို သေသေချာချာထဲထဲဝင်ဝင်ဆန်းစစ်နိုင်မယ်ဆိုရင် ဒါနဲ့ဆက်စပ်တဲ့ ကိစ္စကြီးတစ်ခုလုံးကို ကိုင်တွယ်နိုင်တယ်ဆိုတာကို ကျွန်တော်တို့ သင်ခန်းစာရတာပဲ။ ကျွန်တော်ကိုယ်တိုင် သင်ခန်းစာရတာပဲလို့ ပြောချင်ပါတယ်။

**မေး ။ ဒီအမှုဖြစ်စဉ်အပေါ်မှာ စတင်သိရှိပြီး ဆောင်ရွက်မှုလေးတွေကို သိချင်ပါတယ်။**

ဖြေ ။ ကျွန်တော်တို့သတင်းဌာနကရေးတဲ့ ဆောင်းပါးတွေဟာ လူ့အခွင့်အရေး ချိုးဖောက်မှု၊ သဘာဝသယံဇာတ ဆုံးရှုံးပျက်စီးမှု၊ အာဏာပိုင်အဖွဲ့အစည်းတွေ၊ ငွေကြေး အင်အားရှိတဲ့လူတွေရဲ့ ခြစားမှုတွေ၊ ဖောက်ပြန်မှုတွေ၊ အလွဲသုံးစားလုပ်မှုတွေ ဒါတွေကို အဓိက ဇောင်းပေးပြီးတော့ ရေးတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အိမ်အကူတွေနဲ့ပတ်သက်ပြီးတော့ အခြေအနေတွေ၊ ဥပဒေအရ အကာအကွယ်မဲ့နေတဲ့အခြေအနေကို ဆောင်းပါးရေးလိုက်တယ်။ ဒီဆောင်းပါးနဲ့ပတ်သက်ပြီးတော့ သိရှိပြီးတော့ အမျိုးသားတစ်ဦးကနေ ဆက်သွယ်လာတယ်။ ဒီအမျိုးသားက ဒီအင်းဝအပ်ချုပ်ဆိုင်ထဲကို အဝင်အထွက်ရှိတဲ့ အမျိုးသားပါ။ ကလေးငယ်တွေ နှိပ်စက်ခံရတာ နှစ် လကြာနေပြီ။ လာကယ်ပါဆိုပြီးတော့ အကြောင်းကြားလို့ ဆိုင်ကို သွားပြီး စုံစမ်းတယ်။ စုံစမ်းတော့ ကလေးငယ်တွေ တွေ့ခဲ့တယ်။ ဒဏ်ရာတွေနဲ့ တွေ့ခဲ့တယ်။ ဒါကို ဓာတ်ပုံရိုက်ဖို့ ကြိုးစားပြီးတော့ ဓာတ်ပုံမှတ်တမ်းနဲ့ ရဲဌာနကို သွားတိုင်လိုက်ပါတယ်။ ဒါပါပဲ။

**(သတင်းအဖွဲ့)**

# ကြောင်မှတစ်ဆင့် လူကိုကူးစက်တတ်သောရောဂါများ

ဒေါက်တာ ခင်စန်းမော်

**ကမ္ဘာပေါ်တွင် အိမ်မွေးအချစ်တော်အဖြစ် မွေးမြူကြသော တိရစ္ဆာန်အမျိုးမျိုးရှိသည့်အနက် ကြောင်သည် လူကြိုက်အများဆုံး အိမ်မွေးတိရစ္ဆာန်ဖြစ်လေသည်။ အိမ်မွေးကြောင်များသည် ခွေးများကဲ့သို့ အမိန့်နာခံတတ်သော သတ္တဝါများမဟုတ်ကြ၊ လေ့ကျင့်သင်ကြားပေးသော်လည်း မလိုက်နာကြပေ။ သို့သော် သူတို့၏ အသက်ရှင်သန်မှုအတွက် လူတို့ကို မှီခိုစရာမလိုဘဲ လွတ်လပ်စွာ ရပ်တည်နိုင်ကြသည်။ ဤအချက်သည် လေးစားအထင်ကြီးစရာ အရည်အချင်းတစ်ခုဖြစ်နေသောကြောင့် ကြောင်သည် လူကြိုက်အများဆုံး အိမ်မွေးတိရစ္ဆာန်ဖြစ်ရပေသည်။**

ကြောင်မျိုးနွယ်ဝင်များထဲတွင် ခြင်္သေ့နှင့်ကျားတို့ကဲ့သို့ မာန်ဖီဟိန်းဟောက်တတ်သည့်သတ္တဝါများမှစပြီး အိမ်မွေးကြောင်ကဲ့သို့ အရွယ်အစားသေးငယ်သော ကြောင်များလည်း ပါဝင်သည်။ အရွယ်အစားအကြီးအသေးကွာခြားမှုကြောင့်မဟုတ်ဘဲ ခန္ဓာဗေဒဖွဲ့စည်းပုံ ကွဲပြားခြားနားကြသောကြောင့် မျိုးစိတ်များစွာ ကွဲပြားကြသည်။ ၁၉၀၀ ပြည့်နှစ်များ၏ အစောပိုင်း ကာလများ၌ ကြောင်မျိုးရင်းထဲတွင် ကြောင်မျိုးစု (Species)ပေါင်း ၂၃၀ ကျော်ရှိခဲ့သည်။

အိမ်မွေးကြောင်အားလုံးတို့သည် အရွယ်အစားကြီးမားသော တောရိုင်းနွယ်ဝင်ကြောင်များမှ ဆင်းသက်လာကြသည်။ ယခုခေတ်အိမ်မွေးကြောင်များအနက် မျိုးစစ်ကြောင်များတွင်ဖြစ်စေ၊ မျိုးစပ်ကြောင်များတွင်ဖြစ်စေ တောရိုင်းနွယ်ဝင်ကြောင်များ၏ မျိုးရိုးဗီဇလက္ခဏာကို တွေ့ရှိနေရဆဲဖြစ်သည်။

အစောဆုံး သမိုင်းအထောက်အထားများအရ ရှေးဟောင်းအီဂျစ်ပြည်တွင် အိမ်မွေးကြောင်များရှိကြောင်း တွေ့ရှိရပေသည်။ ရှေးဟောင်းအီဂျစ်ပြည်တွင် ကြောင်ကို ဘုရားတစ်ဆူသဖွယ် ကိုးကွယ်ကြပြီး ကြောင်တစ်ကောင်ကို သတ်မိသည့် ပြစ်မှုကျူးလွန်လျှင် သေဒဏ်ပေးခြင်းခံရတတ်သည်။ ဖာရိုဘုရင်မင်းမြတ်များ နတ်ရွာစံသောအခါ ကြောင်များကိုလည်း မံမီရုပ်များအဖြစ် နှစ်ပေါင်းများစွာ မပုပ်မသိုးအောင် ဆေးစီရင်ကြပြီး ဘုရင်မင်းမြတ်နှင့်အတူ မြှုပ်နှံခဲ့ကြသည်။ ထိုမံမီကြောင်ရုပ်များမှတစ်ဆင့် အစောဆုံးအိမ်မွေးကြောင်များ၏ဘဝကို လေ့လာနိုင်ခဲ့ကြသည်။ လန်ဒန်မြို့ရှိ ဗြိတိသျှသမိုင်းပြတိုက်တွင် ပိရမစ်တူးဖော်ရာမှ သိမ်းယူရရှိသည့် ပစ္စည်းများကို ခင်းကျင်းပြသထားရာ ဆေးစီရင်ထားသော မံမီကြောင်ရုပ်များစွာ ပါဝင်ကြောင်း တွေ့ရှိရပေသည်။ ထိုကြောင်အားလုံးမှာ အရွယ်အစားသေးငယ်၍ အမွေးတိုပြီး အမွေးကအညိုရောင်ဖြစ်သည်။ ယခုအခါ Abyssinian ဟု ခေါ်တွင်သော ကြောင်အမျိုးအနွယ်နှင့်ဆင်တူနေသည်။

တစ်ချိန်တစ်ခါက ဘုရားသခင်ကဲ့သို့ ကိုးကွယ်ခံရသောကြောင်များ၏ဘဝသည် အလယ်ခေတ်ကာလကို ရောက်သောအခါ ပင်လယ်ဒီရေလို အတက်အကျ ပြောင်းလဲသွားသည်။ ကြောင်များကို စုန်း၊ မှော်ပညာသည်များ၏ အဖော်အဖြစ်တွေ့ရသောကြောင့် မှော်ပညာရှင်နှင့် ကြောင်ကိုပါ မီးရှို့သတ်ဖြတ်ပစ်ကြသည်။ ကြောင်မည်းသို့မဟုတ် အနက်ရောင်ကြောင်သည် မှော်ပညာရှင်၏ အတတ်ပညာလက်ဖွဲ့အဖြစ် ဆက်နွှယ်နေသယောင်စွဲလမ်းယုံကြည်ယူဆကြသည်။ အချို့လူများက ကြောင်နက်အားကံကောင်းစေသော အဆောင်တစ်ခုသဖွယ် ယုံကြည်ကြသည့်တိုင်အောင် ခရီးလမ်းကြောင်း၏ရှေ့မှာ ကြောင်နက်တစ်ကောင်ကန့်လန့်ဖြတ်ပြေးသွားပါက မကောင်းသောအတိတ်နိမိတ်ဟု ယူဆကြလေသည်။

လှေငယ်များခေတ်မှ ကြီးမားသောသင်္ဘောများတည်ဆောက်လာနိုင်ကြသောအခါ ခရီးသွားလာရေးနယ်ပယ်ပိုမိုကျယ်ပြန့်လာသည်။ ယင်းသည် ကြောင်များ၏ အနာဂတ်ဘဝကို တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေခဲ့သည်။ ကြောင်များသည် ကြွက်ဖမ်းရာတွင် အလွန်တော်သောကြောင့် သင်္ဘောအများစုပေါ်တွင် ကြောင်ကို မွေးမြူကြသည်။ သင်္ဘောခရီးတိုင်းတွင် ကြောင်များကို သယ်ဆောင်သွားကြသည်။ ကြောင်များသည် ထွက်ပြေးလွတ်မြောက်နိုင်သော တိရစ္ဆာန်ဖြစ်သည့်အတွက် သင်္ဘောပေါ်မှာပါလာသောကြောင်များ ပျောက်ဆုံးသွားသောအခါ သင်္ဘောဆိုက်ရောက်ရာနေရာရှိ ဒေသခံကြောင်များကို အစားထိုးပြီး ယူဆောင်လာကြသဖြင့် ကြောင်မျိုးနွယ်များ ပျံ့နှံ့လာပေသည်။

ကြောင်၏အမွေးအမျိုးအစားနှင့် အတိုအရှည်သည် ထိုကြောင်မျိုးနွယ်ဆင်းသက်လာရာ အရပ်ဒေသအပေါ်မူတည်၍ ကွဲပြားခြားနားသည်။ Scottish Wild Cat သည် စကော့တလန်ပြည်၏ ဆောင်းရာသီတွင် ပူနွေးသောအနွေးဓာတ်ထွက်မသွားအောင် ထိန်းပေးနိုင်ရန် ထူထဲသိပ်သည်းသော အမွေးအမျိုးအစားရှိ Persian Cat နှင့် Angora Cat တို့သည် အီရန်နှင့် တူရကီနိုင်ငံ ကုန်းမြင့်ဒေသမှဆင်းသက်လာ၍ ရှည်လျားသော အမွေးအမျိုးအစားကို ပိုင်ဆိုင်ကြသည်။ ထိုနိုင်ငံများ၌ တောင်ထူထပ်သောကြောင့် ညပိုင်းတွင်လည်းကောင်း၊ ဆောင်းတွင်းကာလတွင်လည်းကောင်း အလွန်ချမ်းအေးလေ့ရှိရာ ကြောင်၏ရှည်လျားသောအမွေးများက အနွေးထည်ကဲ့သို့ နွေးထွေးစေခဲ့သည်။ Siamese Cat ခေါ် ယိုးဒယားကြောင်များမှာ ဖျော့တော့တော့အရောင်နှင့် ပိုးချည်ကဲ့သို့ နူးညံ့သောအမွေးကို ပိုင်ဆိုင်ကြ၍ ရာသီဥတုပူပြင်းချိန်တွင် ခန္ဓာကိုယ်ကို အလွယ်တကူအေးမြစေနိုင်သည်။

ကမ္ဘာပေါ်ရှိ ဒေသအသီးသီးမှ ကြောင်များကို လွန်ခဲ့သောရာစုနှစ်ပေါင်းများစွာကပင် တစ်နိုင်ငံမှတစ်နိုင်ငံသို့ တင်သွင်းကြသည်။ တင်ပို့ကြသည်။ သူတို့၏ မျိုးရိုး၊ သူတို့၏ အမွေးအမျိုးအစားသည် ရောက်ရှိသွားသောဒေသ၏ ရာသီဥတုနှင့် ကိုက်ညီမှုမရှိသည့်တိုင်အောင် ကြောင်၏ပင်ကိုသဘာဝအရည်အချင်းကြောင့် ကမ္ဘာပေါ်ရှိ မည်သည့်နေရာဒေသတွင်မဆို အသက်ရှင်သန်ရပ်တည်နိုင်ကြပေသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားမှ မျိုးစစ်မျိုးမှန်ကြောင်များကို ဝယ်ယူပြီး ကာကွယ်ဆေးမှန်မှန်ထိုးကာ စနစ်တကျ မွေးမြူသူများရှိကြပါသည်။ အိမ်မွေးကြောင်များကို မွေးမြူထားကြသူများအနက် အချို့က တိုက်ခန်းထဲမှာ လုံခြုံစွာ မွေးမြူကြပြီး အချို့က ခြံဝင်းထဲမှာ လုံခြုံစွာ မွေးမြူကြသည်။ အများစုက အိမ်သို့ အလေ့ကျရောက်လာသော ကြောင်များကို အစာကျွေးရင်း လွတ်လပ်စွာ မွေးမြူထားကြသူများဖြစ်နေပါသည်။

> **လူတို့၏ ကျန်းမာရေးနှင့် ဆက်နွှယ်နေသော တိရစ္ဆာန်ရောဂါများရှိနေသည်ကို သတိပြုသင့်လှပါသည်။ ထိုရောဂါများကို သိရှိထားခြင်းသည် အိမ်မွေးကြောင်များမှ လူသို့ ရောဂါကူးစက်မှုမရှိစေရန် ကြိုတင်ကာကွယ်ခြင်းအတွက် များစွာအသုံးဝင်လှသည်။**

ထိုလူအများစုတွင် အခြေခံကျန်းမာရေးဗဟုသုတ မရှိသေးသူများ ပါဝင်ကြသည်။ အချို့က အိမ်မွေးကြောင်ချစ်သူများမဟုတ်ကြ၊ ပိုင်ရှင်အဖြစ် အစစအရာရာ တာဝန်ယူပြီး မွေးမြူလိုသူများ မဟုတ်ကြ။ ကြင်နာသနားစိတ်ကြောင့် တစ်လုတ်တစ်ဆုပ်ကျွေးထားရင်း ကယ်ဆယ်ထားသူများဖြစ်ကြသည်။ လွတ်လပ်စွာ လှည့်လည်သွားလာခွင့်ပြုထားသော ကြောင်များသည် အစာစားချိန်ရောက်မှ ပြန်လာတတ်ကြသည်။ အချို့က ခဏတစ်ဖြုတ်သာ အပြင်ထွက်ကြသည်။ အချို့ကြောင်များက အနီးပတ်ဝန်းကျင်ရှိ အိမ်များသို့ လှည့်လည် စားသောက်လေ့ရှိပြီး တစ်ခါတစ်ရံ ရက်အနည်းငယ်ခန့် ပျောက်ဆုံးနေတတ်သည်။ မိမိအိမ်မှာမြဲနေရာမှ အခြားအိမ်သို့ ရွှေ့ပြောင်းအခြေချသွားတတ်သလို အချို့ကတော့ လုံးဝအစအနပျောက်သွားကြသည်။

မည်သို့ပင်ဖြစ်စေ လူတို့၏ ကျန်းမာရေးနှင့် ဆက်နွှယ်နေသော တိရစ္ဆာန်ရောဂါများရှိနေသည်ကို သတိပြုသင့်လှပါသည်။ ထိုရောဂါများကို သိရှိထားခြင်းသည် အိမ်မွေးကြောင်များမှ လူသို့ ရောဂါကူးစက်မှုမရှိစေရန် ကြိုတင်ကာကွယ်ခြင်းအတွက် များစွာ အသုံးဝင်လှသည်။ အိမ်မွေးကြောင်များမှ လူကို ကူးစက်နိုင်သောရောဂါများမှာ အောက်ပါအတိုင်းဖြစ်ကြသည်။

**သန်လုံးကောင်**

သန်လုံးကောင်သည် ကြောင်၏ အူလမ်းကြောင်းတစ်လျှောက်တွင် နေထိုင်သည်။ သန်လုံးကောင်စွဲကပ်လျှင် ကြောင်သည် အစာစားသော်လည်း တဖြည်းဖြည်းပိန်လာမည်။ အရေပြားပေါ်ရှိ အမွေးအမှင်တို့ စောင်းလာမည်။ ဝမ်းဗိုက်မှာ ရေအိုးပုံသဏ္ဌာန်ကဲ့သို့ဖောင်းလာပြီး အာဟာရချို့တဲ့လာမည်။ ကြောင်ကလေးများတွင် သန်ကောင်စွဲကပ်ပါက ဝမ်းပျက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ အော့အန်ခြင်း၊ သွေးအားနည်းခြင်းတို့ကို တွေ့မြင်ရမည်။ သန်လုံးကောင်၏ဥများသည် ဝမ်းသွားသောအခါ ပါလာတတ်သည်။ ထို့ကြောင့် ကြောင်၏အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ရန် အရေးကြီးလာသည်။ ကလေးငယ်များသည် ကြောင်များနှင့် လက်ပွန်းတတီးနေတတ်သောကြောင့် ကြောင်အညစ်အကြေးထဲတွင် ပါလာသော သန်းဥများသည်ကလေး၏လက်မှတစ်ဆင့် အစာအိမ်နှင့် အူလမ်းကြောင်းအတွင်းသို့ဝင်ရောက်ပြီး သန်ကောင်ရောဂါစွဲကပ်နိုင်ပေသည်။

**သန်ပြားကောင်**

ကြောင်၏စအိုဝတွင် ဆန်စေ့သဏ္ဌာန် အဖြူစေ့လေးများကပ်တွယ်နေခြင်းသည် သန်ပြားကောင်စွဲကပ်နေကြောင်း သိရှိနိုင်သည့်လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ ထိုအဖြူစေ့ကလေးများသည် သန်ပြားကောင်၏ အဆစ်အပိုင်းများဖြစ်ကြပြီး အဆစ်တစ်ခုစီသည် သန်ပြားကောင်၏ ဥများစွာကိုသယ်ဆောင်ထားကြသည်။ ကြောင်၏လှေးများ(Flea) သည်သန်ပြားကောင်၏ဘဝစက်ဝန်းတွင် ကြားခံသယ်ဆောင်သူအဖြစ် ဆောင်ရွက်သည်။ ထို့ကြောင့် သန်ပြားကောင်ဘဝစက်ဝန်းမလည်စေရန် မိမိ၏ကြောင်မှာ လှေးများကင်းရှင်းအောင် ဆောင်ရွက်သင့်သည်။ သန်ပြားကောင်သည် ကြောင်၏ အူနံရံ၌ခေါင်းပိုင်းကို တွယ်ကပ်ထားခြင်းကြောင့် ထိုခေါင်းပိုင်းပြုတ်ကျသွားအောင် သန်ချရန်လိုသည်။ အိမ်မွေးကြောင်မှာ သန်ပြားကောင်စွဲကပ်ပါက ကြောင်၏ အညစ်အကြေးများမှတစ်ဆင့် လူကို ရောဂါကူးစက်နိုင်ပါသည်။

**Toxoplasmosis**

ယင်းသည် ကပ်ပါးကောင်ရောဂါစစ်စစ်မဟုတ်သော်လည်းလူထုအတွက် အရေးကြီးသောရောဂါတစ်ခုဖြစ်သည်။ Toxoplasmosis သည် Protozoa ခေါ် သတ္တဝါကြောင့်ဖြစ်ပွားတတ်သောရောဂါတစ်ခုဖြစ်ပြီး ကြောင်မှ လူကိုကူးစက်တတ်သောရောဂါ (Zoonosis)ဖြစ်သည်။ အထူးသဖြင့် ခွေးနှင့်ကြောင်မှလူကို ကူးစက်တတ်သည်။

Toxoplasma သည် ကြောင်တွင် မကျန်းမမာဖြစ်ခဲသော်လည်း အရွယ်ရောက်လူကြီးတစ်ယောက်၌ ရောဂါပြင်းထန်စွာ ဖြစ်တတ်သည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင်ကလေးမမွေးနိုင်ခြင်းနှင့်မွေးရာပါ မျက်လုံးကန်းခြင်းကဲ့သို့ ခန္ဓာကိုယ်ချို့ယွင်းချက်များ ဖြစ်စေတတ်သည်။ Toxoplasma ၏ ဥများသည် ရောဂါရှိသောကြောင်၏ မစင်ထဲတွင် အမြောက်အမြားပါလာတတ်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်များအနေဖြင့် ကြောင်၏အညစ်အကြေးစွန့်ဗန်းကိုမကိုင်တွယ်မိစေရန် အလွန်အရေးကြီးပါသည်။

ကြောင်များကို သန်ချဆေးမှန်မှန်တိုက်ကျွေးခြင်း၊ ကြောင်ကိုကိုင်တွယ်ပြီးတိုင်း လက်ကိုသေချာစွာဆေးကြောခြင်း၊ အညစ်အကြေးစွန့် ဗန်းကိုသန့်ရှင်းအောင်လုပ်ပေးပြီးတိုင်း လက်ကိုသေချာစွာဆေးကြောခြင်းတို့သည် ဤရောဂါများကို ကာကွယ်နိုင်သည့် နည်းလမ်းများဖြစ်ကြသည်။

**လှေးများ (Flea)**

လှေးများသည် ကြောင်တွင်အများဆုံးတွေ့ရသော ခန္ဓာပြင်ပကပ်ပါးကောင်ဖြစ်သည်။ လှေးစွဲကပ်သည့်အခါ ကြောင်သည် သူ၏ခန္ဓာကိုယ်ကို အလွန်အကျွံကုတ်ခြစ်နေတတ်သည်။ လှေးသည် တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာခုန်၍ ခုန်၍သွားနိုင်ကြသည်။ ပူနွေးသောရာသီတွင် လှေးများထကြွပွားများတတ်သည်။ အိမ်မွေးကြောင်မှာ လှေးစွဲကပ်သောအခါ ထိုလှေးများက လူကိုကိုက်မိလျှင် ဓာတ်မတည့်မှုကြောင့်ဖြစ်သော အရေပြားယားနာ (Flea Allergic Dermatitis) ဖြစ်တတ်သည်။ လှေးများကို နှိမ်နင်းရန် လှေးပေါင်ဒါ၊ လည်ပတ်၊ စပရေးနှင့် အစက်ချဆေး (Flea Drop) များကို သုံးနိုင်သော်လည်း အဓိကပြဿနာမှာ အိမ်၏ကြမ်းပြင်နှင့် ကော်ဇောများ၌ ကျနေသော လှေးများကကြောင်များကို တစ်ဖန်ပြန်လည် စွဲကပ်စေနိုင်သောကြောင့် တစ်အိမ်လုံးရှိလှေးများကို နှိမ်နင်းရန်လိုအပ်ပါသည်။

**မွှားများ**

လှေးကဲ့သို့ပင် မွှားသည်သွေးစုပ်သည့် ခန္ဓာပြင်ပကပ်ပါးကောင်ဖြစ်သည်။ မွှားသည် ကြောင်၏ အရေပြားထဲတွင် သူ၏ခေါင်းကိုမြှုပ်ပြီး နက်ရှိုင်းစွာ သွေးစုပ်လေ့ရှိသည်။ သွေးဝ၍ ပြည့်တင်းဖောင်းကားလာသော မွှားများသည် ပဲစေ့အရွယ်ခန့်ရှိပြီး အလွယ်တကူတွေ့မြင်နိုင်သည်။ အိမ်မွေးကြောင်မှာ ကပ်တွယ်သောမွှားများသည် လူကိုလည်း သွေးစုပ်နိုင်ပြီး သွေးအားနည်းခြင်းနှင့် မွှားကြောင့်ဖြစ်သော သွေးအားနည်းရောဂါ၊ ချည့်နဲ့သောရောဂါတို့အပြင် မွှားမှတစ်ဆင့်ကူးစက်နိုင်သောရောဂါများဖြစ်တတ်သဖြင့် မွှားကင်းစင်အောင် နှိမ်နင်းထားဖို့လိုပါသည်။

**ဝဲပိုး**

ဝဲပိုးသည် အခြေခံအားဖြင့် နှစ်မျိုးနှစ်စားရှိပြီး အမွေးနှင့်အရေပြားကို အဓိကတိုက်ခိုက်သည်။ ဝဲပိုးများသည်အလွန်သေးငယ်ပြီးလူတို့၏ မျက်စိနှင့်မမြင်ရပေ။ အရေပြားဝဲပိုးသည် အမွေးကျွတ်ခြင်းကိုဖြစ်စေပြီး အကြေးခွံကဲ့သို့ ထူခြင်း၊ အဖတ်များကွာခြင်းတို့ဖြစ်စေသည်။ ကြောင်မှာဖြစ်ပွားသော ဝဲရောဂါပိုးသည် လူကိုကူးစက်သောအခါ အရည်ကြည်ဖုများ၊ အနီရောင်အနာစက်များ လျင်မြန်စွာဖြစ်ပေါ်လာပြီး အလွန်ယားယံလိမ့်မည်။ လက်မောင်း၊ ရင်ဘတ်၊ ခြေထောက်များနှင့်ဝမ်းဗိုက်တို့မှာ အများဆုံးတွေ့ရမည်။

**အရေပြားမှိုရောဂါ (Ringworm)**

ပတ်ဝန်းကျင်မှာရှိသော Trichophyton နှင့် Microsporum မှိုပိုးများကြောင့် ကြောင်၏ခန္ဓာကိုယ်တွင်အနီရောင် စက်ဝိုင်းပုံမွေးကျွတ်နာအကွက်များပေါ်လာပြီး ကြောင်သည်အလွန်ယားယံသောကြောင့် လက်သည်းနှင့်ကုတ်ခြစ်ကာ လျှာနှင့်လျက်သဖြင့် အခြားနေရာများသို့ပါ ကူးစက်တတ်သည်။ ဤရောဂါသည် ကြောင်မှတစ်ဆင့် လူကိုကူးစက်တတ်သည်။ အနာမှ ကျွတ်လာသော အမွေးများတွင်ရောဂါပိုးများပါရှိတတ်သည်။ အိမ်မွေးကြောင်မှာ အရေပြားမှိုရောဂါစွဲကပ်ပါက တိရစ္ဆာန်ဆေးကုဆရာဝန်ထံ ပြသပြီး စနစ်တကျကုသသင့်ပါသည်။

**(Cat Scratch Disease)ကြောင်ကုတ်နာ**

ဤရောဂါသည် Bartonella henselae ခေါ် ရောဂါပိုးကြောင့်ဖြစ်ရသည်။ ကြောင်အချင်းချင်းကုတ်ခြင်း၊ ကိုက်ခြင်း၊ တိုက်ခိုက်ခြင်းမှတစ်ဆင့် ဤရောဂါပိုးကူးစက်တတ်သည်။ ရောဂါပိုးကို သယ်ဆောင်ထားသော်လည်း ရောဂါလက္ခဏာတစ်စုံတစ်ရာမပြဘဲ ကြောင်က ရွှင်ရွှင်လန်းလန်းရှိနေနိုင်သည်။ သို့သော်သူ၏ဆီးထဲ၌ ရောဂါပိုးများကို ကာလကြာရှည်စွာ စွန့်ထုတ်တတ်သည်။ ရောဂါပိုးများရှိနေသော ကြောင်က လူကို ကိုက်မိ ကုတ်ခြစ်မိလျှင် ထိုနေရာတစ်လျှောက်မှာပန်းရောင်သန်းနေသော စက်ဝိုင်းပုံအင်ပျဉ်ထသကဲ့သို့အနာများ ဖြစ်ပေါ်လာတတ်သည်။ ထိုအနာများသည် ၁၀ ရက်အတွင်း ပျောက်ကွယ်သွားတတ်သည်။ သို့သော် ကုတ်ခြစ်ခံရသော လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် ပိုမိုဆိုးရွားပြင်းထန်သောအဆင့်သို့ ကူးပြောင်းကာ ဦးနှောက်အာရုံကြောဆိုင်ရာ ထိခိုက်ပျက်စီးမှုနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများဖြစ်ပေါ်တတ်သောကြောင့် ပေါ့ပေါ့ဆဆသဘောမထားရန် သတိပေးလိုပါသည်။

**ကြောင်မှတစ်ဆင့် ကူးစက်တတ်သော ခွေးရူးရောဂါ (Rabies)**

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဦးနှောက်ရောင်ရောဂါဖြစ်ပြီး ရောဂါကူးစက်ခံရသော သွေးနွေးသတ္တဝါများအားလုံးကို အသက်သေဆုံးစေနိုင်သည်။ ခွေးရူးရောဂါသည် ခွေးမှတစ်ဆင့် အများဆုံး ကူးစက်တတ်သည် မှန်သော်လည်း လူနှင့်လက်ပွန်းတတီးနေလေ့ရှိသော ကြောင်များ၏ အန္တရာယ်ကို လျှော့တွက်၍မဖြစ်ပါ။ လွတ်လပ်စွာလှည့်လည်သွားလာခွင့်ပြုထားသောကြောင်သည် ပိုင်ရှင်တို့၏ မျက်ကွယ်၌ အကိုက်ခံရသလား၊ အကုတ်ခံရသလား၊ မည်သည့်တိရစ္ဆာန်နှင့် တိုက်ခိုက်လာသလဲဆိုသည်ကို မသိနိုင်ပါ။ ရောဂါပျိုးချိန်သည် တစ်ပတ် သို့မဟုတ် ၁၀ ရက်ခန့်ကြာမြင့်တတ်သည်။

ကြောင်များတွင် ခွေးရူးရောဂါပိုးဝင်ပါက ပုံစံနှစ်မျိုးတွေ့ရ၏။ (၁) ချည့်နဲ့နေသောပုံစံ၊ (၂) ရန်လို တိုက်ခိုက်တတ် သော ပုံစံတို့ဖြစ်သည်။ သတိထားပြီး စောင့်ကြည့်သင့်သော လက္ခဏာများမှာ-တွေ့ရာစားခြင်း၊ အဖျားတက်ခြင်း၊ အကြောဆွဲ၍ တက်ခြင်း၊ ချည့်နဲ့ခြင်း၊ ရေကြောက်ခြင်း၊ အောက်မေးရိုးတွဲကျနေခြင်း၊ အစာနှင့်ရေကို မမျိုနိုင်ခြင်း၊ အမူအရာပြောင်းလဲခြင်း၊ သွားရည်တများများကျခြင်းတို့ဖြစ်ကြသည်။

ခွေးရူးရောဂါသည် ကုရာနတ္ထိဆေးမရှိသောကြောင့် ကြိုတင်ကာကွယ်ခြင်းကသာ အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။ ထို့ကြောင့် အိမ်မွေးကြောင်များကို ခွေးရူးကာကွယ်ဆေးထိုးကြပါ။ နှစ်စဉ်မပျက်မကွက် ထိုးပါဟု တိုက်တွန်းလိုပါသည်။

ကြောင်မှ လူကို ကူးစက်တတ်သော ရောဂါများအား သိရှိထားခြင်းသည် လူကိုရောဂါမကူးစက်အောင် သတိပြုခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများ ပြုလုပ်ထားနိုင်ပါသည်။ စည်းကမ်းရှိခြင်း၊ သန့်ရှင်းမှုကို ဂရုပြုခြင်း၊ စနစ်တကျပြုစုစောင့်ရှောက်ခြင်းတို့ဖြင့် အိမ်မွေးတိရစ္ဆာန်ပါဝင်သော မိသားစုကမ္ဘာကို ပျော်ရွှင်စွာ တည်ဆောက်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုအပ်ပါသည်။

# ရေနံသင်္ဘောများဆီယိုဖိတ်မှု၊ ဆီညစ်ညမ်းမှုဖြစ်သည့်အခါ ချက်ချင်းတုံ့ပြန်နိုင်ရေး OPRC 1990 ကွန်ဗင်းရှင်းဝင်ရောက်ရေး ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် နည်းဥပဒေများ၊ ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများ၏ မူရင်းဥပဒေနှင့် နည်းဥပဒေများ စိစစ်ပြီးစီးမှု အခြေအနေများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ မူရင်းဥပဒေနှင့် နည်းဥပဒေများ စိစစ်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် တင်ပြချက်ပါ ဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် International Convention on Oil Pollution Preparedness, Response and Cooperation (OPRC 1990 Convention) တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့က ဆွေးနွေးခဲ့ကြသည်။

ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က ကွန်ဗင်းရှင်း၏ရည်ရွယ်ချက်သည် သင်္ဘောများ၊ ကမ်းလွန်ပင်လယ်ပြင်တွင်ရှိသော အဆောက်အအုံများ၊ ပင်လယ်ဆိပ်ကမ်းများနှင့် ဆီများသယ်ယူတင်ပို့လုပ်ဆောင်သော အဆောက်အအုံများ၌ ဆီ(ရေနံ)ယိုဖိတ်မှု ဖြစ်ပွားခဲ့လျှင် ချက်ချင်း တုံ့ပြန်ပူးပေါင်းဆောင်ရွက်အရေးယူနိုင်စွမ်း ရှိစေရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဖြစ်ပါကြောင်း၊ အဆိုပါကွန်ဗင်းရှင်းတွင် မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ၊ တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ပါဝင်လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ကမ်းရိုးတန်း၌ ဘင်္ဂလားပင်လယ်အော်၊ တနင်္သာရီကမ်းရိုးတန်း၌ အက်ဒမန်ပင်လယ်တို့ရှိပြီး အိန္ဒိယသမုဒ္ဒရာ၏ ပင်လယ်ကူးသင်္ဘောသွား ကူးလမ်းနှင့် အဓိကလမ်းကြောင်းပေါ်တွင် တည်ရှိနေသည့်အတွက် အတည်ပြုဝင်ရောက်ရမည့် ကွန်းဗင်းရှင်းသည် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ စပ်ဆိုင်နေသည်ဟု ဆိုနိုင်ပါကြောင်း။

ထို့ပြင် ရေနံသန့်စင်ရေးလုပ်သည့် အလုပ်သမားများတွင် ကျန်းမာရေးဆိုးရွားစွာ ထိခိုက်မှုများဖြစ်ပေါ်လာနိုင်သည့်အတွက် ၎င်းတို့ကို ထောက်ပံ့ငွေပေးရန်ကိုလည်း အစိုးရကတာဝန်ယူမည့် ကိစ္စဖြစ်လာပါကြောင်း၊ ခရီးသွားလုပ်ငန်းထိခိုက်ခြင်းတွင် ရေနံဖိတ်စဉ်ထားသော နေရာတစ်ဝိုက်တွင် ကမ္ဘာလှည့်ခရီး


ဒေါ်ခင်နှင်းသစ်
ပန်းတောင်းမဲဆန္ဒနယ်


ဒေါက်တာသန်းဝင်း၊
ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ

သွားများ ခရီးသွားခြင်းကို ရှောင်ကြဉ်ကြသကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်သည့် ကစားနည်းများ ပြုလုပ်မရသောကြောင့် ဒေသနေလူတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ပါကြောင်း၊ ကမ်းခြေခရီးသွားလုပ်ငန်း အနေဖြင့် ရေမျက်နှာပြင်သန့်စင်ပြီးချိန်အထိ ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို ရပ်ဆိုင်းရမည့်အတွက် ဝင်ငွေလျော့နည်းကာ စီးပွားရေးအကျပ်အတည်း ဖြစ်လာနိုင်ပါကြောင်း၊ ကွန်ဗင်းရှင်းတွင် အတည်ပြုဝင်ရောက်ပါက ပူးပေါင်းအဖြေရှာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကွန်ဗင်းရှင်းတွင် မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်သင့်ပါကြောင်း။

ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံ ဝင်ရောက်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သကဲ့သို့ ဥပဒေရေးရာတွင် အပြည်ပြည်ဆိုင်ရာစံများအတိုင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ဥပဒေများ၊ ကုလသမဂ္ဂ ပင်လယ်ပြင်ဆိုင်ရာ ဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်လျက်ရှိသည်ကို ပေါ်လွင်စေမည်ဖြစ်ကြောင်း၊ ကွန်ဗင်းရှင်းအရ သဘောတူညီချက်ဖြစ်သည့် လုပ်ဆောင်သူများမှ ပေးရမည်ဟူသည့် ယေဘုယျအခြေခံမူအရ ကွန်ဗင်းရှင်းသည် အလျော်အစားရှိသည့် ကွန်ဗင်းရှင်းဖြစ်ကြောင်း၊ ထိုသို့ အလျော်အစားရှိသည့် ကွန်ဗင်းရှင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ပြင် ဆီညစ်ညမ်းမှုကာကွယ်ရေးနှင့် အရေးယူဆောင်ရွက်မှုများကို ထိန်းချုပ်သွားရမည် ဖြစ်သည့်အတွက် မိမိနိုင်ငံဆိပ်ကမ်းသို့ ရောက်ရှိကြသည့် ရေနံရောင်းဝယ်တင်ပို့နေသည့် ရေနံသင်္ဘောများ ဆီယိုဖိတ်မှု၊ ဆီညစ်ညမ်းမှုဖြစ်သည့်အခါ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မည့် စီမံချက်များ ရှိ/မရှိ ဆိုသည်ကို စစ်ဆေးရမည်ဖြစ်ကြောင်း။

မိမိနိုင်ငံအတွင်း တူးဖော်နေသည့် ရေနံတွင်းတူးစင်များတွင် မြေအောက်မှ ထွက်လာမည့် ရေနံနှင့်သဘာဝ ဓာတ်ငွေ့များ၏ လက်ဦးတွန်းကန်အားကို ထိန်းချုပ်ထားနိုင်မှု ရှိ မရှိနှင့် ကြိုတင်တွက်ချက်ထားမှု ရှိ မရှိ၊ တွန်းကန်အားဖြစ်လာသည့်အခါ အဆိုပါဆီများကို ထိန်းချုပ်ဆောင်ရွက်နိုင်စွမ်းရှိ မရှိကို စစ်ဆေးရမည်ဖြစ်ကြောင်း၊ ရေနံအဆောက်အအုံတစ်ခုကြောင့် ပင်လယ်ပြင်ညစ်ညမ်းလာလျှင် ရေကြောင်းပတ်ဝန်းကျင် ခြိမ်းခြောက်မှု၊ နိုင်ငံတစ်နိုင်ငံ၏ ကမ်းရိုးတန်းအကျိုးစီးပွားခြိမ်းခြောက်မှု သက်ရှိသတ္တဝါများ အခြေတကျတည်ရှိနေမှုများကို ခြိမ်းခြောက်မှုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများကို ထိခိုက်စေမည့် ခြိမ်းခြောက်မှုစသည့် ခြိမ်းခြောက်မှုများစွာ ဖြစ်ပါကြောင်း။

ကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်အရ အဖွဲ့ဝင်နိုင်ငံများတွင် ဆီယိုဖိတ်မှုတုံ့ပြန်ရန် စွမ်းဆောင်ရည်နှင့် သက်ဆိုင်ရာအရင်းအမြစ်ပေါ်မူတည်၍ ဆီယိုဖိတ်မှုပျံ့နှံ့နိုင်သည့်နိုင်ငံများမှ ဆီယိုဖိတ်မှုအနည်းအများကို ဆုံးဖြတ်သဘောတူပြီးခြင်း ဖြစ်ပါကြောင်း၊ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်ကို လိုအပ်သည့်အကူအညီနှင့် ငွေကြေးကုန်ကျမှုများကို တောင်းခံရမည်ဖြစ်ကြောင်း၊ ဆီညစ်ညမ်းမှုကို ကိုင်တွယ်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုန်ပစ္စည်းနှင့် အထောက်အကူပစ္စည်းများရရှိနိုင်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင်ရှိသည့် ကုမ္ပဏီများကြောင့် ပင်လယ်ပြင် ဆီညစ်ညမ်းမှုဖြစ်သွားလျှင် လျော်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ ကုန်းတွင်းနှင့် ကမ်းနီးကမ်းဝေးရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေသည့် လုပ်ကွက်များတွင် မီးလောင်ပေါက်ကွဲမှု မဖြစ်စေရန် စနစ်တကျ ထိန်းချုပ်ကြပ်မတ်နိုင်သည့် ကတိစာချုပ်များချုပ်ဆိုပြီးမှသာ ရေနံတွင်းများတူးဖော်ခွင့်နှင့် နေရာသတ်မှတ်ပေးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကွန်ဗင်းရှင်း၏ ဥပဒေစည်းနှောင်မှုများ ရှိလာမည်ဖြစ်သည့်အတွက် ကွန်ဗင်းရှင်းသို့ အတည်ပြုဝင်ရောက်ခြင်းကို ထောက်ခံကြောင်း ဆွေးနွေးသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဆိုပါကွန်ဗင်းရှင်းသို့ အတည်ပြု ဝင်ရောက်ရေးကိစ္စနှင့် စပ်လျဉ်း၍ လိုအပ်သည့်အစီအမံများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် International Convention on Oil Pollution Preparedness, Response and Cooperation (OPRC 1990 Convention) တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပြင်ဆင်ချက်အပိုဒ်၊ အပိုဒ်ခွဲများကို ဇယားအမှတ်စဉ်အလိုက် အဆိုပြုတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောထားကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်များ ရယူကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်များအတိုင်း ပြန်လည်ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

# ပျဉ်းမနားမြို့ပေါင်းလောင်းအားကစားကွင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းနိုင်ရေး သဘောတူညီမှုရရှိပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ရှစ်ခုမေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်းများ ဆောင်ရွက်ကြသည်။


ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး


ဦးသန်းစိုးအောင်
ပျဉ်းမနားမဲဆန္ဒနယ်

အစည်းအဝေးတွင် သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ **သာစည်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ (၄)ထပ် တစ်ဆောင်ဆောက်လုပ်ခြင်း၊ ဆေးရုံဝင်းခြံ အုတ်တံတိုင်းခတ်ခြင်းနှင့် လမ်းများအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**၊ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်၏ **ပေါင်းလောင်းဘောလုံးကွင်းအား နေပြည်တော် FC ဘောလုံးအသင်းသို့ ငှားရမ်းခဲ့ရာ ထိုကွင်းအား ပြည်သူထံသို့ ပြန်လည်အပ်နှံရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**တို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သာစည်မြို့နယ် ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသည့် ခွဲစိတ်ခန်းနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံရှေ့မျက်နှာစာကို အုတ်တံတိုင်းကာရံပေးခြင်းနှင့် ဆေးရုံဘေးနှစ်ဖက်နှင့် အနောက်ဘက်ခြံစည်းရိုးကို အုတ်ခုံတုံးပါ Chain Link ခြံစည်းရိုးဖြင့် ကာရံပေးသွားမည်ဖြစ်ကြောင်းနှင့် ဆေးရုံတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းကို ၂၀၁၆-၂၀၁၇ ခု ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပျဉ်းမနားမြို့ပေါင်းလောင်းအားကစားကွင်း ပြန်လည်အပ်နှံရေးနှင့်စပ်လျဉ်း၍ နေပြည်တော် FC ဘောလုံးကလပ်အသင်းအား ဆက်သွယ်မေးမြန်းခဲ့ရာ ပေါင်းလောင်းအားကစားကွင်း နှစ်ရှည်စာချုပ် ချုပ်ဆိုငှားရမ်းထားမှုကိုရုပ်စဲ၍ ဘောလုံးကလပ်အသင်းမှ အဆင့်မြင့်ပြုပြင် မွမ်းမံတိုးချဲ့တည်ဆောက်ထားရှိပြီးဖြစ်သည့် အဆောက်အအုံများကို ဖျက်သိမ်းခြင်းမပြုဘဲ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတစ်ဆင့် နိုင်ငံတော်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းလွှဲပြောင်းလက်ခံနိုင်ရေး သဘောတူညီမှု ရရှိပြီးဖြစ်ကြောင်း၊ ပြန်လည်လွှဲပြောင်း လက်ခံပြီးပါက ပြည်သူများ စနစ်တကျ လေ့ကျင့်ကစားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၏ **ပြင်ဦးလွင်မြို့နယ်ရှိ ပြင်စာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံ အဆင့်မြှင့်တင်ပေးရန်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (အောင်ချမ်းသာ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**၊ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာ ဦးထွန်းလင်းမော်၏ **ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများ၏ အပြောင်းအရွှေ့ဆိုင်ရာ မူဝါဒအား တရားမျှတမှုနှင့် ဘက်လိုက်မှုကင်းစွာ စီမံထားခြင်း ရှိ/မရှိ မေးခွန်း**တို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြင်စာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသည် ဇီးပင်ကြီး ခုတင် ၅၀ ဆံ့ဆေးရုံနှင့် ငါးမိုင်သာဝေးခြင်း၊ ပြင်ဦးလွင်ဆေးရုံကြီးသို့ ရောက်ရှိရန် မိနစ် ၃၀ ခန့်သာ ကြာမြင့်ခြင်းနှင့် Utilization rate မှာ ၃၂ ရာခိုင်နှုန်းသာရှိခြင်းတို့ကြောင့် တိုက်နယ်ဆေးရုံအဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း၊ အောင်ချမ်းသာ ကျေးလက်ကျန်းမာရေး ဌာနခွဲကို ကျေးလက် ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန် လိုအပ်သည့် အခြေခံမူများနှင့် ကိုက်ညီသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အမှုထမ်းဝန်ထမ်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ခြား ပြောင်းရွှေ့တာဝန်ချထားရာတွင် လုပ်သက်အနည်းဆုံးနှစ်နှစ်ရှိမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဦးစီးဌာန၊ ရုံးချုပ်နှင့် ဗဟိုဦးစီးဌာနရုံးချုပ်များသို့ တင်ပြခြင်း၊ ဖွံ့ဖြိုးမှုနည်းပါးသော ပြည်နယ်နှင့် ဝေးလံခက်ခဲသောဒေသများသို့ တာဝန်ချထားသည့် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် အမှုထမ်းများကို သက်ဆိုင်ရာတာဝန်ချထားရာ၌ လုပ်သက်အနည်းဆုံး တစ်နှစ်ပြည့်ပါက ပြန်လည်ပြောင်းရွှေ့ရန် သက်ဆိုင်ရာဦးစီးဌာနရုံးချုပ်၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးပါကြောင်း၊ ဝေးလံခက်ခဲသည့်ဒေသများ၌ အမှန်တကယ် တာဝန်ထမ်းဆောင်ချိန် တစ်နှစ်မပြည့်ပါက ဆောင်ရွက်မပေးပါကြောင်း၊ သက်ဆိုင်ရာ အခြေခံဝန်ထမ်းများ၏ သဘောထားများ ရယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ အရာထမ်းများနှင့်ဆရာဝန်များ

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# မြန်မာနိုင်ငံသားဟောင်းများနှင့် နိုင်ငံခြားသားများကို ပြည်တွင်း၌ အမြဲတမ်းနေထိုင်ခွင့်စနစ်ဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ပနိုင်ငံသားခံယူထားသော မြန်မာနိုင်ငံသားဟောင်းများနှင့် ပြည်ပတွင် ကာလရှည်ကြာစွာနေထိုင်ကြပြီး နိုင်ငံသား မစွန့်လွှတ်ကြသေးသူများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားလာပါက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုသည့် သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီး အစိုးရအဖွဲ့ အတည်ပြုချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောသည်။

၂၀၁၃ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားသူများကို လက်ခံဆောင်ရွက်ခဲ့ရာ လျှောက်ထားသူ ၁၉၈ ဦးအနက် ၁၄၃ ဦးတို့အား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုးအား စိစစ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသူများကိုလည်း ထပ်မံစိစစ်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့၌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးအောင်သိန်း မေးမြန်းသည့် **နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးတို့အရ ပြည်ပထွက်ခွာ မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ဥပဒေအရ ပြန်လည်နေထိုင်ခွင့် ရရှိရေးအတွက် မြန်မာနိုင်ငံသားဥပဒေပါ ပုဒ်မအချို့ကို ပြုပြင်ပြောင်းလဲ ဖြေလျှော့ပေးရေးနှင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားနိုင်ခွင့်ပေးထား၍ လျှောက်ထားရာ၌ စိစစ်ပြီး လက်ခံနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လက်ရှိ တည်ဆဲဥပဒေများအရ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် ပြန်လည်စိစစ်လက်ခံလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသားဟောင်းများနှင့် နိုင်ငံခြားသားများကို ပြည်တွင်းတွင် အမြဲတမ်းနေထိုင်ခွင့် (Permanent Residence System) ဖြင့် စီစဉ်ဆောင်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် မြန်မာနိုင်ငံတွင် လာရောက်အခြေချလိုသည့် ပြည်ပရှိ မြန်မာနိုင်ငံသားဟောင်းများ၊ နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများ၊ မြန်မာနိုင်ငံသားနှင့် ဆက်စပ်သည့် နိုင်ငံခြားသားများမှ လျှောက်ထားလာပါက စိစစ်ခွင့်ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) ဖြင့် လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံခြားသားများ အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှစတင်၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်အထိ သက်ဆိုင်ရာ အမျိုးအစားအလိုက် လျှောက်ထားသူ စုစုပေါင်း ၃၁၉ ဦးအနက် ၂၆၄ ဦးကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အရ ပြည်ပထွက်ခွာ မြန်မာနိုင်ငံသားဟောင်းများမှ ပြည်တွင်းသို့ ဥပဒေအရ ပြန်လည်နေထိုင်ခွင့်ရရှိရေး လျှောက်ထားလာပါက ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်ရမည့်ကိစ္စသည် လွှတ်တော်များ၏ တာဝန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခေတ်နှင့်လျော်ညီသည့်ဥပဒေဖြစ်အောင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်း Ooredoo တာဝါတိုင်များ စိုက်ထူထားခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍လည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်သည့်နေရာတွင် အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် ၁၄၅ မိုင်အထိ ခံနိုင်ရည်ရှိရန်နှင့် မြေပြင်အနေအထားအရ သင့်လျော်သော Foundation/ Design များအတိုင်း နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆက်သွယ်ရေးကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိထားသော ကုမ္ပဏီများကို ဆက်သွယ်ရေး၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားကြောင်း ဖြေကြားသည်။



ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ် စစ်တွေမြို့ မဟာမုနိဗုဒ္ဓဝိဟာရကျောင်း (ခေါ်) ကလေးများ ထိန်းသိမ်းစောင့်ရှောက်သောကျောင်းမှ ဖမ်းဆီး(ပြောင်းရွှေ့) ခေါ်ယူသွားသော ကလေးငယ်များကို ပြန်လည်အပ်နှံရန် အစီအစဉ် ရှိ / မရှိ နှင့် အဆိုပါကျောင်းမှ သိမ်းဆည်းသွားသော ရခိုင်ရှေးဟောင်းပစ္စည်းများနှင့် ကျောင်း၏ ပိုင်ဆိုင်မှုများကို ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရခိုင်ပြည်နယ် စစ်တွေမြို့ မဟာမုနိဗုဒ္ဓဝိဟာရကျောင်း(ခေါ်)ကလေးများ ထိန်းသိမ်းစောင့်ရှောက်သောကျောင်းမှ ကလေးအချို့ အာဟာရချို့တဲ့ပြီး ကျန်းမာရေးမကောင်း၍ ကလေးငယ် ၇၅ ဦးအား စောင့်ရှောက်ပေးခဲ့ရပါကြောင်း၊ ၎င်းတို့အနက်မှ အသက်ငါးနှစ်အောက် ပေါင်မပြည့် အာဟာရချို့တဲ့၍ သေဆုံးခဲ့ရသော ကလေးငယ် နှစ်ဦး၊ ကိတ္တိမသားသမီးအဖြစ် မွေးစားခံရသူ ၁၁ ဦး၊ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့သူ ၂၂ ဦး၊ ကျန်ကလေးငယ် ၄၀ သည် နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးများဖြစ်၍ ၎င်းတို့အား ပြုစုပျိုးထောင်ပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မကွေးကလေးပြုစုရေးဌာနသို့ နှစ်ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း (ရန်ကုန်)သို့ ၁၂ ဦး၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း (မန္တလေး)သို့ ရှစ်ဦး၊ စစ်တွေကလေးပြုစုရေးဌာနသို့ ၁၈ ဦးတို့အား ဆက်လက်ပြုစုစောင့်ရှောက်နိုင်ရန် ပေးပို့ထားပါကြောင်း။

အဆိုပါ ကလေးငယ်များ၏ အသက်အရွယ်အလိုက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းပညာနှင့် အသက်မွေးပညာများကို သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါကလေးငယ်များသည် နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးများဖြစ်၍ ၎င်းတို့အား ပြန်လည်ပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း။

ထို့ပြင် စစ်တွေခရိုင်တရားရုံး ပြစ်မှုကြီးအမှတ် (၆၁ / ၂၀၁၀)တွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ရခိုင်ရှေးဟောင်းငွေဒင်္ဂါး ၁၃ ပြားကို အမျိုးသားပြတိုက် (နေပြည်တော်)တွင် ခင်းကျင်းပြသရန် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဂျပန်ဓားတစ်လက်အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်တွေဌာနခွဲ)တွင် ဆက်လက်ထိန်းသိမ်းထားပါကြောင်း၊ သက်သေခံအဖြစ် သိမ်းဆည်းရမိသည့် ရွှေနားဆွဲတစ်ရံနှင့် ရွှေဟန်းချိန်းတစ်ခု၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းထားသည့် နိုင်ငံခြားသုံးငွေစက္ကူများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အပ်နှံခဲ့ပြီးဖြစ်ပါကြောင်း၊ သက်သေခံအဖြစ် သိမ်းဆည်းရမိသည့် မြေကွက်ငါးကွက်ကို မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြစ်၍ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းထားခဲ့ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိဟ(ခ)မောင်တူး၏ **မွန်ပြည်နယ်အတွင်းရှိ ကျောက်ထုတ်လုပ်ရေးမိုင်းများအား တရားဝင်ခွင့်ပြုချက် ရှိ/ မရှိ ပြန်လည်စိစစ်စစ်ဆေးပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျောက်ထုတ်လုပ်မှုလုပ်ငန်းသည် မိုးရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီ၌ အဓိက လုပ်ငန်းဆောင်ရွက်ရပြီး ခွင့်ပြုချက်မဲ့ ထုတ်လုပ်မှုမရှိစေရေးအတွက် ပွင့်လင်းရာသီ၌ လိုင်စင်ထုတ်ပေးသည့်နေရာများတွင် သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိ၊ တရားမဝင်ထုတ်လုပ်မှု ရှိ/ မရှိတို့ကို ကွင်းဆင်းစိစစ်ခြင်း၊ တရားမဝင်ခါတ်သတ္တုတူးဖော်ထုတ်လုပ်မှုမရှိစေရေးအတွက် ခရိုင်၊ မြို့နယ်အလိုက် ဌာနဆိုင်ရာများ ပါဝင်သော တားဆီးရေးကော်မတီများ ဖွဲ့စည်း၍ ကျောက်ထုတ်လုပ်ရေးမိုင်းများအား တရားဝင်ခွင့်ပြုချက် ရှိ/ မရှိ ရှောင်တခင်စစ်ဆေးဆောင်ရွက်ရန် မွန်ပြည်နယ် အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၇ မှ*

ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်းများကိုသုံးဆင့်ပြုလုပ်ပါကြောင်း၊ သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၌ ပဏာမဆွေးနွေးဆုံးဖြတ်ပါကြောင်း၊ အရာထမ်းများရာထူးတိုးမြှင့်ခြင်းများနှင့်ပတ်သက်၍ ရာထူးတိုးမြှင့်စိစစ်ရေးကော်မတီတွင် အမြဲတမ်းအတွင်းဝန်ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ကော်မတီတွင် ဆေးနှင့်နီးနွှယ်တက္ကသိုလ်များရှိ ဘာသာရပ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသူများ၏ ရာထူးအဆင့်အလိုက် စုစုပေါင်း လုပ်သက်၊ လက်ရှိရာထူးလုပ်သက်နှင့် ဘွဲ့လွန်ရရှိသည့်နှစ်အလိုက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေနှင့်အညီ တွက်ချက်ပြီး တန်းစီဇယားပြုစုကာ ရာထူးအလိုက် လစ်လပ်စာရင်းအင်း ပေါ်မူတည်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဗဟိုစီမံခန့်ခွဲရေးကော်မတီတွင် ဆုံးဖြတ်အတည်ပြုပါကြောင်း၊ ဝေးလံခက်ခဲသည့်ဒေသတွင် တာဝန်ထမ်းဆောင်နေသူများကို အမှန်တကယ် တာဝန်ထမ်းဆောင်ကာလ တစ်နှစ်ပြည့်လျှင် ၎င်းတို့ တာဝန်ထမ်းဆောင်သောနေရာ (သို့မဟုတ်) ၎င်းတို့ဆန္ဒပြုသည့်နေရာနှင့် အနီးဆုံးမြို့သို့ ပြန်လည်ပြောင်းရွှေ့ပေးပါကြောင်း၊ ပြောင်းရွှေ့ပေးရမည့် ဆရာဝန်၏ လုပ်ရည်ကိုင်ရည်ကိုလည်း ထည့်သွင်းစဉ်းစားပါကြောင်း၊ ခက်ခဲမှုမရှိသည့် သာမန်ဒေသတွင် တာဝန်ထမ်းဆောင်သူသည် တာဝန်ကျဒေသတွင် အနည်းဆုံးနှစ်နှစ်ပြည့်ပြီးမှ ပြောင်းရွှေ့ရန်ဆောင်ရွက်ပေးပါကြောင်း၊ ဒေသပြောင်းရွှေ့တာဝန်ထမ်းဆောင်ရေးတင်ပြမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးဌာနမှူးများ၏ သဘောထားမှတ်ချက်အရလည်းကောင်း၊ ပြောင်းရွှေ့လိုသည့်နေရာ လစ်လပ်မှုအခြေအနေအရ ပြောင်းရွှေ့ရေးကို ဆောင်ရွက်ပေးပါကြောင်း၊ တရားမျှတမှုမရှိသည့် ကိစ္စရပ်များ၊ ဘက်လိုက်မှုကိစ္စရပ်များရှိပါက မိမိထံစာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမောင်သင်းက **အခြေခံပညာရေး ဥပဒေရေးဆွဲရာတွင် ကောင်းမွန်ပြည့်စုံပြီး လူထုသဘောထားအမြင်၊ အကြံဉာဏ်များနှင့် ပူးပေါင်းပါဝင်မှုများ ထင်ဟပ်သော ဥပဒေကောင်းတစ်ရပ်ပေါ်ထွန်းရေးအတွက် လူထုလူတန်းစားအလွှာအစုံပါဝင်သော အခြေခံပညာရေး ဆွေးနွေးပွဲအဆင့်ဆင့်ကို ကျင်းပရန် အစိုးရအားတိုက်တွန်းကြောင်း** အဆို တင်သွင်းရာ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားဆန္ဒရယူပြီး လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး အဆိုကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးကြေညာခဲ့သည်။ **(သတင်းစဉ်)**

---

# သစ်တောမြေများအား အကွက်ရိုက် ရောင်းချခြင်းကို အရေးယူပေးရန်ဆွေးနွေး

**မန္တလေး စက်တင်ဘာ ၂၃**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုအနက် နှစ်ခုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြန်လည်ဖြေကြားခြင်း၊ ကျန်မေးခွန်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ သစ်တောဦးစီးဌာနမှ သစ်တောမြေများကို ကော်ဖီ၊ ပိုးစာ၊ နှစ်ရှည်ပင်စိုက်ခင်း ကေကြီးများဆောင်ရွက်ရန် အကြောင်းပြချက်ဖြင့် ပုဂ္ဂလိကသို့ ကေများစွာချထားပေးခဲ့ပြီး ဥပဒေမဲ့အကွက်ရိုက်ရောင်းချခြင်း၊ လွှဲပြောင်းရောင်းချခြင်းများကို ထိရောက်စွာအရေးယူဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏သဘောထားရယူခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# မြစ်သားမြို့နယ်ရှိ နိုင်ငံပိုင်မြေယာများအတွင်း ကျူးကျော်မှုမရှိစေရေး မြို့နယ်မှတားမြစ်

**မြစ်သား စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကံဆွယ်အုပ်စု ကွင်းအမှတ် ၅၅၁ ရှိ နိုင်ငံတော်ပိုင် မြေယာအချို့အား ယင်းကျေးရွာနေ ဦးဆန်းဝင်းအပါ ခုနစ်ဦးက မိမိကိုယ်ကျိုးစီးပွားအတွက် ရောင်းချခဲ့ခြင်းကြောင့် အဆိုပါကျေးရွာနေပြည်သူတစ်ဦးက မြို့နယ်သက်ဆိုင်ရာဌာနများကို သက်သေအထောက်အထားများဖြင့် တိုင်ကြားသော်လည်း စက်တင်ဘာ ၁၄ ရက်အထိ ထူးခြားမှုမရှိသေးကြောင်း သိရသည်။

မြစ်သားမြို့နယ် ကံဆွယ်အုပ်စု မုန်တောင် တောင်ခြေရှိသစ်တောဦးစီးဌာနက စိုက်ပျိုးထားသော သစ်ပင်များ မြေထိုးစက်ဖြင့် သစ်ပင်ဝါးပင်များကို ရှင်းလင်း၍ မြေကေ ၆၀ အနက် ၁၅ ကေနှင့် ကျေးရွာနေပြည်သူများသွားလာနေသော လမ်း၏ အရှေ့ဘက်/ အနောက်ဘက်တွင်လည်း သစ်တောဌာနပိုင် တောတောင်များအား ရှင်းလင်းထားသည့် မြေ ၁၂ ကေကို တစ်ကေလျှင် ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် ဦးဆန်းဝင်းက ရောင်းချခဲ့ကြောင်း၊ ယင်းမြေယာများသည် နိုင်ငံတော်ပိုင်မြေယာများ ဖြစ်သကဲ့သို့ တောင်သူများသွားလာရေးအတွက် အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"မြို့နယ်မှာရှိတဲ့ သက်ဆိုင်ရာဌာနတွေကို စက်တင်ဘာ ၉ ရက်က တိုင်ကြားခဲ့တာကြောင့် စက်တင်ဘာ ၉ ရက်က တစ်ကြိမ်၊ ၁၂ ရက်က တစ်ကြိမ် တားမြစ်စာထုတ်ထားခဲ့ပါတယ်။ ဒီမြေယာပေါ်မှာ မည်သူမဆို ခွင့်ပြုချက်မရရှိဘဲ အကွက်ရိုက် ရောင်းစားတာ၊ ခြံစည်းရိုးခတ်တာတွေ မပြုလုပ်ကြဖို့ တားမြစ်စာထုတ်ခဲ့ပါတယ်။ အကယ်၍ မလိုက်နာပါက ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ။ စက်တင်ဘာ ၁၄ ရက်အထိ အဲ့ဒီမြေယာတွေပေါ်မှာ ကျူးကျော်မှုမရှိသေးပါဘူး" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က ပြောသည်။ **ကျော်ကျော်(မလှိုင်)**



# ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူကို ကြိုတင်စစ်ဆေးထွက်ချက်ယူပြီး နေရပ်ပြန်ခွင့်ပြုမှု ပထမဆုံးအကြိမ်ရရှိ

**ဆူရတ် စက်တင်ဘာ ၂၃**

ထိုင်းနိုင်ငံတွင် ငါးနှစ်ကျော်ကြာ လုပ်အားခ ခေါင်းပုံဖြတ်ခံနေခဲ့ရပြီး လူကုန်ကူးခံခဲ့ရသူ မြန်မာအမျိုးသမီး မအေးအေးစိုး၏အမှုကို ထိုင်းနိုင်ငံ ဆူရတ်မြို့နယ်တရားရုံးက သုံးပတ်အတွင်း ကြိုတင်ထွက်ဆိုချက် အပြီးသတ်ယူဆောင်၍ စက်တင်ဘာ ၂၁ ရက်က မိခင်နှင့်အတူ မြန်မာနိုင်ငံသို့ ပြန်ခွင့်ပြုခဲ့သည်။ ထိုသို့ အချိန်တိုအတွင်း ကြိုတင်ထွက်ဆိုချက်ယူကာ ပြန်ခွင့်ရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့(Myanmar Association in Thailand -MAT)မှ အကျိုးဆောင် မြန်မာရှေ့နေ ဦးအောင်မျိုးသန့်ထံမှ သိရသည်။

ဆူရတ်မြို့ရှိ ထိုင်းအာဏာပိုင်များက စက်တင်ဘာ ၂၁ ရက်တွင် အခမ်းအနားငယ်တစ်ခုပြုလုပ်၍ လူကုန်ကူးခံခဲ့ရသူ မအေးအေးစိုးအား နယ်ခြားကော်မတီ၊ မြန်မာရှေ့နေကြီး ဦးအောင်မျိုးသန့်နှင့် မိခင်ဖြစ်သူတို့ထံ ပြန်လည်အပ်နှံခဲ့သည်။ လူကုန်ကူးခံခဲ့ရသည့် မအေးအေးစိုးနှင့်အတူ သက်သေထွက်ဆိုခဲ့သူ မိခင် ဒေါ်အေးဝင်း၊ တရားခံ ဒေါ်သန်းသန်းဌေး၏သမီး မအဝိုင်း (ခ)မဝေတို့ သုံးဦးတို့အား နယ်ခြားစောင့်ကော်မတီက ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ ကော့သောင်းလူကုန်တားရုံးနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကော့သောင်းရုံးတို့မှ တာဝန်ရှိသူများထံသို့ ရနောင်းမြို့တွင် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမှုတွင် လိုက်ပါဆောင်ရွက်ပေးခဲ့သော MAT အဖွဲ့အကြံပေး မြန်မာရှေ့နေကြီး ဦးအောင်မျိုးသန့်က "ကျွန်တော်တို့အဖွဲ့က လူကုန်ကူးခံထားရသူတွေကို ကယ်ထုတ်ခဲ့ပေမယ့် ကယ်ဆယ်ရေးစခန်းတွေထဲမှာ အမှုရင်ဆိုင်နေရသူတွေ အမြောက်အမြားရှိပါတယ်။ တကယ်တမ်းကျတော့ အခွင့်အရေးတစ်စုံတစ်ရာမရရှိဘဲ အချိန်ကုန်သွားတာပဲ အဖတ်တင်တယ်။ အသက်မပြည့်တဲ့ ကလေးတွေကိုလည်း ကိုးလ၊ တစ်နှစ် အမှုစီရင်ချက်ချပြီးတဲ့အထိ ထားတယ်။ ဒီအမှုမှာ ပူးပေါင်းလုပ်ဆောင်ကြတဲ့ DSI၊ နယ်ခြားကော်မတီ၊ ထိုင်းလဝက၊ ထိုင်းရဲတပ်ဖွဲ့အကြီးအကဲတွေနဲ့ အစည်းအဝေးပွဲမှာ လူကုန်ကူးခံခဲ့ရပြီး နစ်နာဆုံးရှုံးမှုတွေကို တင်ပြ၊ ကြိုတင်စစ်ချက်ယူပြီး အမြန်ဆုံး ပြန်ပို့ခွင့်ပြုစေချင်ကြောင်း ကျွန်တော် တင်ပြတောင်းဆိုခဲ့ပါတယ်။ ဒါကြောင့် သုံးပတ်အတွင်းမှာ ကြိုတင်စစ်ဆေးချက်ကို အပြီးယူပြီး လူကို အမှုစစ်ပြီးပြီးချင်းပြန်ပို့တာဟာ ပထမဦးဆုံးအကြိမ်ပါပဲ။ ဒါမျိုးပဲဖြစ်သင့်တာပါ။ မြန်မာအစိုးရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့အနေနဲ့ ဒီနမူနာကို နောက်လူကုန်ကူးမှုကိစ္စတွေမှာပါ ကျင့်သုံးပေးဖို့ ထိုင်းနိုင်ငံဘက်ကို နှစ်နိုင်ငံချစ်ကြည်ရေးအရ တောင်းဆိုနိုင်ရင်တော့ လူကုန်ကူးခံရတဲ့ မြန်မာအလုပ်သမားတွေအတွက် အလွန်ကောင်းမွန်ပါလိမ့်မယ်"ဟု အကြံပြုပြောဆိုသည်။

MAT အဖွဲ့၏ ဒါရိုက်တာဦးကျော်သောင်းကလည်း MAT အဖွဲ့အနေဖြင့် ယခင် ကာလများက လူကုန်ကူးခံခဲ့သူများအား ကယ်ထုတ်လာပြီးနောက် ကယ်လာသူများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ၊ နစ်နာဆုံးရှုံးမှုများကို အထောက်အထားများစွာဖြင့် မြန်မာနိုင်ငံ လူကုန်တားတပ်ဖွဲ့ ကိုယ်စားလှယ်များနှင့်အတူ ဥပဒေပညာရှင်များ၊ ကုလသမဂ္ဂ လူကုန်ကူးမှုဆိုင်ရာ မြန်မာဌာနမှ မြန်မာအရာရှိကြီးများထံ တင်ပြခဲ့သော်လည်း ယင်းတို့က ထိုင်းနိုင်ငံတွင်ကျင့်သုံးနေသည့် ဥပဒေအား မည်သို့လုပ်ပေးပါဟူ၍ တောင်းဆိုခွင့်မရှိကြောင်း ပြန်လည်တုန့်ပြန်မှုကိုသာ ရရှိခဲ့သည်ဟု ပြောကြားသည်။

ယခုဖြစ်စဉ်တွင်မူ မြန်မာဥပဒေပညာရှင် ရှေ့နေကြီးဦးအောင်မျိုးသန့်၏ ကျွမ်းကျင်ပါးနပ်မှုဖြင့် အသက်မပြည့်သေးသည့် လူကုန်ကူးခံခဲ့ရသူ မအေးအေးစိုးအား သုံးပတ်အတွင်း ကြိုတင်စစ်ဆေးချက်ယူစေပြီး ပြန်လည်ပို့ဆောင်နိုင်ခဲ့ခြင်း မှာ လုပ်ပိုင်ခွင့်ရှိသူများအနေဖြင့် သမားရိုးကျစဉ်းစားမှု ဘောင်သတ်မှတ်ချက်ကို ကျော်လွန်၍ ဥပဒေဘောင်အတွင်းမှ ရသင့်ရထိုက်သည်ကိုရရှိအောင် စွမ်းဆောင်နိုင်ခွင့်ရှိကြောင်း ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း ဦးကျော်သောင်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

**ယခုဖြစ်စဉ်တွင် မြန်မာဥပဒေပညာရှင် ရှေ့နေကြီးဦးအောင်မျိုးသန့်၏ ကျွမ်းကျင်ပါးနပ်မှုဖြင့် အသက်မပြည့်သေးသည့် လူကုန်ကူးခံခဲ့ရသူ မအေးအေးစိုးအား သုံးပတ်အတွင်း ကြိုတင်စစ်ဆေးချက်ယူစေပြီး ပြန်လည်ပို့ဆောင်နိုင်ခဲ့ခြင်းမှာ လုပ်ပိုင်ခွင့်ရှိသူများအနေဖြင့် သမားရိုးကျစဉ်းစားမှု ဘောင်သတ်မှတ်ချက်ကို ကျော်လွန်၍ ဥပဒေဘောင်အတွင်းမှ ရသင့်ရထိုက်သည်ကိုရရှိအောင် စွမ်းဆောင်နိုင်ခွင့်ရှိကြောင်း ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း**

မအေးအေးစိုး၏ အမှုဖြစ်စဉ်မှာ ဆူရတ်မြို့ Phangan ဟိုတယ်တွင် အလုပ်လုပ်နေသည့် မအေးအေးစိုးသည် မိဘများနှင့် အဆက်အသွယ် အဖြတ်ခံနေရပြီး လုပ်အားကျွန်ပြုခံနေရကြောင်း ဇန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့(MAT)သို့ မြန်မာနိုင်ငံတောင်ပိုင်း မြိတ်မြို့ လူကုန်တားမှအကူအညီတောင်းခံခဲ့ကြောင်း၊ MAT အဖွဲ့က မြန်မာဆောက်လုပ်ရေးအလုပ်သမားတစ်ဦး အကူအညီဖြင့် မအေးအေးစိုး အလုပ်လုပ်ကိုင်နေသည့်ဟိုတယ်နှင့် အခြားလိုအပ်သည့် အချက်အလက်များကို ရက်အတန်ကြာ စုံစမ်းခဲ့ရသည်။ ထိုသို့ အချက်အလက်များ ပြည့်စုံသည့်အခါ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးထောက်လှမ်းရေး(DSI)မှ တာဝန်ရှိသူ Mr.Komvich Padhanarath ထံ အချက်အလက်များပေးပို့၍ အစီအစဉ်များ ရေးဆွဲခဲ့ကြရပြီးနောက် နယ်ခြားစောင့်ကော်မတီနှင့်ဆက်သွယ်၍ ဒေသခံ လူကုန်ကူးမှုတိုက်ဖျက်ရေးတပ်ဖွဲ့များဖြင့် စက်တင်ဘာ ၂ ရက်က မအေးအေးစိုး အလုပ်လုပ်ကိုင်နေသည့် ဆူရတ်မြို့ Phangan ဟိုတယ်မှ ကူညီကယ်ထုတ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

သုံးပတ်ကြာကာလအတွင်း လူကုန်ကူးမှုကို စနစ်တကျစစ်ဆေးမှုများပြုလုပ်ခဲ့ရာ မှုခင်းဆရာဝန်က မအေးအေးစိုးအား မြိတ်မြို့ အင်းလေးမြိုင်အရပ်မှ ထိုင်းနိုင်ငံအတွင်းသို့ ခေါ်ဆောင်လာခဲ့ချိန်တွင် အသက်၁၅ နှစ်မပြည့်သေးကြောင်း ထွက်ဆိုခဲ့သည်။ သို့ဖြစ်၍ ငါးနှစ်ကျော်ကြာ လုပ်အားခေါင်းပုံဖြတ် အမြတ်ထုတ်နေခဲ့သည့် ဒေါ်သန်းသန်းဌေးမှာ ပြစ်ဒဏ်ချခံရမှု ပိုမိုမြင့်မားနိုင်ကြောင်း၊ ထိုင်းဥပဒေ ပုဒ်မ-၃၁၈ (အုပ်ထိန်းသူလက်အောက်မှ တရားမဝင်ခေါ်ဆောင်သွားခြင်း)အရ မသန်းသန်းဌေးကို စွဲဆိုထားသည်ထက် အသက် ၁၅ နှစ် ပြည့်ခြင်း/မပြည့်ခြင်းက ပြစ်ဒဏ်ပေးရာတွင် လွန်စွာလေးနက်ကြောင်း၊ ပြစ်ဒဏ်မှာ ၂ နှစ်မှ ၁၀ နှစ်အထိ ချမှတ်နိုင်ကြောင်း မြန်မာရှေ့နေကြီး ဦးအောင်မျိုးသန့်က ရှင်းပြသည်။

လူကုန်ကူးခံခဲ့ရသော မြန်မာအလုပ်သမ မအေးအေးစိုးမှာ ယခု မြန်မာနိုင်ငံသို့ ပြန်ခွင့်ရချိန်တွင် ယခင် အလုပ်လုပ်ကိုင်ခဲ့သည့် လေးနှစ်ကျော် ငါးနှစ်ခန့် ကာလအတွက် လုပ်အားခကို မရရှိခဲ့သော်လည်း ၄င်း၏ တစ်လစာလုပ်အားခနှင့် ဟိုတယ်ပိုင်ရှင်က မုန့်ဖိုးအဖြစ်ပေးအပ်ငွေ စုစုပေါင်း ဘတ် ၁၈၀၀၀ ကို ရရှိသွားခဲ့ကြောင်း သိရသည်။

**သတင်းဆောင်းပါး-စိုးဝင်း(SP)**

## အစိုးရသစ်လက်ထက်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၉၀၀ အထိရှိ ကုန်ထုတ်လုပ်ရေးကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကဖြစ်လာ

**ရန်ကုန် စက်တင်ဘာ ၂၃**

အစိုးရသစ် စတင် တာဝန်ယူချိန်မှစပြီး မြန်မာနိုင်ငံသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ သန်း ၉၀၀ အထိ ရှိလာကာ ရင်းနှီးမြှုပ်နှံမှုများအနက် ကုန်ထုတ်လုပ်ရေးကဏ္ဍသည် အများဆုံးဖြစ်လာကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က ပြောကြားသည်။

"ထုတ်လုပ်ရေးကဏ္ဍဟာ တန်ဖိုးဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်ကို ရှေ့သို့ ရွေ့လျားစေတာနဲ့အညီ အခုအချိန်ဟာ ပြည်တွင်းလုပ်ငန်းရှင်များအတွက် ရှေ့ကို ဆက်လက်တိုးတက်ဖို့နဲ့ အလားအလာကောင်းတွေ ဖြစ်ထွန်းလာတော့မယ့်အချိန်ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဟာ နည်းပညာနှင့် ကိရိယာသစ်တွေအတွက် ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီတွေ၊ မိမိတို့ကိုယ်တိုင် လုပ်ငန်းနယ်ပယ်ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ မျှော်မှန်းချက်ထားတဲ့ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူတွေကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာ ထုတ်ကုန် စီးပွားရေးအခွင့်အလမ်းများအတွက် အဓိက မောင်းနှင်အားဖြစ်ပါတယ်"ဟု Myanmar Event Park ၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပသော နိုင်ငံတကာထုတ်ကုန်ပြပွဲ အခမ်းအနားတွင် ဦးအောင်မြင့်က ပြောသည်။

တတိယအကြိမ်ကျင်းပသည့် Manufacturing Myanmar တွင် မြန်မာနိုင်ငံ၏ ထုတ်လုပ်ရေးကဏ္ဍနှင့်သင့်လျော်သည့် အရည်အသွေးမြင့် စက်ပစ္စည်းများ၊ ပစ္စည်းကိရိယာများကို စင်ကာပူနှင့် ထိုင်ဝမ်တို့မှ အဓိကပြခန်းတွဲ နှစ်ခန်းအပါအဝင် နိုင်ငံနှင့်ဒေသပေါင်း ၁၄ ခုတို့မှ ကုမ္ပဏီပေါင်း ၄၈ ခုတို့ ပါဝင်ပြသခဲ့ပြီး စက်တင်ဘာ ၂၄ ရက်အထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

အစိုးရသစ် ပြောင်းလဲလာပြီးနောက် မြန်မာနိုင်ငံသို့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဆက်တိုက်မြင့်တက်လျက်ရှိရာ အမေရိကန်ဒေါ်လာ သန်း ၉၀၀ အထိ ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စုက မကြာသေးမီက ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားသောကြေညာချက် ထုတ်ပြန်လိုက်ပြီးနောက် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမည့် အလားအလာကောင်းများ ပိုမိုများပြားလာကြောင်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာသည်ကို တွေ့ရကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**မြင့်မောင်စိုး**



အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ် (၉) တပ်ခွဲ နေပြည်တော်တပ်ခွဲမှူး ဒုတိယရဲမှူးခိုင်မြ ကြီးကြပ်ကွပ်ကဲလျက် စခန်းမှူး ရဲအုပ်မြင့်ဇော်ဦးနှင့် ရထားရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ ရက်က ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်တွင် တည်ထားကိုးကွယ်သည့် အောင်စကြာရတနာမုနိစေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ် ကိုမျိုး (ရွှေပေါက်ကံ)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

(စက်တင်ဘာ ၂၂ ရက်မှ အဆက်)

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၇ | ယောဂီစောလွင် | အမှန်မြင်သိပြီလား | ၂၅၀၀ိ/- | Union Publishing House |
| ၃၈ | စိုးမြင့်ဒွဏ်း (အာယုဗ္ဗေဒဂုဏ်ထူး) | ဒူလာလိပ်ခေါင်းရောဂါကုထုံးနှင့် ဆေးဝါးခါတ်စာများ | ၁၅၀၀ိ/- | နန်းဒေဝီစာပေ |
| ၃၉ | သန်းဝင်းလှိုင် | နယ်ချဲ့ဆန့်ကျင်ရေးငြိမ်းချမ်းရေးဖခင်ကြီး၊ မျိုးချစ်စာဆိုဆရာကြီး သခင်ကိုယ်တော်မှိုင်း | ၂၀၀၀ိ/- | ပင်ဝါးရုံစာပေ |
| ၄၀ | တင်ဝင်း(ရေစကြို) | ရုပ်ပွားတော်အနုပညာနိဒါန်း | ၁၅၀၀ိ/- | ရှင်မတောင်စာပေ |
| ၄၁ | ကလောင်စုံ | ဗမာသမိုင်းဟင်းလေးအမှတ်(၃) ဆရာကြီးဒေါက်တာသန်းထွန်း | ၃၀၀၀ိ/- | ရုပ်ပြောင်စာပေ |
| ၄၂ | ညိုမင်းဇံသာ | ငဇက်ာသီတာနှင့်မြသိန်းတန်ရာဇဝင် | ၂၀၀၀ိ/- | GPGစာပေ |
| ၄၃ | ဒေါက်တာသိန်းမြင့် | ယောဂနှင့်အာယုဗ္ဗေဒ | ၃၀၀၀ိ/- | ပကတိရုပ်ဝန်းစာပေ |
| ၄၄ | ဦးဖရက်သိန်းဖေ | ရာသီဥတုပြောင်းလဲခြင်း၊ ဖိစီးဟော်မုန်းနှင့် အခြားစိုက်ပျိုးရေးဆောင်းပါးများ | ၃၀၀၀ိ/- | ပုလဲစာပေ |
| ၄၅ | မောင်သာနိုး | ထင်းရှူးပင်ရိပ် | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၄၆ | ထန်းတပင်စန်းလွင် | မီးလုံးများကိုဖြတ်ကျော်ခြင်း | ၁၂၀၀ိ/- | မေတ္တာရှင်စာပေ |
| ၄၇ | နန်းနန္ဒာ | စဉ်းလဲသောမြေခွေးနှင့်ကြက်နီမလေး | ၁၂၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၄၈ | နန်းနန္ဒာ | ဟမ်မလင်မြို့မှ ပလွေနတ်ဝိဇ္ဇာ | ၁၂၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၄၉ | Aung Myint | Power Point 2016+CD | ၅၀၀၀ိ/- | အောင်မြင်စာပေ |
| ၅၀ | The Key Collection | စာစဉ်(၃၆)ချားလ်ဒ်ဒါဝင် | ၁၅၀၀ိ/- | The key collection |
| ၅၁ | တိုက်ပွဲဝင်တပ်မှူးများ | ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေးတိုက်ပွဲများ (ဆဋ္ဌမတွဲ) | ၃၀၀၀ိ/- | ဟန်သာဆုစာပေ |
| ၅၂ | Aung Thura | The Rhizomaic Militant | ၂၅၀၀၀ိ/- | ဝါးလည်စာပေ |
| ၅၃ | တက္ကသိုလ်ဝင်းမွန် | ခေတ်သစ်ကဗျာမိတ်ဖွဲ့ | ၄၀၀၀ိ/- | ရာပြည့်စာပေ |
| ၅၄ | နန္ဒာသိန်းဇံ | ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း | ၂၅၀၀ိ/- | GPG စာပေ |
| ၅၅ | ဆွေကြည်အေး၊ နန်းရွှေလီကြိုင်၊ သျှို(အင်ကြင်း)၊ ဝါဝါထင်လင်း | အလုပဆုံးလေးရောင်ခြယ်ဝတ္ထုတိုစုစည်းမှု | ၂၀၀၀ိ/- | ရွှေသစ္စာစာပေ |
| ၅၆ | အသေမဦးခင် ပန်းချီဝင်းဇင်(မြိတ်) | သောတာပန်တရားများစုစည်းမှုအတွဲ(၁) | ၂၀၀၀ိ/- | သစ္စာအလင်း |
| ၅၇ | အသေမဦးခင် ပန်းချီဝင်းဇင်(မြိတ်) | သောတာပန်တရားများစုစည်းမှုအတွဲ(၂) | ၂၀၀၀ိ/- | သစ္စာအလင်း |
| ၅၈ | The Key Collection | စာစဉ်(၃၅)အိုက်ဇက်နယူတန် | ၁၅၀၀ိ/- | The Key Collection |

# မီရှဲအိုဘားမား၏ နိုင်ငံကူးလက်မှတ်ကို ဝက်ဘ်ဆိုက်တစ်ခုတွင်တွေ့ရှိပြီးနောက် ဆိုက်ဘာလုံခြုံရေးချိုးဖောက်မှုကိုစစ်ဆေးနေဟုဆို

**ဝါရှင်တန် စက်တင်ဘာ ၂၃**

အမေရိကန်သမ္မတအိုဘားမား၏ ဇနီး မီရှဲအိုဘားမား၏ နိုင်ငံကူးလက်မှတ်ကို ဝက်ဘ်ဆိုက်တစ်ခုတွင် တွေ့ရှိပြီးနောက် သံသယရှိသော ဆိုက်ဘာလုံခြုံရေးချိုးဖောက်မှုကိုစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။



အိမ်ဖြူတော် ဝန်ထမ်းတစ်ဦး၏ အီးမေးလ်အကောင့် ဆိုက်ဘာတိုက်ခိုက်ခြင်းခံခဲ့ရကြောင်း အမေရိကန်မီဒီယာများက စက်တင်ဘာ ၂၂ ရက်တွင်ဖော်ပြခဲ့သည်။ အဆိုပါကိစ္စမှာ အရေးကြီးသောကိစ္စဖြစ်ကြောင်း အိမ်ဖြူတော်မီဒီယာပြောရေးဆိုခွင့်ရှိသူ ဂျိုရှ်အားနက်က စက်တင်ဘာ ၂၂ ရက်တွင်သတင်းထောက်များကို ပြောခဲ့သည်။ လွန်ခဲ့သည့် အပတ်ကတည်းက နိုင်ငံခြားရေးဝန်ကြီးဟောင်း ကောလင်းပိုဝဲလ်၏အီးမေးလ်ကို ဖော်ပြခဲ့သည့် ယင်းဝက်ဘ်ဆိုက်ကို စိတ်ဝင်စားနေကြကြောင်း သိရသည်။

ယင်းဝက်ဘ်ဆိုက်တွင် ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်းဟီလာရီကလင်တို့နှင့်ပတ်သက်ပြီး ပြင်းထန်သော ဝေဖန်မှုများကို ဖော်ပြထားသည်။

ယင်းဝက်ဘ်ဆိုက်သည် ရုရှားနှင့် ချိတ်ဆက်မှုရှိသည်ဟု အမေရိကန်ဆိုက်ဘာ လုံခြုံရေးကုမ္ပဏီတစ်ခုက ပြောခဲ့သည်။ ယခုနှစ်အစောပိုင်းကလည်း ကွန်ပျူတာဟက်ကာသမားများသည် ဒီမိုကရက်တစ်အမျိုးသား ကော်မတီများ အသုံးပြုသော ကွန်ပျူတာများကို ဦးတည်၍ တိုက်ခိုက်မှုပြုလုပ်ခဲ့သေးကြောင်း သိရသည်။ ဆိုက်ဘာတိုက်ခိုက်မှု၏ နောက်ကွယ်တွင် ရုရှားစုံစမ်းထောက်လှမ်းရေးအဖွဲ့ရှိနိုင်ကြောင်း ကလင်တန်က ထောက်ပြပြောဆိုခဲ့သည်။

ဆိုက်ဘာတိုက်ခိုက်မှုပြုခြင်းသည် အမေရိကန်ရွေးကောက်ပွဲနှင့် အမေရိကန်ဒီမိုကရေစီစနစ်အပေါ်ရုရှားတို့၏ ဝင်ရောက် လွှမ်းမိုးလိုခြင်းကို ပြသခြင်းဖြစ်ကြောင်း ကလင်တန်က ဆက်လက်ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# အီးယူမှ ဗြိတိန်ထွက်ခွာရေးဆွေးနွေးမှုကို ၂၀၁၇ ခုနှစ် အစောပိုင်းတွင်စတင်မည်ဟု ဘောရစ်ဂျွန်ဆင်ပြော

**လန်ဒန် စက်တင်ဘာ ၂၃**

ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာရေး ဆွေးနွေးမှုများကို ၂၀၁၇ ခုနှစ် အစောပိုင်းတွင် ပြုလုပ်နိုင်ဖွယ်ရှိကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။ နယူးယောက်ရှိ ဗြိတိန်စကိုင်းနယူးနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ဘောရစ်ဂျွန်ဆင်အနေဖြင့် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်း၏အစိုးရသည် ထွက်ခွာရေးညှိနှိုင်းမှုများကို ဥရောပသမဂ္ဂမိတ်ဆွေများနှင့်တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သာမန်တွေ့ဆုံဆွေးနွေးမှုများစတင်ပြီးနောက် ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာရန် အချိန်နှစ်နှစ် ကန့်သတ်ပေးထားကြောင်း ဥရောပသမဂ္ဂ(အီးယူ)က ပြောခဲ့သည်။ သို့သော်လည်း ဂျွန်ဆင်က အီးယူမှဗြိတိန်ထွက်ခွာရေး နှစ်နှစ်လုံး လိုအပ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်အနေဖြင့် အခြားဥရောပသမဂ္ဂနိုင်ငံများထက် ဂျာမန်ကားများကို ပိုမိုဝယ်ယူကာ အီတလီဝိုင်ကိုပိုမိုသောက်သုံးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဥရောပသမဂ္ဂ(အီးယူ)စီးပွားရေးများသည် စိုးရိမ်စရာအခြေအနေမရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

လွန်ခဲ့သောအပတ်က ဥရောပသမဂ္ဂလုံခြုံရေးကောင်စီ ဒေါ်နယ်တက်ခ်က ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေအနေဖြင့် ဗြိတိန်ထွက်ခွာရေးဆွေးနွေးမှုကို လာမည့်နှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ပြုလုပ်ရန် အဆင်သင့်ဖြစ်နေကြောင်း ပြောခဲ့သည်။ သို့သော်ထရီဆာမေအနေဖြင့် တိကျသော နေ့ရက်ကိုပြောဆိုခြင်းမရှိသေးကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ဖနောင်ပင်ဗုံးပေါက်ကွဲမှုတွင် သံသယရှိသူများကို ရဲအဖွဲ့ဖော်ထုတ်

**ဖနောင်ပင် စက်တင်ဘာ ၂၃**

စက်တင်ဘာ ၆ ရက်က ဖနောင်ပင်တွင် လက်ပစ်ဗုံးပေါက်ကွဲပြီး လူလေးဦးဒဏ်ရာရရှိခဲ့သည့် အမှုတွင် အမျိုးသမီးသုံးဦးအပါအဝင် သံသယရှိသူ ရှစ်ဦးကို ကမ္ဘောဒီးယားရဲများက စက်တင်ဘာ ၂၃ ရက်တွင် ဖော်ထုတ်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဖနောင်ပင်မြို့တော်ရဲချုပ်က သံသယရှိသူ ကမ္ဘောဒီးယားငါးဦးနှင့် ဗီယက်နမ်သုံးဦးကို ရှာဖွေစုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် ယခုအပတ်တွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဗုံးဖောက်ခွဲမှုကြိုးကိုင်သူ အသက် (၄၁)နှစ်ရှိ ကမ္ဘောဒီးယားအမျိုးသမီး ဆော့စ်ကမ်လေးကို စက်တင်ဘာ ၂၀ ရက်က ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ အီးယားကင်လီကို သေစေရန်အတွက် ဗုံးဖောက်ခွဲမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ လက်စားချေမှုသည် ဗုံးပေါက်ကွဲမှု၏နောက်ကွယ်က လှုပ်ရှားမှုဖြစ်ကြောင်း ရဲချုပ်က ဆက်လက်ပြောကြားခဲ့သည်။ ဗုံးဖောက်ခွဲမှုသည် အကြမ်းဖက်မှုနှင့် မသက်ဆိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် လူလေးဦးဒဏ်ရာရရှိခဲ့ပြီး ကားလေးစီးလည်း ပျက်စီးသွားကြောင်း သိရသည်။ ဗုံးပေါက်ကွဲမှုသည် စက်တင်ဘာ ၆ ရက်က ချန်ကာမွန်ဒေသ ဖနောင်ပင်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

သံသယရှိသူလေးဦးမှာ လူသတ်ရန်ကြိုတင်ကြံစည်မှုဖြင့် တရားစွဲဆိုခံရပြီး အခြားသံသယရှိသူလေးဦးမှာ သေမှုသေခင်းပြစ်မှုကျူးလွန်မှုများဖြင့် တရားစွဲဆိုခံရမည်ဖြစ်သည်။

**(ဆင်ဟွာ)**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက နျူကလီးယားစမ်းသပ်မှု ရှောင်ကြဉ်ရန် ဆုံးဖြတ်ချက်မူကြမ်းကိုသဘောတူ

**ဂျီနီဗာ စက်တင်ဘာ ၂၃**

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအားလုံး နျူကလီးယားစမ်းသပ်မှုမှ ရှောင်ကြဉ်ရန် အမေရိကန်ဦးဆောင်သည့် ဆုံးဖြတ်ချက်တစ်ခုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ စက်တင်ဘာ ၂၃ ရက်က သဘောတူခဲ့သည်။



ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ဆန္ဒမဲပေး၍ ဆုံးဖြတ်ချက်မူကြမ်းကို အတည်ပြု သဘောတူမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားအစိုးရသည် ကုလသမဂ္ဂ အထွေထွေညီလာခံဖွင့်ပွဲ ကျင်းပသည့် ယခုလအစောပိုင်းတွင် အဆိုပါ မူကြမ်းကို တင်သွင်းခဲ့သည်။

အိုဘားမားအနေဖြင့် CTBT ဟုခေါ်သော နျူကလီးယားစမ်းသပ်မှု တားဆီးရေးစာချုပ်ကို သက်ဝင်အာဏာရှိစေရန် ရည်ရွယ်လိုခြင်းသာဖြစ်ကြောင်း သိရသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံက CTBT ကို ၁၉၉၆ ခုနှစ်တွင် အတည်ပြုခဲ့သော်လည်း နှစ် ၂၀ ကျော်ကြာပြီးမှ ယင်း CTBT သည် သက်ဝင်လှုပ်ရှားလာခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ယင်းသဘောတူညီမှုကြမ်းကို ဆောလျင်စွာ လက်မှတ်ရေးထိုးအတည်ပြုနိုင်ရေးနှင့် နျူကလီးယားစမ်းသပ်ခြင်းများကို ရှောင်ရှားရန် တိုက်တွန်းထားကြောင်း သံတမန်အသိုင်းအဝိုင်းသတင်းရင်းမြစ်များအရ သိရသည်။ သို့သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်နှင့် ရုရှားတို့၏ သဘောမတူမှုကြောင့် ယင်းသဘောတူညီချက် မူကြမ်းကို အကောင်အထည်ဖော်ရန် နှောင့်နှေးနေကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# လူမည်းအမျိုးသားအားသေနတ်ဖြင့်ပစ်ခတ်ခဲ့သည့် ရဲအရာရှိကို အရေးယူ





**ဝါရှင်တန် စက်တင်ဘာ ၂၃**

အိုကလာဟိုးမား၌ လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် လူမည်းယာဉ်မောင်း အမျိုးသားအား သေနတ်ဖြင့်ပစ်သတ်ခဲ့သည့် ရဲအရာရှိအား ကြိုတင်ကြံစည်ခဲ့ခြင်းမရှိသော်လည်း ဥပဒေချိုးဖောက်ကာ လူတစ်ယောက်ကိုသတ်ဖြတ်ခဲ့မှုဖြင့် အရေးယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ကားမောင်းသမားတီရန့်ခရတ်ချာသည် ၎င်း၏စက်ချွတ်ယွင်းနေသည့် ကားဘေးတွင် ရပ်နေစဉ် ရဲအရာရှိဘတ်တီရှယ်လ်ဘီက သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

မြောက်ကာရိုလိုင်းနားဒေသ ချာလော့တီ၌ လူမည်းအမျိုးသားအား ရဲအရာရှိက သေနတ်ဖြင့် ပစ်ခတ်ရာမှ ပေါ်ပေါက်လာသည့် ဆူပူအုံကြွမှုများကို သုံးရက်မြောက် မဖြစ်ပွားစေရန် ညမထွက်ရအမိန့်ကို ထုတ်ပြန်လိုက်ရာ အဆိုပါအမိန့်သည် ထိရောက်မှုရှိခဲ့သည်။

ကိတ်လာမွန့်စကော့တ်မိသားစုက သေဆုံးသူသည် လက်နက်ကိုင်ဆောင်ထားခဲ့သည်ဟူသော ရဲအဖွဲ့၏စွပ်စွဲချက်များမှာ မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။ ဆူပူဆန္ဒပြမှုများ ငြိမ်သက်အေးချမ်း သွားသော်လည်း စက်တင်ဘာ ၂၂ ရက် ညက ရဲအရာရှိနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ချာလော့တီရဲအဖွဲ့က ပြောကြားခဲ့သည်။ လမ်းများပေါ်တွင် အစောင့်တပ်သားရာပေါင်းများစွာ ဖြန့်ကြက်ချထားခဲ့သည်။

**(ဘီဘီစီ)**

✻ *ကျော်ဖုံးမှ*

အဆိုပါ ရုပ်ရှင်ပွဲတော်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံနိုင်ငံများမှ ရုပ်ရှင်ဒါရိုက်တာများ၊ အနုပညာရှင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရုပ်ရှင်အနုပညာရှင်များ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရိုးရာအကများ၊ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ရုပ်ရှင်ပွဲတော်သို့ မြန်မာနိုင်ငံမှ ဖြိုးနှင့်မင်းရုပ်ရှင်ထုတ်လုပ်သူဒါရိုက်တာ အဏ်ထော်ဏီက "ကျွန်တော်နဲ့ ရုပ်ရှင်သရုပ်ဆောင် စိုင်းလျှံ၊ မိုးမြင့်သဇင်တို့ကို ရောင်နီဦး၏ အလင်းရောင်နှင့်အတူ (Burma's Hijack)ရုပ်ရှင်မြင်ကွင်းကျယ် ဇာတ်ကားအတွက် ဖိတ်ကြားတာပါ။ ဒီဇာတ်ကားရုပ်ရှင်ပွဲတော်မှာ ပြသသွားမှာပါ။ ၂၀၁၃ ခုနှစ်မှာ ဒါရိုက်တာစလုပ်ဖြစ်ပြီး ရုပ်ရှင်ကို ဖလင်နဲ့ ခြောက်ကားရိုက်ခဲ့ပါတယ်။ ဒီ Burma's Hijack က RED အမေရိကန်ကင်မရာနဲ့ ရိုက်ကူးထားပြီး အကယ်ဒမီကြည်မင်းသိန်းက အသံဖမ်းယူပေးထားပါတယ်"ဟု ဒါရိုက်တာ အဏ်ထော်ဏီက ပြောသည်။

ယင်းရုပ်ရှင်ပွဲတော်ကို စက်တင်ဘာ ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ပြီး 4th Silk Road International Film Festival (SRIFF)ကို ၂၀၁၇ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ 3rd Silk Road International Film Festival (SRIFF) စာချုပ်ချုပ်ဆိုပွဲကို စက်တင်ဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီက ရှီအန်းမြို့ Gran Melia ဟိုတယ် Zhenguan Hall ၌ ကျင်းပခဲ့သည်။

ယင်းစာချုပ် ချုပ်ဆိုပွဲသို့ အာဆီယံရုပ်ရှင်နိုင်ငံများမှ ရုပ်ရှင်အနုပညာကိုယ်စားလှယ်အဖွဲ့များ၊ တရုတ်နိုင်ငံဆိုင်ရာ သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါရုပ်ရှင်လုပ်ငန်းရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်း အဆက်မပြတ်ရှင်သန်နိုင်ရေးအတွက် ဖိုရမ်ကို တရုတ်နှင့် အာဆီယံနိုင်ငံများမှ ရုပ်ရှင်လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်များက ဆွေးနွေးကာ သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပတ္တလားအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) သီဂီရွှေရောင် (ပတ်ပျိုး)
- (ခ) ဖြူပြာမှုရာ (ပတ်ပျိုး)
- (ဂ) ညာသပြေဘောင် (ကြိုး)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (စ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ဆ) လေပြည်ဆော်သွင်းမြူး (မြင်းတက်ယိုးဒယား)
- (ဇ) ညင်းညင်း (မွန်)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) မြိုင်ဟေမာ (ယိုးဒယား)
- (ခ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
- (ဂ) မြန်ချာမြေကို (ပတ်ပျိုး)

၃။ **အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) မှန်ရဝေ (ပတ်ပျိုး)
- (ခ) လွမ်းပိုအောင်ညိုမင်းလွင် (ယိုးဒယား)
- (ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၄။ **အခြေခံပညာ(၁၅-၂၀) အဆင့်(အမျိုးသား၊ အမျိုးသမီး)**
- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) မှိုင်းရိပ်ကယ်တည့်ဝေမှောင် (ကြိုး)
- (ဂ) ဆန်းနွေဦး (ယိုးဒယား)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မင်းလွင်မင်းလွင်မှိုင်းအုံ့ (ကြိုး)
- (ခ) ဂန္ဓမာတောင် (ဘွဲ့)
- (ဂ) လူမနှော (ပတ်ပျိုး)

## စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**မိုးညို စက်တင်ဘာ ၂၃**

သာယာဝတီခရိုင် မိုးညိုမြို့နယ်၌ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာလ တတိယပတ်က ဘုရားငူအုပ်စု လဖျော်ပင်ကျေးရွာရှိ တောင်သူ ဦးခင်မြင့်၏ မိုးစပါးစိုက်ခင်း၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းစိန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိန်ထွန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရေလုပ်သား စုစုပေါင်း ၈၀ တို့က ငါးခုံးမကြီးနှင့် တီလားဗီးယားငါးသားပေါက်ကောင်ရေ ၉၇၅၀၀ ကို မိုးစပါးစိုက်ခင်းများအတွင်းသို့ စုပေါင်းငါးမျိုးစုထည့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# သမိုင်းဝင်ရွှေကြက်ယက် ရွှေကြက်ကျဘုရား လှေဦးတိုက် ပွဲတော်ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၃**



နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော သမိုင်းဝင်ရွှေကြက်ယက် ရွှေကြက်ကျဘုရား လှေဦးတိုက်ပွဲတော်ကို စက်တင်ဘာ ၂၃ ရက်က ကျင်းပရာ ကျေးရွာ ၁၄ ရွာမှ လှေအသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါလှေဦးတိုက်ပွဲကို ရွှေကြက်ကျဘုရားအထက် ဧရာဝတီမြစ်အတွင်း လွှတ်မှန်ဒိုင်းမှ စတင်တာလွှတ်ပြီး သုံးဖာလုံကွာဝေးသော ရွှေကြက်ကျဘုရားအခြေမြစ်အတွင်း ဆွတ်မှန်ဒိုင်းသို့ ပန်းဝင်ကြမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီအဖွဲ့ဝင် ဦးသန်းအောင်က ပြောသည်။

"အရင်ဘိုးဘွားတွေ လက်ထက်ကတည်းက နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက်ကျင်းပလာတဲ့ သမိုင်းဝင် လှေဦးတိုက် ပွဲတစ်ခုဖြစ်ပါတယ်။ ရိုးရာဓလေ့ပွဲတော်ကို လုံးဝကွယ်ပျောက်မသွားဖို့အတွက်နဲ့ နောင်လာနောက်သားတွေ လက်ဆင့်ကမ်း ထိန်းသိမ်းကျင်းပသွားမယ့် ပွဲတော်တစ်ခုဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

လှေဦးတိုက်ပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်သည့်ကျေးရွာများမှာ မိုးကောင်းရွာသစ်၊ ပတ္တမြား၊ သပြေတန်း၊ ခဝဲတော်၊ သက္ကယ်တော်၊ ကိုးသင်း၊ ရွှေဒင်၊ ရွှေလောင်း၊ စိန်တုံး၊ ရွှေဟသာ၊ ကွက်သစ် (၁) ရွှေလေး အောင်ချမ်းသာ စသည့်ရွာတို့မှ ငှက်လှေအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆု ၁၁ ဆုတို့ကို ပြိုင်ပွဲဆုရလှေအဖွဲ့များအား ဘုရားဂေါပကအဖွဲ့က ဆုကြေးနှင့် ဆုဖလားများချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ လှေဦးတိုက်ပွဲတော်ကျင်းပသည့် စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက လှေပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုးသင်းရွာလှေအဖွဲ့ ငှက်လှေပေါ်တွင် အုန်းသီး၊ ငှက်ပျောသီး၊ ပန်းကန်တော့ပွဲတင်၍ ရွှေကြက်ကျဘုရားကို သုံးကြိမ်ဦးတိုက် ကန်တော့ပြီး ရေနေသတ္တဝါများအား အစာကျွေးကာ ကျန်သည့် ၁၃ ရွာမှ ပြိုင်ပွဲဝင် လှေအဖွဲ့များက မိမိတို့ယှဉ်ပြိုင်မည့် ငှက်လှေများဖြင့် ရွှေကြက်ကျဘုရားအား လှော်ခတ်ဦးတိုက်ကန်တော့ကြသည်။ အဆိုပါ လှေပြိုင်ပွဲကို နှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## တောင်ကျချောင်းရေကြောင့် တောင်တွင်းကြီး မြေနိမ့်ပိုင်းရပ်ကွက်များ ရေကြီးမှုဖြစ်

**တောင်တွင်းကြီး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ရပ်ကွက် မြေနိမ့်ပိုင်းအချို့တွင် စက်တင်ဘာ ၂၂ ရက် ည ၁၁ နာရီခွဲခန့်စတင်၍ စတုတ္ထအကြိမ် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားရခြင်းမှာ မြို့၏အရှေ့ဘက်ရှိ အလယ်ရိုးမဝန်းကျင်တွင် မိုးများအဆက်မပြတ်ရွာသွန်းခြင်းကြောင့် စက်စက်ယိုတောင်ကျချောင်းရေမှ ရေများစီးဝင်လာခြင်း၊ ကန်တော်ကြီးကန်တွင် လှောင်ရေ ၁၂ ပေခွဲခန့်ရှိနေသဖြင့် ရေပိုလွှဲမှထုတ်လွှတ်သော ရေများစီးဆင်းလာခြင်း၊ မြို့လယ်ချောင်းမကြီး တိမ်ကောနေခြင်းများကြောင့် နှစ်စဉ် ရေကြီးရေလျှံမှုဒဏ် ခံစားနေကြရခြင်းဖြစ်ကြောင်း သိရသည် ။

ထိုကဲ့သို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ရခြင်းကြောင့် တောင်ပြင်(၁) ရပ်ကွက် မြေနိမ့်ပိုင်းရှိ နေအိမ် ၉၀ ခန့်၊ တောင်ပြင်(၂)ရပ်ကွက် မြေနိမ့်ပိုင်းရှိ နေအိမ် ၃၀၀ ခန့်၊ အုန်းတော(၁)ရပ်ကွက် မြေနိမ့်ပိုင်းရှိ နေအိမ် ၈၀ ခန့် ၊ အုန်းတော (၂) ရပ်ကွက် မြေနိမ့်ပိုင်းရှိ နေအိမ် ၂၀ ခန့် စုစုပေါင်း လူနေအိမ် ၄၉၀ ခန့်တို့တွင် ရေအနက် တစ်ပေမှ လေးပေခန့်အထိ ရေလွှမ်းမှုဒဏ် ခံစားနေကြရကြောင်းနှင့် ရန်ကုန်- ပြည်ကားလမ်းမကြီး မိုင်တိုင်အမှတ် ( ၂၇၉ / ၃ ) နှင့် ( ၂၇၉ /၄ ) ကြား ကားလမ်းမကြီးပေါ်တွင် အရှည်ပေ ၁၄၀ ခန့် ၊ အနက် ကိုးလက်မခန့် ရေကျော်မှုဖြစ်ပွားကာ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်ရေး သက်ဆိုင်ရာ ဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားနေမှုများကြောင့် အိမ်မွေးတိရစ္ဆာန်များ၊ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်းယာဉ်များကို ရေလွတ်ရာကုန်းမြင့်နေရာများသို့ ရွှေ့ပြောင်းထားရကြောင်း သိရသည်။ ယခုကဲ့သို့ ရေလွှမ်းခြင်းသည် ရေဝင်ရောက်မှု စံချိန်သစ်ဖြစ်ပြီး ယခင်ခံစားခဲ့ရသည့် ရေလွှမ်းမှုများသည် ရေအနက် တစ်ပေခန့်မှ သုံးပေခန့်အထိသာဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများသည် နှစ်စဉ် ရေကြီးရေလျှံမှုဒဏ် ခံစား နေကြရပြီး ထိုကဲ့သို့ ရေလွှမ်းမှုကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါကဲ့သို့ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဗိုလ်ပြည့် (တောင်တွင်းကြီး )**

## လဟယ်မြို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဒေသခံတောင်သူများ အခက်ကြုံ

**ခန္တီး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် စက်တင်ဘာလ ပထမပတ်နှင့် ဒုတိယပတ်အတွင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ယာလုပ်ငန်းလုပ်ကိုင်ကြသည့် ဒေသခံတောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထားသည့် သီးနှံများပျက်စီးမှုများဖြင့် တွေ့ကြုံနေရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် လက်ရှိကာလတွင် တောင်ယာများ၌ စိုက်ပျိုးထားသည့် စပါးခင်းများ၊ ပြောင်းခင်းများနှင့် ပဲခင်းများသည် အပွင့်နှင့် အသီးကင်းများ စတင်သီးပွင့်နေချိန်ဖြစ်၍ ယခုလို မိုးရွာသွန်းမှုများခြင်းကြောင့် အသီးအပွင့်များ ကြွေကျပျက်စီးခြင်း၊ တောင်ကျရေများခြင်းကြောင့် စိုက်ခင်းများပျက်စီးခြင်းတို့ဖြစ်ပေါ်နေကြောင်း ဒေသခံတောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**စန်းလွင်ဦး**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ခရီးသည်က ယာဉ်မောင်းအား ဓားထိုးလုယက်မှုဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်မြို့တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်းနှင့် ရန်ကြီးအောင်လမ်းထောင့်တွင် စက်တင်ဘာ ၂၂ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က ဓားထိုးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရဲသူ အသက် (၂၅ နှစ်)မောင်းနှင်လာသော ယာဉ်အမှတ်AYY/DD---ဟွန်ဒိုင်အငှားယာဉ်သည် ခရီးသည်နှင့်အတူ မောင်းနှင်လာစဉ် ဒဂုံလွင်လမ်းနှင့် ရန်ကြီးအောင်လမ်းထောင့်အရောက်တွင် ခရီးသည်က အသင့်ယူလာ သောဓားဖြင့် ယာဉ်မောင်း ရဲသူ၏ လည်ပင်းအားဓားထောက်၍ ကားပေါ်ပါ ပစ္စည်းများအား လုယက်ထွက်ပြေးသွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ သတင်းရလျှင်ရခြင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် အနီးဝန်းကျင်ရှိ ပြည်သူတို့က ရဲသူအား ရန်ကုန်ဆေးရုံကြီးသို့ပို့ဆောင်ပေးခဲ့ပြီး တာမွေမြို့မရဲစခန်းက အရေးယူဆောင်ရွက်နိုင်ရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှလှ**

# လမ်းဖြတ်ကူးသူအား ခြောက်ဘီးယာဉ်တိုက်၍ ပွဲချင်းပြီးသေဆုံး

**ပဲနွယ်ကုန်း စက်တင်ဘာ ၂၃**

ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းအပိုင်တွင် စက်တင်ဘာ ၂၂ ရက် ည ၉ နာရီခန့်က လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦးအား ခြောက်ဘီးယာဉ်တိုက်မိ၍ ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေရဲစခန်း၏အနောက်မြောက်ဘက် ငါးဖာလုံခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၂၁/၀-၁) တပင်ရွှေထီးရပ်ကွက်အနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ခေတ္တစခန်းမှူးရဲအုပ်မြတ်မင်းသူ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးရာ လမ်းဖြတ်ကူးနေသူ အေးဝင်း(၄၅ နှစ်) ဇလုပ်ကြီးကျေးရွာနေသူအား ယာဉ်မောင်း ဘိုဘိုစိုး ရန်ကုန်တိုင်းဒေသကြီး နေမောင်းနှင်သော ဒိုင်နာယာဉ်က အရှိန်မထိန်းနိုင်ဘဲတိုက်မိခဲ့ရာ နေရာတွင်ပွဲချင်းပြီး သေဆုံးခဲ့သည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်နှင့်အဖွဲ့အား ကျောက်တံတားမြို့မရဲစခန်း၌ တရားစွဲဆိုထား

**နေပြည်တော်  စက်တင်ဘာ ၂၃**

အိမ်အကူအမျိုးသမီးငယ်နှစ်ဦးအား ညှဉ်းပန်းနှိပ်စက်ခဲ့မှုနှင့် ပတ်သက်၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်မှ ဆိုင်ပိုင်ရှင် ဒေါ်တင်သူဇာ၊ ခင်ပွန်း ကိုလတ်(ခ)မိုဟာမက်ရှဖီး၊ သား တင်မင်းလတ်(ခ) ဖိုက်ဇယ်၊ သမီး မစုမွန်လတ်၊ ရာဇာထွန်းနှင့် မသီရိလတ်တို့ ခြောက်ဦးအား ကျောက်တံတားမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

၎င်းတို့ ခြောက်ဦးအား စက်တင်ဘာ ၂၀ ရက်တွင် (ပ) ၁၉၃/ ၂၀၁၆ လူကုန်ကူးမှု တားဆီးရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း။

ထို့ပြင် စက်တင်ဘာ ၂၂ ရက်တွင် လူမှုဝန်ထမ်းဦးစီးဌာနက ဒေါ်တင်သူဇာ၊ တင်မင်းလတ်(ခ) ဖိုက်ဇယ်၊ စုမွန်လတ်တို့သုံးဦးအား ကလေးသူငယ် ဥပဒေပုဒ်မ ၆၆ (ဃ) အရ ကျောက်တံတားမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထား အရေးယူခဲ့ကြောင်း၊ ဖမ်းဆီးရမိထားသော ဒေါ်တင်သူဇာ၊ တင်မင်းလတ်(ခ) ဖိုက်ဇယ်၊ မစုမွန်လတ်၊ ရာဇာထွန်းနှင့် ကိုလတ်(ခ) မိုဟာမက်ရှဖီးတို့ ငါးဦးအား အနောက်ပိုင်းခရိုင်တရားရုံး၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၂၉/ ၃၂ ဖြင့်လည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ မသီရိလတ်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မအပြင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုတင်ပို့ထားရှိပြီးဖြစ်ကြောင်း။

အလားတူ စက်တင်ဘာ ၂၂ ရက် ည ၈ နာရီတွင် ဒေါ်တင်သူဇာအပါအဝင် ခြောက်ဦးအား (ပ) ၂၀၁/ ၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၂၆/ ၃၂၅/ ၃၄၄/ ၁၁၄ တို့ဖြင့် ထပ်မံအမှုဖွင့်လှစ်ထားရှိပြီး ဥပဒေအကြံပြုချက်နှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကြန်တောချောင်းအတွင်း၌ သဲကျောက်မြေများကို ဘက်ဟိုးဖြင့် တူးယူမှုပြုလုပ်နေ

**ကသာ  စက်တင်ဘာ ၂၃**

ကသာမြို့နယ် ကြန်တော ပြည်သာယာ ချောင်းထဲ၌ ပြေလဆန်းပိုင်းမှ စက်တင်ဘာ ၁၈ ရက်အထိ သဲကျောက်မြေများကို ဘက်ဟိုးဖြင့် တူးယူမှုပြုလုပ်နေသဖြင့် ကြန်တောရွာနေ ပြည်သူများနှင့် ရပ်မိရပ်ဖများက မပြုလုပ်ရန် တားမြစ်ခဲ့သော်လည်း ဆက်လက်ပြုလုပ်နေကြသည်။ ၂၀၀၂ ခုနှစ်တွင် ရေကြီးလာမှုများကိုလည်း ကြုံတွေ့ခဲ့ရသည်။ ယခုအခါ ဘက်ဟိုးဖြင့် သဲကျောက်မြေများကို သယ်ယူလုပ်ကိုင်နေမှုကို ချောင်းအနီး နေထိုင်သူများက စိုးရိမ်ပူပန်လျက်ရှိနေကြသည်။



၂၀၁၄ ခုနှစ်တွင်လည်း ထပ်မံ၍ ကြန်တောချောင်းရေကြီးပြီး နေအိမ်များ မျောပါပျက်စီးဆုံးရှုံးမှုကိုလည်း ကြုံတွေ့ခဲ့ရခြင်းကြောင့် ပြည်သူများက စိုးရိမ်စိတ်များဖြစ်နေကြခြင်းဖြစ်သည်ဟု သိရသည်။

ရေလမ်းကြောင်း ဖော်သည်ဟု ဆိုပြီး သဲကျောက်များကို ရောင်းစားလျက်ရှိကြောင်း၊ သဲကျောက်တူးဖော်မှုကို နံနက် ၇ နာရီမှ ည ၇ နာရီအထိ သယ်ယူလုပ်ကိုင်နေကြောင်း ဒေသခံ ကျေးရွာနေပြည်သူများက ပြောသည်။ ထိုသို့လုပ်ကိုင်မှုကို သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် ဌာနအသီးသီးထံသို့ ကျေးရွာ ပြည်သူများက လက်မှတ်ရေးထိုးပြီး စာတင်ထားကြောင်း သိရသည်။ **လဘန်အောင်**

# မြစ်ကမ်းပါးပြိုသဖြင့် ပြောင်းရွှေ့နေထိုင်ရသည့် ထုံးမကြီးကျေးရွာ မြစ်ရေတက်သဖြင့် ထပ်မံနေရာ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိ

**မင်းဘူး  စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ထုံးမကြီးကျေးရွာသည် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျ၍ လူနေအိမ်များ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ယခင် ကျေးရွာဟောင်း၏ အနောက်ဘက် မန်းကျိုးကျေးရွာ၏ မြောက်ဘက်ရှိ ကွင်းအမှတ် (၁၂၁၅)၌ အိမ်ထောင်စု ၁၇၆ အိမ် ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း ဧရာဝတီမြစ်ရေမြင့်တက်လာသည့်အခါ ကျေးရွာအတွင်း မြစ်ရေအမြင့် ၁၃ ပေအထိ မြင့်တက်ခဲ့ပြီး နှစ်စဉ်မြစ်ရေဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာနေပြည်သူများသည် မြစ်ရေမြင့်တက်လာသည့်အခါ အိမ်ထောင်ပရိဘောဂများနှင့် နွားစာများထားရှိရန် အခက်အခဲဖြစ်လျက်ရှိပြီး နှစ်စဉ် ကြုံတွေ့ရမည့် အခက်အခဲများကြောင့် ကျေးရွာနေရာ ထပ်မံပြောင်းရွှေ့ရန် စီစဉ်လျက်ရှိရာ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကျေးရွာအသစ်နေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထုံးမကြီးကျေးရွာ ထပ်မံပြောင်းရွှေ့ရန် စီစဉ်သည့်နေရာမှာ မန်းရေနံမြေအတွင်းရှိ ကွင်းအမှတ်(၁၂၃၂)နှင့် (၁၂၃၅)ရှိ ယာမြေ ၂၅ ဧက၌ ပြောင်းရွှေ့နေထိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သူရထွန်း (ပွင့်ဖြူ)**

# မြောက်ဦးဒေသ မိုဘိုင်းဆက်သွယ်ရေးဖွံ့ဖြိုးမှုအတွက် ဆွေးနွေးပွဲကျင်းပ

**မြောက်ဦး စက်တင်ဘာ ၂၃**

ပြည်တွင်း ပြည်ပခရီးသွားများ သွားရောက်လည်ပတ်ရာဒေသတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း မိုဘိုင်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုအတွက် ဆွေးနွေးပွဲတစ်ခုကို စက်တင်ဘာ ၂၂ ရက်က မြောက်ဦးမြို့၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြောက်ဦးမြို့နယ်ကိုယ်စားပြု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အပါအဝင် ရပ်မိရပ်ဖများ၊ အရပ်ဘက်အဖွဲ့အစည်းအချို့မှ ကိုယ်စားလှယ်များ၊ မိုဘိုင်းဆင်းကတ်ရောင်းချသည့် လက်လီအရောင်းဆိုင်ပိုင်ရှင်များ တက်ရောက်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်မှုနှင့် မိုဘိုင်းဆက်သွယ်ရေးကဏ္ဍတို့၏ ချိတ်ဆက်အထောက်အကူပြုမှုတို့အပါအဝင် မြောက်ဦးမြို့၏ လက်ရှိ မိုဘိုင်းဆက်သွယ်ရေးကွန်ရက် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

မြောက်ဦးမြို့နယ်သည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခု ဖြစ်သည့်အတွက် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရန် အရေးပါသလို ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်များလည်းရှိရာ ယင်းအချက်များကို အလေးထားပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဟန်ချက်ညီညီဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးကျော်ဝင်းက ပြောကြားသည်။

ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်များကို မကြာခဏ ခံစားရလေ့ရှိသည်ဖြစ်ရာ ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အချိန်မီသိရှိနိုင်ကြပြီး အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးမှုကို လျှော့ချနိုင်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်သည်။

မြောက်ဦးမြို့နယ်သည် ရှေးဟောင်း ဘုရား၊ စေတီပုထိုး၊ အမွေအနှစ်များစွာရှိသည့်အတွက် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်ကြသည့် ခရီးသွားဒေသတစ်ခုဖြစ်ရာ မိုဘိုင်းဆက်သွယ်ရေးတိုးတက်မှုက ခရီးသွားလုပ်ငန်းကဏ္ဍအတွက်လည်း အထောက်အကူပြုကြောင်း၊ ထို့ပြင် မိုဘိုင်းဆင်းကတ်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချနိုင်မှုကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာကြကြောင်း ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးကျော်ဆန်းအေးက ပြောကြားသည်။

ဆွေးနွေးပွဲတွင် မိုဘိုင်းဆက်သွယ်ရေးအခြေအနေ တိုးတက်မှုက ဒေသ၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပုံများကို ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သော တယ်လီနောမြန်မာမှ တာဝန်ရှိသူများကလည်း အဓိကပါဝင်ဆွေးနွေးခဲ့ကြသည်။

အရပ်ဘက်အဖွဲ့အစည်းအချို့ကမူ မြောက်ဦးဒေသမှ ဒေသခံများအနေဖြင့် မိုဘိုင်းအင်တာနက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိသုံးစွဲကြရသည်ကို လိုလားကြောင်းနှင့် မိုဘိုင်းကွန်ရက်များ စတင်ဆောင်ရွက်စဉ် ပြည်သူများ၏အသံကို ရယူနားထောင်ဆောင်ရွက်သင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။ **ကျော်ထူး**




## ဝန်ထမ်းအလိုရှိသည်

၁။ စာရင်းကိုင် (B.Com,B.A(Eco),LCCI Level(II,III) - မ (၂) ဦး
၂။ ရုံးဝန်ထမ်း (Staff Office) - ကျား/မ (၅) ဦး

အမှတ်စဉ်(၁) - (B.Com,B.A(Eco) ဘွဲ့ရ
- LCCI Level(II,III)
- ရန်ကုန်တွင် တာဝန်ထမ်းဆောင်ရန်

အမှတ်စဉ်(၂) - တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာ (Microsoft Excel,Word,Internet) ကျွမ်းကျင်ရမည်။
- အသက်(၂၅)မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (နေ/စား)စရိတ်ငြိမ်း။

**မှတ်ချက်**
(ကျား)ဝန်ထမ်းများသည် ကျန်းမာရေးကောင်းမွန်ပြီး အသောက်အစားကင်းရှင်းသူ၊ အနေအေး ဆေးသူဖြစ်ရမည်။
လျှောက်ထားလိုသူများသည် Passport size ဓာတ်ပုံ၊ CV အပြည့်အစုံနှင့်အောက်ပါ Email(သို့)အမှတ်(၄၂-A)၊ ပါရမီအိမ်ရာဝင်း၊ လှိုင်တက္ကသိုလ်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ တစ်လအတွင်း လာရောက်လျှောက်ထား နိုင်ပါသည်။
Email-ygnyadanar@gmail.com
ဖုန်း-၀၉-၉၇၅၀၈၂၉၉၃၊ ၀၉-၈၃၀၄၂၀၂

## မိဘအမည်မှန်

ဘိုကလေးမြို့ အထက(၂) နဝမတန်း(D)မှ မစုလှဲ့ဝင်း၏မိဘအမည်မှန်မှာ ဦးငွေးဝင်းနှင့် ဒေါ်ချိုချိုသဲ ဖြစ်ပါကြောင်း။
**ဦးငွေးဝင်း-ဒေါ်ချိုချိုသဲ**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်ဇင်သူရထက်၏ဖခင်အမည်မှန်မှာ ဦးကျော်မင်းသူ ၅/ရဘန(နိုင်)၁၅၄၈၇၉ ဖြစ်ပါကြောင်း။
**ဦးကျော်မင်းသူ**

## ဖခင်အမည်မှန်

မဘိမ်းမြို့၊ အလက(ခွဲ)(မ-၂)အဋ္ဌမတန်းမှ မောင်ထွန်းထွန်းဝင်း၏ဖခင်အမည်မှန်မှာ ဦးမျိုးမင်းသန်း ၁၃/မဘန(နိုင်)၀၂၀၁၂၁ ဖြစ်ပါကြောင်း။
**ဦးမျိုးမင်းသန်း**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ယင်းမာပင် အခြေခံပညာအထက်တန်းကျောင်း စတုတ္ထတန်း(D)မှ မောင်စည်သူကျော်အား ယနေ့မှစ၍ မောင်စိုင်းစိုင်းဟု ပြောင်းလဲခေါ်ပါရန်။
**မောင်စိုင်းစိုင်း**

## ဖခင်အမည်မှန်

မဘိမ်းမြို့၊ အလက(ခွဲ)(မ-၂) အဋ္ဌမတန်းမှ မမေမိုးစက်၏ဖခင်အမည်မှန်မှာ ဦးမြင့်ကိုကို ၁၃/မဘန(နိုင်)၀၂၉၄၂၃ ဖြစ်ပါကြောင်း။
**ဦးမြင့်ကိုကို**

## ဖခင်အမည်မှန်

မဘိမ်းမြို့၊ အလက(ခွဲ) (မ-၂) အဋ္ဌမတန်းမှ မနန်းချယ်ရီမိုး၏ ဖခင်အမည်မှန်မှာ ဦးယာမိုး ၁၃/မဘန(နိုင်)၀၁၃၁၂၇ ဖြစ်ပါကြောင်း။
**ဦးယာမိုး**

## အမျိုးသားလွှတ်တော်ရုံး
## (အိတ်ဖွင့်တင်ဒါဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း)

၁။ အမျိုးသားလွှတ်တော်ရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-
(က) ကွန်ပျူတာအပါအဝင် ရုံးသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်း
(ခ) ရုံးသုံးပရိဘောဂများ ဝယ်ယူခြင်း
(ဂ) Office File Management & Archive System လုပ်ငန်းဆောင်ရွက်ခြင်း
(ဃ) e-Voting ဆိုင်ရာဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း
(င) e-Government ဆိုင်ရာ Hardware နှင့် Software များဝယ်ယူခြင်းလုပ်ငန်း

**တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန်** - ၂၆-၉-၂၀၁၆ရက်မှ ၄-၁၀-၂၀၁၆ရက်အထိ ၉း၃၀နာရီမှ ၁၆း၀၀နာရီအထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၁၀-၂၀၁၆ရက် ၁၆း၀၀နာရီ
**တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - အမျိုးသားလွှတ်တော်ရုံး၊ (J)ဆောင်၊ (1-G) ဆောင်၊ နေပြည်တော်

၂။ တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ၀၆၇-၅၉၁၂၆၈၊ ၀၆၇-၅၉၁၄၅၀၊ ၀၆၇-၅၉၁၂၃၈၊ ၀၆၇-၅၉၁၂၃၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ငွေလုံးငွေရင်းအသုံးစရိတ်ဝယ်ယူရေးအဖွဲ့**
**အမျိုးသားလွှတ်တော်ရုံး**
**နေပြည်တော်**

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၃)မှ မောင်သန့်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ဖြစ်ပါကြောင်း။
**ဦးဆန်းဝင်း**

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (A)မှ မတင့်တင့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ဖြစ်ပါကြောင်း။
**ဦးသန်းဇော်**

## ဖခင်အမည်မှန်

ကသာမြို့၊အထက(၂) တက္ကသိုလ်ဝင်တန်း(A) မှ မမြတ်နှင်းစု၏ ဖခင်အမည်မှန်မှာ ဦးမြင့်လှိုင် ဖြစ်ပါကြောင်း။
**ဦးမြင့်လှိုင်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် ၃ဂ/၉၈၃၈ ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

# ပြည်ကြီးတံခွန်မြို့နယ်(စ) ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၅၄လမ်း× ၅၅လမ်းကြား၊ ဇန္တုလလမ်းနှင့် ကျန်စစ်သားလမ်းကြား၌ စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က နေအိမ်လေးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှု ဖြစ်ပွားခဲ့ရာတွင် Level 2 အဆင့်ရှိကာ သွပ်မိုး ထရံကာ နှစ်ထပ်အိမ်တစ်လုံး၊ သွပ်မိုး ထရံကာ တစ်ထပ်အိမ်နှစ်လုံးနှင့် နှစ်ထပ်တိုက် အခန်းတစ်ခန်း မီးလောင်ခဲ့ပြီး မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါမီးလောင်ရာနေရာသို့ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးငြိမ်းသတ်ယာဉ် အစီး ၅၀၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦး၊ အရန်မီးသတ် ၁၂၀ နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ လာရောက်ကူညီငြိမ်းသတ်ခဲ့ကြပြီး မီးလောင်မှုကြောင့် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ထထ-၃၄/၇၁ အိမ်ပိုင်ရှင် မနိုင်နိုင်မော်အား မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး မီးစတင်လောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်**

# ရွှေဘိုမြို့ မအူရွှေတောင်ဦးတောင်ပေါ်က စကျင်ကျောက် ထိုင်တော်မူရုပ်ပွားတော်နှစ်ဆူ ဦးခေါင်းဖြတ်ခိုးယူခံရ

**ရွှေဘို စက်တင်ဘာ ၂၃**

ရွှေဘိုမြို့နယ် မအူကျေးရွာ ရွှေတောင်ဦးဘုရားကုန်းပေါ်ရှိ စေတီငါးဆူအနက် မြောက်ဘက်စွန်းစေတီနှစ်ဆူအတွင်း တည်ထားကိုးကွယ်သော ထိုင်တော်မူရုပ်ပွားတော်နှစ်ဆူ၏ ဦးခေါင်းများပြတ်၍ ပျောက်ဆုံးနေမှုအပေါ် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌက တရားလိုပြုလုပ်တိုင်တန်းထားရာ ကျောက်မြောင်း နယ်မြေရဲစခန်းက အမှုရေးဖွင့်စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်းများကို ဆက်စပ်အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ် မအူကျေးရွာနေ ရွှေတောင်ဦးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြမောင်သည် စက်တင်ဘာ ၂၁ ရက်က နေအိမ်တွင်ရှိနေစဉ် ညနေ ၆နာရီခွဲတွင် မအူကျေးရွာသားများရောက်ရှိလာပြီး ဘုရားကုန်းပေါ်မှ ရုပ်ပွားတော်နှစ်ဆူ ဦးခေါင်းပြတ်နေကြောင်းပြောသဖြင့် သွားရောက်ကြည့်ရှုခဲ့ရာ ရွှေတောင်ဦးဘုရား စေတီငါးဆူအနက် မြောက်ဘက်စွန်းစေတီနှစ်ဆူအတွင်း တည်ထားကိုးကွယ်သည့် ဉာဏ်တော်သုံးပေခန့်ရှိ စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ထိုင်တော်မူရုပ်ပွားတော်နှစ်ဆူမှာ ဦးခေါင်းပြတ်လျက်ပျောက်ဆုံးနေသည်ကို တွေ့ရကြောင်း သိရသည်။

ထိုသို့တွေ့ရှိခဲ့ရသဖြင့် ဗုဒ္ဓရုပ်ပွားတော်များကို ဦးခေါင်းဖြတ်ခိုးယူသူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် စက်တင်ဘာ ၂၂ ရက်က ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြမောင်က တရားလိုပြုတိုင်တန်းသဖြင့် ကျောက်မြောင်းနယ်မြေရဲစခန်းက အမှုရေးဖွင့် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကျွန်းသစ်တင်ဆောင်လာသောယာဉ်တစ်စီး လမ်းဘေးရေမြောင်းထဲထိုးကျ

**ဘားအံ စက်တင်ဘာ ၂၃**

ဘားအံ-သထုံကားလမ်း၌ စက်တင်ဘာ ၂၂ ရက်က ဘားအံဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်း ဝင်းမြင့်သိန်း (၃၅နှစ်) ဒိုက်ဦးမြို့နယ်နေသူနှင့် ဦးအောင်ရင်(၅၀နှစ်)တို့လိုက်ပါလာသော ယာဉ်အမှတ် YGN9/---- သည် ကျွန်းသစ်ခွဲသားဆိုက်စုံ နှစ်တန်ခန့် တင်ဆောင်ကာ တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ လမ်းဆုံအနီး မိုင်တိုင်(၂၀/၁)နှင့်(၂၀/၂)အကြား၊ တံတားအမှတ်(၂၁/၁) အရှေ့ဘက်တွင် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်တံတားဘေး အနက်ရှစ်ပေ၊ အကျယ် ၁၄ ပေခန့်ရှိ ရေမြောင်းအတွင်းသို့ ထိုးကျခဲ့သည်။



အဆိုပါယာဉ် လမ်းဘေးထိုးကျခြင်းကြောင့် ယာဉ်ခေါင်းပိုင်းကြေမွပျက်စီးခဲ့ရာ ယာဉ်မောင်း ဝင်းမြင့်သိန်းနှင့် ယာဉ်ပေါ်လိုက်ပါလာသူ ဦးအောင်ရင်တို့မှာ ယာဉ်ခေါင်းပိုင်းအတွင်းညပ်နေသဖြင့် မြိုင်ကလေး ရဲကင်းစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဘိလပ်မြေစက်ရုံမှူးနှင့် စက်ရုံဝန်ထမ်းများ၊ လူမှုဝန်ထမ်းအဖွဲ့အစည်းများက လာရောက်ကာ ယာဉ်အတွင်း ညပ်နေသူနှစ်ဦးကို ခက်ခက်ခဲခဲကယ်ထုတ်ခဲ့ရပြီး ဘားအံပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်၍ ဆေးကုသမှု ခံယူစေခဲ့ကြောင်း သိရသည်။

ယာဉ်လမ်းဘေးထိုးကျသွားခဲ့ခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် စက်ရုံမှ ဝန်ချီကရိန်းယာဉ်ကြီးများဖြင့် ခက်ခက်ခဲခဲဆွဲထုတ်ဆောင်ရွက်နေရသဖြင့် သုံးနာရီခန့်ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ခဲ့ရသည်။

ယာဉ်ပေါ်ပါ ကျွန်းသစ်များနှင့်ပတ်သက်၍ ဘားအံမြို့နယ် သစ်တောဦးစီးဌာနက အရေးယူဆောင်ရွက်ထားပြီး ယာဉ်မောင်း ဝင်းမြင့်သိန်းအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ကားရေဆေးရာမှ ဓာတ်လိုက်သေဆုံး

**နွားထိုးကြီး စက်တင်ဘာ ၂၃**

နွားထိုးကြီးမြို့မရဲစခန်းအပိုင် သူစိုးကျေးရွာတွင် ယာဉ်မောင်းတစ်ဦးကားရေဆေးရန် ရေမြှုပ်မော်တာဆွဲစဉ် ဓာတ်လိုက်သေဆုံးမှု စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းဖြစ်သူ စိုးလင်းဦး (၃၉ နှစ်)သူစိုးရွာနေသူသည် ကားရေဆေးရန် ရေကန်တွင်းရေမြှုပ်မော်တာ ဆွဲမစဉ် ဓာတ်လိုက်နေကြောင်း ဒေါ်ခင်ဆွေထွေးက တွေ့ရှိ၍ သူစိုးတိုက်နယ်ဆေးရုံသို့ပို့စဉ် သေဆုံးခြင်းဖြစ်၍ မြို့မရဲစခန်းက ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# ကလေးမြို့နယ် ကံဦးကျေးရွာတွင် လူသတ်မှုဖြစ်ပွား ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်လျက်ရှိ

**ကလေး စက်တင်ဘာ ၂၃**

ကလေးမြို့နယ် ကံဦးကျေးရွာတွင် တောင်ယာလုပ်ကိုင်သူ ဒေါ်လမ်ဆွမ်းကျိန် (၆၃နှစ်)အား ဓားဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စက်တင်ဘာ ၁၉ ရက် နံနက် ၆ နာရီခွဲခန့်က တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူသည် မြေးဖြစ်သူ အသက်ငါးနှစ်အရွယ်ရှိ မောင်ခုပ်ရှန်မွန်ကိမ်းနှင့်အတူနေအိမ်၌အိပ်ပျော်နေစဉ် အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်ဖြင့်အထိုးခံရပြီး ခြင်ထောင်အတွင်း၌ သေဆုံးနေခြင်းဖြစ်ကြောင်း၊ အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ သားဖြစ်သူ ဦးထောင်းကပ်ပေါင်က တရားလိုပြုတိုင်တန်းသဖြင့် အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ဂျူနိုင်း**

# ရေနုတ်မြောင်းအတွင်း ဆင်းကစားသည့် ကလေးငယ် ရေနစ်သေဆုံး

**နေပြည်တော် စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီခွဲခန့်က ရေနစ်သေဆုံးသူကလေးတစ်ဦး ရောက်ရှိကြောင်း သတင်းအရ ကျွန်းလှမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သေဆုံးသူမှာ ပိတောက်မြိုင်ရပ်ကွက်နေ မခိုင်မြတ်နိုးဝင်း သုံးနှစ်ဖြစ်ပြီး မိဘများ အပြင်သွားနေစဉ် အိမ်ရှေ့ရှိ ရေနုတ်မြောင်းထဲသို့ ရေဆင်းဆော့ရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ မြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**


**မိခင်အမည်မှန်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက (မုတ္တမ) တက္ကသိုလ်ဝင်တန်း (D)မှ မောင်အောင်မျိုးဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်စိန်စိန်ရီ PAG- ၁၇၂၃၉၆ ဖြစ်ပါသည်။ **ဒေါ်စိန်စိန်ရီ**

**ဖခင်အမည်မှန်**

အထက(၁) ဟုမ္မလင်း၊ တက္ကသိုလ်ဝင်တန်း(E)မှ ကျောင်းဝင်အမှတ် ၁၂၁၀၂ မောင်လှိုင်မျိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းဌေး ၅/ဟမလ(နိုင်)၀၄၉၀၆၃ ဖြစ်ပါကြောင်း။ **ဦးကျော်ဆန်းဌေး**

**အမည်မှန်**

ဦးမျိုးညွန့်၏သမီး မကွေး တိုင်းဒေသကြီး၊ စလင်းမြို့ U.H.W ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မစုဝေရီနှင်း၏ အမည်မှန်မှာ မစုဝေရည်နှင်း ဖြစ်ပါသည်။ **မစုဝေရည်နှင်း**

**မွေးသက္ကရာဇ်အမှန်**

ဦးစန်းဝင်း၏သား မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ထနောင်းတိုင် (အထ က) တက္ကသိုလ်ဝင်တန်း(က)မှ မောင်အင်အားကို၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၄-၂၀၀၀ ဖြစ်ပါကြောင်း။

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အထက(ကေတုမတီ) တက္ကသိုလ်ဝင်တန်း(C)မှ မပွင့်ဖြူ၏ အမည်မှန်မှာ မနှင်းပွင့်ဖြူလှိုင် ၇ /တငန(နိုင်)၂၁၁၂၄၀ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ပင်လောင်းမြို့၊ ဝါးလီး အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မူရွှေမိ၏ဖခင်အမည်မှန်မှာ ခွန်စိုးမောင် ၁၃/ပလန (နိုင်)၀၄၇၅၀၂ ဖြစ်ပါကြောင်း။ **ခွန်စိုးမောင်**

**မိဘအမည်မှန်**

ပင်လောင်းမြို့၊ ဝါးလီး အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ခမ်းလိုပ် ၁၃/ပလန(နိုင်)၁၁၃၁၀၃၏ မိဘအမည်မှန်မှာ ဦးမောင်ယော် ၁၃/ပလန(နိုင်) ၀၅၈၀၁၇နှင့် ဒေါ်အေးပို ၁၃/ပလန(နိုင်) ၀၆၉၆၄၉ ဖြစ်ပါကြောင်း။ **ဦးမောင်ယော်-ဒေါ်အေးပို**

PIONEER
မိုဘိုင်းဖုန်းသင်တန်းကျောင်း
HARDWARE=150000;SOFTWARE=150000
၆၀/အင်းစိန်လမ်းမ၊လှည်းတန်းစံရိပ်ငြိမ်၊ကမာရွတ်ရန်ကုန်
09788845507;095121467;0931452059

EXCELLENT
VIDEO & PHOTO TRAINING CENTRE
ဓါတ်ပုံသင်တန်း ဗွီဒီယိုသင်တန်း
ရုပ်သံတည်းဖြတ်သင်တန်း
နယ်ကျောင်းသားများအတွက်အဆောင်ရှိပါသည်၊
097 888 455 07 ,095121467 ,0931452059
၆၀/အင်းစိန်လမ်းမ၊လှည်းတန်းစံရိပ်ငြိမ်၊ကမာရွတ်ရန်ကုန်

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1E/8792 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8B/2773 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဆ/၃၉၀၆ ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9D/2163 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဦးစိုးနိုင် ၇/ဖမန(နိုင်)၁၈၀၆၅၈နှင့် အများသိစေရန် ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ ဖ/ဆ-၁လမ်းနေ ဦးဟာရီနုရန်း၏ သား ဦးစိုးနိုင် ၇/ဖမန(နိုင်)၁၈၀၆၅၈မှ ယူဆောင်သွားသောငွေများ ခုနစ်ရက်အတွင်း ပြန်ပို့ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိုးနိုင်နှင့် အများသိစေရန် ကြေညာပါသည်။

**ဦးဆန်ဂျေးကူးမား၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီရိထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၄၅၅၇၃)**
**၃၃ လမ်း၊ ၆၃×၆၄ လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၃၁၅၀၆၂၉**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၄၄ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်မှ တတိယထပ်(လေးလွှာ)(D)(ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ပတ်သက်၍ အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဒေါ်နှင်းပွင့်ဖြူ ၁၂/ကမရ(နိုင်)၀၀၃၅၈၆ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းညွန့်(ဥပဒေဘွဲ့)** **ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**ဖူးပွင့်ဝေစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့် စီးပွားရေးဆိုင်ရာ ဥပဒေအကြံပေး**
**အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၃၁၁၁၆၄၄၄**

# (၂၉)ကြိမ်မြောက်ဆီးဂိမ်း မြန်မာနိုင်ငံမှအားကစားနည်း ၃၀ ယှဉ်ပြိုင်မည်၊ ရွှေတံဆိပ်ရရှိမှု ယခင်ဆီးဂိမ်းထက် မျှော်မှန်းကြိုးပမ်း

**ရန်ကုန် စက်တင်ဘာ ၂၃**

မလေးရှားနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ(ဆီးဂိမ်း)တွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရွှေတံဆိပ်အောင်မြင်မှုရရှိနိုင်ရေး ယခင်ဆီးဂိမ်းထက် မျှော်မှန်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းယနေ့ ပြုလုပ်သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် သက်ဆိုင်ရာအားကစား အဖွဲ့ချုပ်တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးသည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူးနှင့် အားကစားအဖွဲ့ချုပ်တာဝန်ရှိသူများ ဆီးဂိမ်းအောင်နိုင်ရေး ဆွေးနွေးစဉ် ဓာတ်ပုံ- မင်းထက်

အဆိုပါ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) ပတ္တမြားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ တာဝန်ရှိသူများ နှင့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ် (၁၈) ဖွဲ့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကာမလေးရှားနိုင်ငံတွင် လာမည့် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းတွင် ယခင်(၂၈) ကြိမ်မြောက် စင်ကာပူဆီးဂိမ်းထက် အောင်မြင်မှုရွှေတံဆိပ်ရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးစခန်းသွင်းကြိုတင်လေ့ကျင့်မှုများ၊ နိုင်ငံခြားနည်းပြငှားရမ်းမှုနှင့် နိုင်ငံတကာနှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်နိုင်ရန် အိုလံပစ်ကော်မတီအနေဖြင့် ဆွေးနွေးမှာကြားခဲ့သည်။

ပြိုင်ပွဲဝင်မည့် အားကစားနည်း ၃၀ ထဲမှ အကောင်းဆုံးဆုတံဆိပ်များ နိုင်ငံ့ဂုဏ်ဆောင် ဆွတ်ခူးပေးနိုင်မည့် အားကစားအဖွဲ့(၁၈) ဖွဲ့ဖြစ်သည့် ဝူရှူး၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ဗီတန်း၊ ဘီလိယက်နှင့်စနူကာ၊ သေနတ်ပစ်၊ မြား၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဟော်ကီ၊ ကရာတေးဒို၊ မွေ့ရွက်လှေ၊ တိုက်ကွမ်ဒို၊ ဘော်လီဘောနှင့် အလေးမအဖွဲ့တို့ တက်ရောက်ခဲ့ပြီး ကျန်အဖွဲ့ ၁၄ ဖွဲ့ကို ပြီးခဲ့သည့် စက်တင်ဘာ ၁၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။ ယင်း ၁၄ ဖွဲ့မှ မြင်းစီးနှင့် နက်ဘောအားကစားနည်း နှစ်နည်းမှာ လာမည့်ဆီးဂိမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်မဟုတ်သဖြင့် စုစုပေါင်း အားကစားနည်း ၃၈ နည်းထည့်သွင်းကျင်းပရာတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၀ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုအခါ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ အားကစားများထဲမှ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ အားကစားအဖွဲ့ ၁၆ ဖွဲ့နှင့် ရန်ကုန်မြို့တွင် သုံးဖွဲ့ စတင်စခန်းသွင်း လေ့ကျင့်နေပြီဖြစ်ကာ ကျန်အားကစားအဖွဲ့များဖြစ်သည့် လက်ဝှေ့၊ မွေ့ဂေါက်သီး၊ ကြက်တောင်၊ ကျွမ်းဘားနှင့် ဘိုးလင်းစသည့် ကျန်အားကစားအဖွဲ့များမှာ ယခုချိန်ထိ စခန်းဝင်လေ့ကျင့်မှု မရှိသေးကြောင်း သိရသည်။ မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းတွင် အားကစားနည်း ၃၈ နည်းမှ Event ပေါင်း ၄၀၅ မျိုးထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် စင်ကာပူဆီးဂိမ်းပြိုင်ပွဲတွင်လည်း အားကစားနည်း ၃၆ နည်း ထည့်သွင်း ကျင်းပရာတွင် အားကစားနည်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ် ၁၂ ခုသာ ရရှိခဲ့သည်။ နိုင်ငံတကာနှင့်လည်း ပူးတွဲလေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ကာ လတ်တလောတွင် တရုတ်နိုင်ငံနှင့် ရေကူး၊ ပြေးခုန်ပစ်၊ သေနတ်ပစ်၊ ဝူရှူး၊ ဂျပန်နိုင်ငံနှင့် ဂျူဒို၊ ကရာတေးဒိုနှင့် ရေကူးတို့ကိုပူးတွဲ လေ့ကျင့်မှုများပြုလုပ်သွားရန် ဆက်သွယ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသည် ဆီးဂိမ်းပြိုင်ပွဲဝင် အားကစားအဖွဲ့များအား ပြိုင်ပွဲဝင်လေ့ကျင့်ရေးကာလအတွင်း နိုင်ငံခြားနည်းပြငှားရမ်းမှုအတွက် လစာငွေ အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ၂၅၀၀ နှင့် စားသောက်စရိတ်ငွေကျပ် နှစ်သိန်းတို့ကို ကူညီထောက်ပံ့ပေး သွားမည်ဖြစ်ပြီး ပြည်တွင်းနည်းပြများကိုမူ (A) အဆင့်တွင် ငွေကျပ်တစ်သိန်း၊ (B)အဆင့်တွင် ငွေကျပ်ရှစ်သောင်းနှင့် (C)အဆင့်တွင် ငွေကျပ်ငါးသောင်းတို့ကို လစဉ်ကူညီ ထောက်ပံ့သွားမည်ဖြစ်ကာ ပြိုင်ပွဲဝင် အားကစားသမားများကိုလည်း အဆိုပါ အဆင့်အတိုင်းသတ်မှတ်ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၂၂ အသင်း ဖွဲ့စည်းမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာယူ-၂၂ အသင်းကို မကြာမီ ဖွဲ့စည်းသွားမည်ဖြစ်သည်။ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကိုလာမည့် အကြိမ်မှ စတင်ကာ အသက်(၂၂)နှစ်အောက် ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပမည်ဖြစ်သောကြောင့် ယူ-၂၂ အသင်းအဖြစ် ဖွဲ့စည်းရခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၂၂ အသင်း လေ့ကျင့်ပြင်ဆင်ချိန် ပိုမိုရရှိစေရန်အတွက် အောက်တိုဘာလဒုတိယပတ်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားပြီး ကစားသမား ၃၀ ကျော်ဖြင့် စတင်ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်အား ဆက်လက်တာဝန်ပေးအပ်မည်ဖြစ်ပြီး (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သောကြောင့် ဆက်လက်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းကို ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၀ အသင်းမှ ကစားသမားများကို အမာခံထားကာ ဖွဲ့စည်းမည်ဖြစ်ပြီး ဆီးဂိမ်းငွေဆုရ ယူ-၂၃ အသင်းမှ အသက်မီသည့် ကစားသမားများလည်း ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်း ပြိုင်ပွဲအတွေ့အကြုံရရှိစေရန်နှင့် ကစားသမားများ၏ အရည်အသွေး ပိုမိုတိုးတက်စေရန် နိုဝင်ဘာ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ သို့သော် မြန်မာယူ-၂၂ အသင်းသည် ယင်းပြိုင်ပွဲကို ကစားသမားအစုံအလင်ဖြင့် ယှဉ်ပြိုင်နိုင်မည်မဟုတ်ဘဲ မြန်မာ့လက်ရွေးစင်အသင်း၌ ရွေးချယ်ခံထားရသည့် ကစားသမားများ ပါဝင်မည်မဟုတ်ပေ။

မြန်မာ ယူ-၂၂ အသင်းသည် ၂၀၁၇ ခုနှစ်အတွင်း၌ ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ကစားမည့်အပြင် ပြည်ပခြေစမ်းခရီးစဉ်များလည်း သွားရောက်မည်ဖြစ်သည်။ ထို့ပြင် KBZ Bank ၏ ပံ့ပိုးမှုဖြင့် ကျင်းပမည့် ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲကိုလည်း ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ကျင်းပမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းကို အရည်အချင်းပြည့်ဝသည့် နည်းပြ၊ ကစားသမားကောင်းများဖြင့် ဖွဲ့စည်းမည်ဖြစ်ရာ (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မျှော်မှန်းလျက်ရှိသည်။

**ညီမြတ်သော်တာ**

# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲထပ်မံကစား

**ရန်ကုန် စက်တင်ဘာ ၂၃**

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့်အနေဖြင့် ဥရောပနိုင်ငံများတွင် သွားရောက်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ညပိုင်းက နယ်သာလန် ပထမတန်းကလပ် Roda JC ယူ-၂၃ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ပြည့်ဖြိုးအောင်(ဂိုး) ၊ဒေးဗစ်ဒန်း၊ ဖြိုးကိုကိုသိန်း၊ ဇော်မင်းထွန်း၊ နန္ဒကျော်၊ ဟိန်းသီဟဇော်၊ ရဲကိုဦး၊ ရန်အောင်ကျော်၊ မျိုးကိုထွန်း၊ သန်းပိုင်၊ ဝင်းနိုင်စိုးတို့ဖြင့် ပွဲထွက်ခဲ့သည်။

မြန်မာအသင်းသည် တိုက်စစ်ကစားပုံကောင်းမွန်ခဲ့ပြီး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း ဝင်းနိုင်စိုး အဆုံးသတ်အားနည်းခဲ့သောကြောင့် ဂိုးမရခဲ့ပေ။ ဒုတိယပိုင်းတွင် မြန်မာအသင်း ခံစစ်ပိုင်းအမှားများခဲ့သောကြောင့် နှစ်ဂိုးပေးခဲ့ရသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကျော်ဇင်လွင်၊ ကျော်ကိုကို၊ ဆောင်လမန်၊ မောင်မောင်လွင်နှင့် ရန်အောင်လင်း(ဂိုး)တို့ကို ထည့်သွင်းကစားခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲသုံးပွဲကစားအပြီးတွင် နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၂၆ ရက်တွင် ခြေစမ်းပွဲထပ်မံကစားရန် စီစဉ်ထားသည်။

**ဖိုးသော်ဇင်**

## မွေးနေ့ဆုမွန်

ခေတ်သစ်အနာထပိဏ်ဟု ဆိုရလောက်အောင် အနယ်နယ်အရပ်ရပ်ရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများအား လိုအပ်သလိုလှူဒါန်းထောက်ပံ့နေသော (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ရေကန်) ဒါယကာ သာသနာ့ဖခင်ကြီး သုဓမ္မမဏိဇောတရေ ဦးအောင်သန်းစိန်၏ ၂၄-၉-၂၀၁၆ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် အသက်ရာကျော်ရှည်သည့်တိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် လောကီ၊ လောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးနှင့်ပြည့်စုံ၍ သာသနာ့အကျိုးဆတက်တိုး၍ သည်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**သမိဒ္ဓေါဒယသုခိတာရာမ မြန်အောင်သီလရှင်စာသင်တိုက်**
**ဆရာကြီး၊ ဆရာလေးများ**

## Vacancy Announcement for Engineers

**Advanced Synergy Co.,Ltd**
**Email Address - info@synergygn.com**
**Contact No. -01 2301124, 01 2301125**

We are seeking experienced engineers of Medical Gas Solutions System.

1. I&C Engineer (I&C=Instrument and Control) B.E,A.G.T.I (Mechanical/ Mechantronic) Candidates must have at least 3 years of site experiences in I&C field. - **Male(2) Posts**

2. Mechanical&Piping Engineer -**Male(5) Posts**
Candidates must have at least 2 years of site experiences in pipe laying for small tubing.
Mechanical maintenance - Hand on experiences at least 2 years B.E,A.G.T.I (Mechanical)

The applicants are required to email their CVs to above email address.

## မိဘအမည်မှန်

ပုသိမ်မြို့၊ ကြက်ပေါင်ကျေးရွာ၊ အထက (ကြက်ပေါင်) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရဲမင်းထက် ၁၄/ပသန(နိုင်)၂၉၀၀၆၅ ၏ မိဘအမည်မှန်မှာ ဦးအုန်းဝင်း ၁၄/ပသန(နိုင်)၁၈၅၇၉၅ နှင့် ဒေါ်တင်မာဝင်း ၁၄/ပသန (နိုင်) ၁၈၅၇၉၄တို့ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဟ/၂၉၃၀ Super Thai 125(သုံးဘီးဆိုင်ကယ်)ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၁၄/ပသန(နိုင်)၀၆၇၆၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး (ပုသိမ်မြို့)**

## လူပျောက်ကြော်ငြာ



ဦးလှရွှေ-ဒေါ်မြင့်မြင့်သန်း တို့၏သား မောင်ကောင်းထက်ဇော် အသက် (၂၈)နှစ်သည် ၂၁-၉-၂၀၁၆ရက် နံနက် ၁၁ နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၈၈၈၂၂၁**
**၀၉- ၃၁၀၂၂၀၉၉**
**၀၉-၇၉၄၃၀၄၈၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၁၂) (၃) ထပ်ဟုခေါ်တွင်သော တိုက်ခန်းအား ဦးစိုင်းစံလင်းထူး (၉/ခအဇ(နိုင်)၀၀၂၆၂၉) ထံမှ ကျွန်မ ဒေါ်တင်မေထွေး (၁၃/တကန(နိုင်)၁၅၀၂၄၅) မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်မေထွေး(၁၃/တကန(နိုင်)၁၅၀၂၄၅)
ဖုန်း-၀၉ ၅၄၁၁၂၂၈

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အိပ်လဟာကျေးရွာအုပ်စု၊ အလက(ခွဲ) မင်းကြီးကုန်းကျောင်း၊ သတ္တမတန်းမှ နော်ဇပရယ်နိုင်း၊ စတုတ္ထတန်းမှ နော်ထူးပိုထူးတို့၏ ဖခင်အမည်မှန်မှာ ဦးရွှေခဲ ၇/သဝတ(နိုင်) ၀၂၈၇၁၀ ဖြစ်ပါကြောင်း။ **ဦးရွှေခဲ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီးဖန်းမောက်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မနဒီလှိုင်း၏ဖခင် ဦးသန့်ဇင်ထွန်း (ခ)ဦးမင်းနိုင် ၅/ဗမန(နိုင်)၀၄၁၄၆၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးသန့်ဇင်ထွန်း(ခ)ဦးမင်းနိုင်**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အသရော်ကျေးရွာအုပ်စု၊ အလက(ခွဲ) နဝမတန်းမှ နော်ထူးမူဆဲ၊ အလက(ခွဲ) မင်းကြီးကုန်း သတ္တမတန်းမှ စောဆဲနေမူး၊ ဒုတိယတန်းမှ နော်ဟေပလုဆဲတို့၏ ဖခင်အမည်မှန်မှာ ဦးချိုလေး ၇/သဝတ(နိုင်) ၀၈၄၂၁၁ ဖြစ်ပါကြောင်း။ **ဦးချိုလေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီးဖန်းမောက်မြို့၊အထက၊တက္ကသိုလ်ဝင်တန်း(A)မှ မငြိမ်းငြိမ်းနိုင်၏ဖခင် ဦးသက်နိုင်ဦး (ခ)ဦးသက်နိုင်၅/ဗမန(နိုင်)၀၀၀၀၆၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးသက်နိုင်ဦး(ခ)ဦးသက်နိုင်**

# လုပ်ငန်းအတွက် သင့်တော်မယ့် ကွန်ပျူတာတစ်လုံး ဝယ်တော့မယ်ဆိုရင်

တစ်ရက်မှာ ကျွန်တော့်မိတ်ဆွေသုံးလေးယောက်နဲ့အတူ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ခဲ့ပါတယ်။ သူတို့ထဲမှာ နှစ်ယောက်က ကွန်ပျူတာစာစီ၊ စာရိုက်နဲ့ မိတ္တူလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေကြတဲ့သူတွေပါ။ သူတို့ရဲ့ဆိုင်တွေဟာ လုပ်ပုံကိုင်ပုံ သေသပ်ပြီး စေတနာလည်းပါ၊ ဆက်ဆံရေးလည်း ကောင်းတဲ့အတွက်ကြောင့် ဖောက်သည်များပြားသလို နာမည်လည်းကြီးပါတယ်။ ဟိုဟိုဒီဒီ စကားပြောကြရင်းကနေ လုပ်ငန်းအကြောင်းရောက်သွားပါတယ်။ မိတ္တူဆိုင်ဖွင့်ထားတဲ့ မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို ပြောလာပါတယ်။

"ကိုဖိုးကျော် ဟိုတလောက ခင်ဗျားမရှိတုန်း ကွန်ပျူတာငါးစုံလောက် ထပ်ဝယ်ဖြစ်တယ်ဗျ။ ဝယ်ဖို့စဉ်းစားကတည်းက ခင်ဗျားကို မျှော်နေတာ။ ခင်ဗျားဖုန်းကလည်း ဆက်လို့မရဖြစ်နေတော့ မစောင့်တော့ဘဲ ကိုယ့်ဖာသာကိုပဲ သွားဝယ်လိုက်တော့တယ်"

"ကျွန်တော်က ဆက်သွယ်ရေးလိုင်းသိပ်မကောင်းတဲ့နေရာတခု ရောက်နေတယ်ဆိုပါတော့ဗျာ။ ဘယ်လိုလဲ ကွန်ပျူတာဝယ်လိုက်တာ အဆင်ပြေတယ်မဟုတ်လား။ ပြဿနာတစ်ခုခုများ တက်နေလို့လားဗျ"

"ပြဿနာရယ်လို့တော့ မတက်ဘူးဗျာ။ ဒါပေမယ့် ဘဝင်မကျတာတစ်ခု ရှိနေလို့ဗျ။ အရင် ကျွန်တော်ဆိုင်ဖွင့်မယ်ဆိုတော့ ခင်ဗျားဝယ်ပေးထားတဲ့ ကွန်ပျူတာတွေလေဗျာ။ Dual Core နဲ့ Memory 2GB ပဲ စိုက်ထားတယ်လို့ ခင်ဗျားပြောတယ်လေ"

"အင်း အဲဒါဘာဖြစ်လို့လဲဗျ။ သုံးလို့အဆင်မပြေလို့လား"

"ပြေပါတယ်ဗျ။ ပြေတာမှ ဟိုဘက်တောင်လွန်သေးတယ်။ အခုသုံးလာတာပဲ ခြောက်နှစ်လောက်ရှိပြီ။ ကျွန်တော် ဘဝင်မကျနေတာက နောက်ဝယ်လာတဲ့ သုံးစုံပဲဗျ"

"နောက်ဝယ်လာတဲ့စက်တွေက အဆင်မပြေလို့လား။ ကျွန်တော် လိုက်ကြည့်ပေးမယ်လေ"

"အဲ့လိုလည်း မဟုတ်ဘူး။ ခင်ဗျားမရှိတာနဲ့ပဲ ကျွန်တော် ကွန်ပျူတာဆိုင်ကို ကိုယ်တိုင်သွားဝယ်လိုက်တယ်။ ဆိုင်ကိုရောက်တော့ ကျွန်တော်လည်း ကွန်ပျူတာဝယ်ချင်လို့၊ သုံးလုံးလောက်ဆင်ချင်တယ်လို့ ပြောလိုက်ရင်ပဲ ကျွန်တော်ကို အရောင်းစာရေးမလေး နှစ်ယောက်က ရှွန်းရှွန်းဝေနေအောင်ကို ပြောတော့တာပဲဗျာ။ ကျွန်တော် နားမလည်တဲ့စကားလုံးတွေလည်း အများကြီးပဲဗျာ။ ကျွန်တော်နားလည်အောင်တော့ ဖြည်းဖြည်းချင်း ရှင်းပြသင့်တယ် မဟုတ်ဘူးလားဗျ။ နောက်ဆုံးမှ သူတို့ပြောနေတာကို မနည်းရပ်ခိုင်းပြီး ကျွန်တော့်လုပ်ငန်းအကြောင်း ပြောပြတယ်။ ပြီးတော့ ကျွန်တော်လုပ်ငန်းနဲ့ကိုက်ညီမယ့် ကွန်ပျူတာသုံးလုံးလောက်လိုချင်လို့ အဲဒါကို အဆင်ပြေတာလေး ကောင်းတာလေး ဆင်ပေးပါလို့ ပြောလိုက်တယ်။ တိုတိုပြောရရင် ကျွန်တော့်ဆီကို i7, Memory 8GB, Graphic 2GB, Hard Disk 2TB ဆိုတာကြီးတွေနဲ့ ကွန်ပျူတာသုံးလုံး ရောက်လာတယ်ဆိုပါတော့ဗျာ။ သူတို့က ပြောသေးတယ်။ ဆိုင်မှာရှိတဲ့စက်အဟောင်းတွေနဲ့ ယှဉ်သုံးကြည့်။ လုံးဝမတူစေရဘူး။ ပိုမြန်မယ်တဲ့ဗျာ။ အဲ့ဒါနဲ့ပဲ ကျွန်တော် အဲဒီစက်သုံးလုံးနဲ့ ဆိုင်ကစက်အဟောင်းတွေနဲ့ယှဉ်ပြီး စာစီခိုင်းတယ်။ ထူးပြီး မမြန်ပါဘူးဗျာ။ ဈေးသာပိုပြီး ပေးလိုက်ရတယ်။ ဘယ်လောက်စာစီမြန်တဲ့ကောင်စီစီ အဟောင်းနဲ့အသစ်နဲ့က ဘာမှမကွာဘူးဗျ။ အဲဒါကို ကျွန်တော် ဘဝင်မကျနေတာ။ သူတို့ပြောတဲ့မြန်တယ်ဆိုတာ ဘာကိုပြောတာလဲ။ ကျွန်တော် လုံးဝနားမလည်လို့ ခင်ဗျားတဆိတ်လောက် ရှင်းပြစမ်းပါ"

မိတ်ဆွေ၏စကားဆုံးသောအခါ ကျွန်တော်ပြုံးမိသွားသည်။ ကွန်ပျူတာတစ်လုံးကိုဝယ်ယူရာမှာ အရေးကြီးဆုံးအချက်ဖြစ်တဲ့ ကိုယ့်လုပ်ငန်းနဲ့ကိုက်ညီတဲ့ ကွန်ပျူတာကို ရွေးချယ်ဝယ်ယူမှုကို ကျွန်တော့်မိတ်ဆွေနားမလည်သလို အရောင်းဝန်ထမ်းတွေရဲ့ ဆိုင်ရောင်းအားတက်အောင် လုပ်ဆောင်မှုကြောင့် ယခုလို အခြေအနေမျိုး ဖြစ်လာခဲ့ခြင်းဖြစ်သည်။

မိတ္တူဆိုင်တစ်ဆိုင်အတွက် Core i7 ကွန်ပျူတာနှင့် Dual Core ကွန်ပျူတာ နှစ်လုံးသည် မည်သို့မျှ မထူးခြားနိုင်။ Memory 2GB နှင့် 8GB သည်လည်း မထူးခြားနိုင်။ သာမန်စာစီစာရိုက်လုပ်ငန်းအတွက် ကွန်ပျူတာသည် Specific အများကြီး မလိုသလို ငွေအများကြီးသုံးစရာလည်း မလိုပေ။ သာမန်စာစီစာရိုက်လုပ်ရန်အတွက် Graphic 2GB သည်လည်း မလိုအပ်ပေ။ တကယ်လို့ ဂိမ်းဆိုင်တစ်ဆိုင်ဆိုင်အတွက် သို့မဟုတ် Art Studio တစ်ခုခုတွင် Graphic Design ဆွဲရန်အတွက်ဆိုရင်တော့ စာစီစာရိုက်ရန်အတွက်သုံးသော Dual Core သည် ဘယ်လိုမှ အလုပ်မဖြစ်နိုင်တော့ပေ။ စာစီစာရိုက်မျှသာ သုံးမည်ဆိုလျှင်တော့ ကွန်ပျူတာကို မည်မျှ Specific မြင့်အောင် ဆင်ထားသည်ဖြစ်စေ၊ စာရိုက်ရာတွင် ထူးပြီးမမြန်နိုင်ကြောင်း၊ ထိုထက်ပိုပြီး ကြီးမားသောလုပ်ငန်းများကို လုပ်မည်ဆိုလျှင်တော့ ကျွန်တော်မိတ်ဆွေဝယ်ယူထားသော စက်အသစ်များက မြန်ဆန်စွာ အလုပ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်းကို သူနားလည်အောင် ရှင်းပြရလေသည်။

တစ်ခုချင်းဆီကို အသေးစိတ်ပြောပြလိုက်သောအခါမှ ကျွန်တော့်မိတ်ဆွေသည် သူ၏စက်သစ်များ ထူးခြားပြီးမမြန်ခြင်းကို သေချာသဘောပေါက်သွားပါသည်။ နောက်ပြီး အခြားကျန်သည့်မိတ်ဆွေများကိုလည်း ကွန်ပျူတာဝယ်ယူမည်ဆိုပါလျှင် ကွန်ပျူတာအကြောင်းနားလည်သည့် မိတ်ဆွေတစ်ယောက် သို့မဟုတ် ကွန်ပျူတာပညာရှင်တစ်ယောက်ကို တိုင်ပင်ခေါ်ယူပြီး ဝယ်သင့်ကြောင်းနှင့် သူများက i7 ဆိုတိုင်းလိုက် i7 ခြင်း၊ သူများက MacBook ဆိုတာနဲ့ လိုက်ပြီး MacBook ခြင်း မလုပ်သင့်ကြောင်း၊ မိမိအသုံးပြုမည့်လုပ်ငန်းနှင့် ကိုက်ညီမည့် ကွန်ပျူတာကိုသာ ရွေးချယ်ဝယ်ယူသင့်ကြောင်း ပြောပြခဲ့ရပါသည်။

**ဖိုးကျော်(နည်းပညာမြေ)**

# IELTS ဟောပြောပွဲ အွန်လိုင်းမှစာရင်းသွင်း၍ အခမဲ့တက်ရောက်နိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

IELTS စာမေးပွဲ ဖြေဆိုရန်ရည်ရွယ်ထားသူများ အထောက်အကူဖြစ်စေရန်အတွက် ဗြိတိသျှကောင်စီ စာမေးပွဲဌာနက IELTS ဟောပြောပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ထိုင်ခုံနေရာ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် အွန်လိုင်းမှစာရင်းပေးသွင်း၍ အခမဲ့တက်ရောက်နိုင်မည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီမှ ထုတ်ပြန်ချက်အရ သိရသည်။

ဟောပြောပွဲတွင် ဗြိတိသျှကောင်စီ စာမေးပွဲဌာနမှ Exams Operations Manager ဦးရောဘတ်တင်မြင့်က IELTS စာမေးပွဲတွင် စစ်ဆေးမည့် ကဏ္ဍလေးခုဖြစ်သော Reading၊ Writing၊ Listening၊ Speaking တို့ကို စစ်ဆေးမည့်ပုံစံများနှင့် ပြင်ဆင်လေ့လာပုံများကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ဗြိတိသျှကောင်စီမှ ပေးအပ်ချီးမြှင့်မည့် IELTS Prize 2016/2017 ပညာသင်ဆုအကြောင်းကိုလည်း ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး ဟောပြောပွဲအပြီးတွင် သိလိုသည်များကိုလည်း မေးမြန်းဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ ဟောပြောပွဲနှင့် ပြန်လည်ဆွေးနွေးခြင်း ကဏ္ဍနှစ်ခုလုံးကို မြန်မာဘာသာဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲကို စက်တင်ဘာ ၃၀ ရက် ညနေ ၆ နာရီ မှ ၇ နာရီအထိ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် ပြုလုပ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ စာကြည့်တိုက်အသင်းဝင် မဟုတ်သူများအနေဖြင့် စာကြည့်တိုက်သို့လာရောက်သောအခါ မှတ်ပုံတင် သို့မဟုတ် ကျောင်းသားကတ် တစ်ခုခုကို ယူဆောင်လာရန်လိုမည်ဖြစ်ကြောင်း၊ ဟောပြောပွဲအတွက် ထိုင်ခုံနေရာကန့်သတ်ထားသဖြင့် https://goo.gl/kL5WTH တွင် အွန်လိုင်းမှ စာရင်းပေးသွင်းရန် လိုအပ်ကြောင်း သိရသည်။

ဟောပြောပွဲအစီအစဉ်နှင့်အတူ IELTS ဖြေဆိုရန် ရည်ရွယ်ထားသူများအနေဖြင့် registration fees ကိုလည်း တစ်ပါတည်းပေးသွင်းနိုင်ပြီး USB နှင့် ဘောပင်လက်ဆောင်များ ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။ ဟောပြောပွဲနှင့်ပတ်သက်၍ သိလိုသည်များရှိပါက ဗြိတိသျှကောင်စီ စာမေးပွဲဌာန ဖုန်း-၀၁-၃၇၀၉၃၃ လိုင်းခွဲ (၃၃၃၁) သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဗြိတိသျှကောင်စီမှ ထုတ်ပြန်ထားသည်။

**သူရဖြိုး**

## New Product

# မျက်နှာပြင်ကြီးမားပြီး ရုပ်ထွက်အထူးကောင်းမွန်တဲ့ Asus Zenfone 3



Asus Zenfone 3 ဟာ Asus ရဲ့ Zenfone စီးရီးစ်တွေထဲက နောက်ဆုံးထွက် မော်ဒယ်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာ ဩဂုတ်လဆန်းပိုင်းက စတင်မိတ်ဆက်ထားကာ ပြည်တွင်းဈေးကွက်ကို စက်တင်ဘာလဆန်းပိုင်းမှာ ဝင်ရောက်ထားပါတယ်။

မျက်နှာပြင်အကျယ်က ၅ ဒသမ ၅ လက်မရှိလို့ အရွယ်အစားကြီးမားပြီး capacitive touchscreen ကို ထိခိုက်မှုတွေက ကာကွယ်နိုင်အောင် Gorilla Glass 3 နဲ့ အုပ်ပြီးကာကွယ်ထားပါတယ်။ Resolution က 1080x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်းက အထူးကောင်းမွန်ပါတယ်။

စက်လည်ပတ်မှုအတွက် အန်းဒရွိုက်ဗားရှင်း 6.0.1(Marshmallow)ကို အသုံးပြုထားပြီး User Interface က -Asus ZenUI 3.0 ဖြစ်ပါတယ်။ CPU က Octa-core 2.0 GHz ဖြစ်ပြီး အင်တာနယ်မင်မိုရီ 32 GB, RAM 3GB ပါဝင်တဲ့ဗားရှင်းနဲ့ အင်တာနယ်မင်မိုရီ 64 GB, RAM 4GB ပါဝင်တဲ့ဗားရှင်း နှစ်မျိုးထွက်ထားပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာတော့ RAM 4GB ကိုသာ ရောင်းချနေတာတွေ့ရပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးမယ်ဆိုရင် 256 GB အထိ ထောက်ပံ့ပေးထားလို့ ဗီဒီယိုနဲ့ ဂိမ်းအများအပြားကို ဖုန်းထဲထည့်ထားရင်တောင် ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ face detection, panorama, HDR စတဲ့ လုပ်ဆောင်ချက်တွေပါတဲ့ ၁၆ မဂ္ဂါပစ်ဇယ် နောက်ဘက်ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ်ရှိတဲ့ ရှေ့ကင်မရာတွေ ပါဝင်ပါတယ်။ ဘက်ထရီကလည်း 3000 mAh ရှိတဲ့ Li-Ion ဘက်ထရီကိုသုံးထားလို့ စွမ်းရည်ပြည့်ဝပါတယ်။

နက်ဝပ်ပိုင်းမှာတော့ မိုဘိုင်းနက်ဝပ်က GSM ဖြစ်ပြီး အင်တာနက် နက်ဝပ်ကတော့ 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။ ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပေမယ့် မင်မိုရီကတ်ကို ဒုတိယဆင်းကတ်ပေါက်မှာ ထည့်သုံးရမှာဖြစ်လို့ မင်မိုရီကတ်ထည့်သုံးရင် ဆင်းကတ်တစ်ကတ်တည်း အသုံးပြုနိုင်တာကတော့ အားနည်းချက်ဖြစ်နေပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ အနက်၊ အဖြူနဲ့ ရွှေရောင် သုံးမျိုးရနိုင်ပြီး ဈေးနှုန်းကတော့ လက်ရှိပြည်တွင်း ဈေးကွက်မှာ အင်တာနယ်မင်မိုရီ 64 GB, RAM 4GB ပါဝင်တဲ့ဗားရှင်းကို ကျပ်လေးသိန်းနီးပါး ရှိပါတယ်။

**သူရဖြိုး**

# MyJobs ဝက်ဘ်ဆိုက်က အလုပ်အကိုင်ခေါ်ယူပွဲကြီးများ ကျင်းပသွားမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် အလုပ်အကိုင်ခေါ်ယူပွဲကြီး နှစ်ပွဲနှင့် HR Conferences ပွဲနှစ်ပွဲ စုစုပေါင်းလေးပွဲကို အလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် MyJobs.com.mm က ဦးစီးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်ကျင်းပမည့် အလုပ်အကိုင်ခေါ်ယူပွဲကြီးကို အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် မင်းဓမ္မလမ်းပေါ်ရှိ Myanmar Convention Center(MCC) ၌ ပြုလုပ်သွားမည်ဖြစ်ပြီး HR Conference 2016 ကို အောက်တိုဘာ ၂၀ ရက်တွင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ရုံး၌ ပြုလုပ်သွားမည်ဖြစ်သည်။ မန္တလေးမြို့တွင် ပြုလုပ်မည့် HR Conference ကို နိုဝင်ဘာ ၁၈ တွင် Hotel Hazel ၌ ပြုလုပ်သွားမည်ဖြစ်ပြီး အလုပ်အကိုင်ခေါ်ယူပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် Triumph Hotel ၌ ပြုလုပ်သွားမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်ပြုလုပ်မည့် အလုပ်အကိုင်ခေါ်ယူပွဲကြီးတွင် ထိပ်တန်းကုမ္ပဏီပေါင်း ၅၀ ခန့် ပါဝင်ပြသ၍ အလုပ်အကိုင်နေရာများ ခေါ်ယူသွားမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့် အလမ်းရှာဖွေလိုသူများအနေဖြင့် ကုမ္ပဏီများတွင် အခမဲ့ စီဗီဖောင်များတင်၍ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

MyJobs.com.mm ဝက်ဘ်ဆိုက်မှ တာဝန်ရှိသူတစ်ဦးက ပြီးခဲ့တဲ့ ဇွန်လတုန်းက MyJobs.com.mm အနေနဲ့ ရန်ကုန်မြို့မှာ အလုပ်အကိုင်ခေါ်ယူပွဲပြုလုပ်ခဲ့ရာမှာ အလုပ်ရှာဖွေသူပေါင်း နှစ်သောင်းဝန်းကျင် လာရောက်ခဲ့ကြပါတယ်။ မေလတုန်းက မန္တလေးမှာပြုလုပ်ခဲ့တဲ့ပွဲမှာလည်း အလုပ်ရှာဖွေသူ ၃၀၀၀ ကျော် လာရောက်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလာမယ့်နှစ်ကုန်ပိုင်းအတွင်းမှာပြုလုပ်မယ့် အလုပ်အကိုင်ခေါ်ယူပွဲကြီးမှာလည်း အလုပ်အကိုင်သစ်တွေခေါ်ယူနေတဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေ၊ NGOs တွေနဲ့ အလုပ်ရှာဖွေသူတွေကို ချိတ်ဆက်ပေးနိုင်ဖို့ မျှော်လင့်ထားပါတယ်။ HR Conferences တွေကို ပြုလုပ်ပေးနိုင်တဲ့အတွက်လည်း အလွန်ပဲစိတ်ကျေနပ်မိပါတယ်။ အနာဂတ်မြန်မာနိုင်ငံမှာ HR ကျွမ်းကျင်ဝန်ထမ်းတွေ ပေါ်ထွန်းလာစေဖို့ ကျွန်တော်တို့အနေနဲ့ ထောက်ပံ့ကူညီပေးသွားမှာပါ" ဟု ပြောသည်။

မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအတွင်း Human Resource ကျွမ်းကျင်မှု၏ အရေးပါပုံကို သိရှိစေရန်ရည်ရွယ်၍ HR Conferences များကို ပြုလုပ်ခြင်းဖြစ်ကာ Conferences တွင်ပါဝင်မည့် ဟောပြောပွဲများတွင် မြန်မာနိုင်ငံရှိ ကျွမ်းကျင် HR speakers များက ၄င်းတို့၏ အတွေ့အကြုံ၊ ဗဟုသုတ၊ မြန်မာနိုင်ငံ HR လုပ်ငန်းနယ်ပယ်အတွင်း လက်ရှိတွေ့ကြုံနေရသော စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ စသည့်အကြောင်းအရာများကို ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ MyJobs.com.mm အနေဖြင့် ပထမဆုံး HR Conference ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလက စတင်ပြုလုပ်ခဲ့ပြီး HR ကျွမ်းကျင်သူ တစ်ရာကျော် တက်ရောက်ခဲ့ကြသည်။

**သူရဖြိုး**

# မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟာ့ဒ်ဝဲနည်းပညာဆိုင်ရာ သင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ ကွန်ပျူတာဟာ့ဒ်ဝဲနည်းပညာရပ်များကို စိတ်ဝင်စားပြီး အခြေခံကျကျသိရှိလိုသော လူငယ်များနှင့် လုပ်ငန်းခွင်ဝင်ရောက်နေသည့် နည်းပညာသမားများအတွက် Hardware (A+) and System Troubleshooting သင်တန်းကို အောက်တိုဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

IT နယ်ပယ်အတွင်း ကျွမ်းကျင်သော Hardware Engineer များ ပေါ်ထွက်လာရေးနှင့် System ပိုင်းကို ကျွမ်းကျင်ပိုင်နိုင်သော IT Technician များပေါ်ထွက်လာရေးရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး အခြေခံကွန်ပျူတာအသုံးပြုတတ်သူများ တက်ရောက်နိုင်ကြောင်း၊ သင်တန်းတက်ရောက်ခြင်းအားဖြင့် ကွန်ပျူတာဟာ့ဒ်ဝဲပိုင်းကို အခြေခံကျစွာကျွမ်းကျင်တတ်မြောက်နိုင်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Hardware Engineer တစ်ယောက်အဖြစ် လုပ်ငန်းခွင်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ၊ တစ်ရက်လျှင် နှစ်နာရီဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်နှစ်သိန်းဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းဝင်ရောက်ထားသူများဖြစ်ပါက ကျပ်တစ်သိန်းဖြစ်သည်။ သင်တန်းသားဦးရေ ၂၀ ကို လက်ခံသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ် ပေးအပ်မည်ဖြစ်ကြောင်းနှင့် သင်တန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို လှိုင်မြို့နယ် MICT Park အဆောင်(၉) မြေညီထပ်ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၀၁-၆၅၂၂၇၆ တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုများပြားလာသော ကသာမြို့

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့သည် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ နှစ်စဉ်လာရောက်လည်ပတ်မှုများသည့် မြို့တစ်မြို့ဖြစ်သည်။ နိုင်ငံခြားသားများ လာရောက်လည်ပတ်ကြသည့် အဓိက အကြောင်းအရင်းတစ်ရပ်မှာ ၂၀၀၉ ခုနှစ်တွင် ပြန်လည်ထုတ်ဝေခဲ့သည့် ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့အော်ဝဲလ်အကြောင်း ရေးသားထားသော "Finding George Orwell In Burma" ဝတ္ထုတွင် အမေရိကန်စာရေးဆရာမ Emma Larkin က အထူးရည်ညွှန်းချက်အဖြစ် ကသာမြို့ရှိ ဇာတ်ဝင်ခန်းအိမ်များအကြောင်းကို သီးသန့်ဖော်ညွှန်းထားသည့်အတွက် နိုင်ငံခြားသားများအနေဖြင့် ကသာမြို့သို့ရောက်လျှင် ဂျော့အော်ဝဲလ်နေထိုင်ခဲ့ရာ နေအိမ်အပါအဝင် ဝတ္ထုမှ ဇာတ်ဝင်ခန်းနေရာများကို လာရောက်လေ့လာလိုကြခြင်းဖြစ်သည်။

စာရေးဆရာကြီး ဂျော့အော်ဝဲလ်နေထိုင်ခဲ့ရာ ယခုလက်ရှိ ကသာမြို့နယ်ရဲတပ်ဖွဲ့မှူးနေအိမ် အပါအဝင် ဝတ္ထုမှ ဇာတ်ဝင်ခန်းနေရာများဖြစ်သော တင်းနစ်ကလပ်၊ British Club (ယခု သမဝါယမလီမိတက်)၊ အရေးပိုင်အိမ်၊ အကျဉ်းထောင်၊ ရဲစခန်းစသည့်နေရာများကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် စိတ်ဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။

ကသာမြို့သည် ကမ္ဘာကျော်စာရေးဆရာကြီး နေထိုင်ခဲ့သောမြို့ဖြစ်သည့်အတွက် ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် ကသာမြို့အကြောင်းကို ကမ္ဘာ့မီဒီယာများတွင် စိတ်ဝင်စားဖွယ်ဖော်ပြမှုများပြားလာသည်နှင့်အမျှ နိုင်ငံခြားသားများက စိတ်ဝင်စားကြသဖြင့် ကသာမြို့သို့ လာရောက်လည်ပတ်မှု ပိုများလာကြောင်း၊ ကသာမြို့သို့ လာရောက်လည်ပတ်ကြရာတွင် မီးရထားဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း၊ ရေကြောင်းမှ သင်္ဘောဖြင့်လည်းကောင်း လာရောက်လေ့ရှိကြပြီး ဂျော့အော်ဝဲလ်နေထိုင်ပတ်သက်ခဲ့ရာ ဝတ္ထုမှ ဇာတ်ဝင်ခန်းနေရာများတွင် အမှတ်တရတစ်ခုခု ပြုလုပ်သွားလေ့ရှိကြသည်။

ယခု ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း၌လည်း မြစ်ကြောင်းသွား နိုင်ငံခြားသားခရီးသွားများအား တင်ဆောင်လာသည့် Belmond Orcaella နှင့် Belmond Road to Mandalay ဇိမ်ခံသင်္ဘောကြီးနှစ်စင်း ကသာမြို့သို့ ရောက်ရှိခဲ့ကာ သင်္ဘောများတွင်ပါလာသော နိုင်ငံခြားသားဦးရေ ၁၀၀ ကျော်မှာ ဝတ္ထုထဲတွင်ပါဝင်သော Mac Gregor အိမ်ကြီးတွင် အမှတ်တရ ညစာစားပွဲ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဇိမ်ခံသင်္ဘောတွင်ပါလာသော နိုင်ငံခြားသားများမှ ၇၂ ဦးမှာ ကသာ-နဘားမီးရထားလမ်းကို ကြည့်ရှုခြင်း၊ ကသာမြို့မှ ၁၀ မိုင်ခန့်ဝေးကွာသော နတ်ပေါက်ဆင်စခန်းသို့ သွားရောက်လေ့လာခြင်းများ ပြုလုပ်ခဲ့ကြပြီး စက်တင်ဘာ ၂၀ ရက်တွင် ကသာမြို့မှ မန္တလေးမြို့သို့ ရေကြောင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ကသာမြို့တွင် နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိသော ကိုလိုနီခေတ်မှ နေအိမ်အဆောက်အအုံများ တစ်ဒါဇင်ခန့်ကျန်ရှိနေပြီး ထိုအိမ်များသည် ကိုလိုနီခေတ်လက်ကျန် နေအိမ်သက်သက်မျှသာမဟုတ်ဘဲ ကမ္ဘာကစိတ်ဝင်စားသော သမိုင်းဖြစ်ရပ်များစွာရှိသည့် အိမ်ကြီးများဖြစ်ရာ အဆိုပါအိမ်များနှင့် အိမ်ဝင်းများအတွင်း ဖျက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ တိုက်ခန်းများဆောက်လုပ်ခြင်းတို့ မပြုလုပ်ကြရန် ထိန်းသိမ်း၍ နိုင်ငံတော်အစိုးရကလည်း ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း တွေးမိသည်။

ယခုလက်ရှိတွင် အဆိုပါအဆောက်အအုံများတွင် တစ်ခုအပါအဝင်ဖြစ်သော အရေးပိုင်အိမ်ကြီးကို NGO အဖွဲ့တစ်ခုဖြစ်သော ကသာရှေးဟောင်းအမွေအနှစ်စောင့်ရှောက်ရေးအသင်း(Katha Heritage Trust) က ရှေးမူမပျက် ပြန်လည်ပြုပြင်၍ ကသာမြို့အတွက် ပြခန်း ပြတိုက်အဖြစ် ပြောင်းလဲရန် ပြင်ဆင်နေကြကြောင်းလည်း သိရှိရသည်။



ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့အော်ဝဲလ် နေထိုင်ခဲ့ဖူးရာမြို့ဖြစ်၍ သမိုင်းတွင်သော ကသာမြို့သည် အနောက်ဘက်တွင် ဖက်ဆွတ်တောင်တန်းကြီး၊ အရှေ့ဘက်တွင် ဧရာဝတီမြစ်ကြီးတို့တည်ရှိကာ သဘာဝပတ်ဝန်းကျင် သာယာလှပသလို ကမ္ဘာကျော်စာရေးဆရာကြီး နေထိုင်ခဲ့သောအိမ်ကြီးနှင့် ယင်းနှင့်ပတ်သက်သော အထောက်အထားများလည်း တည်ရှိနေသဖြင့် အနယ်နယ်အရပ်ရပ်မှ စိတ်ဝင်စားသူများလည်း လာရောက်လည်ပတ် လေ့လာနိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။

**သတင်းဆောင်းပါး-လူအောင်(ကသာ)**

## ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသားများအား တိုင်းရင်းဆေးဖြင့်ကွင်းဆင်းကုသပေး

**ရွှေဘို စက်တင်ဘာ ၂၃**

ရွှေဘိုမြို့(၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၊ ရွှေဘိုခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနများနှင့် အကျဉ်းဦးစီးဌာနတို့ ပူးပေါင်း၍ ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသားများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို စက်တင်ဘာ ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




ဆေးကုသမှုများကို ရွှေဘိုတိုင်းရင်းဆေးရုံမှ ဒုတိယဆေးရုံအုပ် ဒေါ်မြမြခိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်တိုင်းရင်းဆေးကုဌာနမှ ဒုတိယခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ခင်ခင်သဲနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အကျဉ်းသား ၇၀ နှင့် အကျဉ်းသူ ၄၀ အား ကျန်းမာရေးစစ်ဆေးပေးကာ အရေပြားရောဂါ၊ ထုံကျင်ရောဂါ၊ သွေးတိုးရောဂါနှင့် သာမန်အဖျားရောဂါ များကို တိုင်းရင်းဆေးပညာဖြင့် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ မိမိတို့အကျဉ်းထောင်တွင် တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းဆေးကုသပေးသော တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တာဝန်ရှိဝန်ထမ်းများအား အကျဉ်းဦးစီးဌာနအနေဖြင့် ကျေးဇူးတင်ရှိကြောင်း အကျဉ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ ရွှေဘိုခရိုင်နှင့် မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ရွှေဘိုမြို့(၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ပူးပေါင်းကာ ကျန်ရှိနေသေးသော အကျဉ်းသားများနှင့် အကျဉ်းသူများကိုလည်း တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများကို လစဉ် ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများ၏ ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ခဲ့သော ခွဲစိတ်ဆောင်သစ်ကြီးဖွင့်လှစ်

**မြဝတီ စက်တင်ဘာ ၂၃**

ကရင်ပြည်နယ် မြဝတီခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများ၏ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ခဲ့သော တိုးချဲ့ခွဲစိတ်ဆောင်သစ်ကြီး ဖွင့်ပွဲကို စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ မြဝတီမြို့စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌဦးသန်းရွှေနှင့် ဂျပန်သံရုံးမှ Mr.Nobushi တို့က ခွဲစိတ်ဆောင်သစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အမှာစကားပြောကြားသည်။

ထို့နောက်ဂျပန်သံရုံးမှ Mr.Nobutoshi HATANO က မြဝတီဆေးရုံ ခွဲစိတ်လူနာဆောင် ဆောက်လုပ်ရေးစီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့မှု အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဆောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် မြဝတီမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၀ ၏ ကျန်းမာရေးကိစ္စများကို လုံခြုံစိတ်ချစွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး လိုအပ်မှုများကို ဂျပန်အစိုးရနှင့် ပြည်သူများက ထောက်ပံ့ပေးလျက်ရှိသလို ရှေ့ဆက်ပြီးလည်း မြန်မာနိုင်ငံအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တိုးချဲ့ခွဲစိတ်ဆောင်သစ်ကြီးကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ခွဲစိတ်ဆောင်သစ်ကြီး၏ တည်ဆောက်မှုကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၄၀၀၆၁၅ ဒေါ်လာဖြစ်ကာ ခွဲစိတ်ဆောင်အတွင်းအသုံးပြုမည့် ဆက်စပ်ခွဲစိတ်ခန်းသုံး စက်ပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆၁၃၈ ဒေါ်လာဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇၆၇၅၃ ဒေါ်လာကုန်ကျခဲ့ကြောင်းသိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**မဘိမ်း စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မလှိုင်ကုန်းကျေးရွာ ပညာဗိမာန်စာကြည့်တိုက်၌ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ စာဖတ်စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပ ဗဟုသုတနှင့် စာဖတ်စွမ်းရည်များ တိုးပွားလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး စာဖတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မလှိုင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၅ ဦးက ပါဝင်ဖတ်ကြားယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိသော ကျောင်းသား ကျောင်းသူများကို မြို့နယ်ဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



**ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေ-ရန်ကုန် သွားကားလမ်းမပေါ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းလှအောင်နှင့်အဖွဲ့စက်တင်ဘာ ၁၇ ရက်က မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် လှည့်လည်ပြသစဉ်။** (မြို့နယ် ပြန်/ဆက်)

## စိုက်ပျိုးနည်းစနစ်များ တောင်သူပညာပေးဟောပြော

**တာလေ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးနည်းစနစ်များ တောင်သူပညာပေးဟောပြောပွဲကို နားယောင်းကျေးရွာအုပ်စု ရန်ကင်း(၁)ကျေးရွာ ခန်းမဆောင်၌ စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် တာလေမြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးလှမိုးထွေးက လယ်ယာမြေများ ပုံစံ(၇)ရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်း စဉ်များနှင့် အခွင့်အရေးများကိုလည်းကောင်း၊ တာလေမြို့စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလွှမ်းမိုးသူက သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ပြုလုပ်သုံးစွဲနည်းများကို လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ တာဝန်ခံက မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ သီးနှံကာကွယ်ရေး တာဝန်ခံက ရောဂါပိုးမွှား ခွဲခြားပုံနှင့် နှိမ်နင်းနိုင်သည့်ဆေးဝါးများအကြောင်းကိုလည်းကောင်း ရှင်းလင်း ဟောပြောသည်။ **ဝေယံလင်း(ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက်ဒေသခံပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက မြောင်-ပရိမ္မကားလမ်းတွင်အခြေပြု၍စက်တင်ဘာ ၂၂ ရက်က ဖြန့်ဝေပေးနေစဉ်။**
(၀၇၇)

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ပညာပေးဟောပြော

**မြစ်ကြီးနား စက်တင်ဘာ ၂၃**
နိုင်ငံတော်အစိုးရ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် မြစ်ကြီးနားမြို့စီတာပူရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း ပဒန်ခန်းမ၌ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြစ်ကြီးနား ကြက်ခြေနီသူနာပြုတပ်ရင်းတပ်စုမှူး ဒေါ်ဂျိယိန်းနာမ်က ကလေးငယ်များအပေါ် အကြမ်းဖက်ခြင်း၊ မတော်တလျော်ပြုမူခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ မြစ်ကြီးနားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ရည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

"ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစီမံချက်ကို ရပ်ကွက်ကျေးရွာ ၅၀ နဲ့ အခြေခံပညာကျောင်းတွေမှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကစပြီး ဟောပြောခဲ့တာ ၄၂၂ ကြိမ်ရှိခဲ့ပါပြီ။ ကလေးသူငယ်ပြဿနာများ ပေါ်ပေါက်လာရင်တော့ ကျွန်တော်တို့ ကြက်ခြေနီသူနာပြုတပ်ရင်းကနေ ခေါင်းဆောင်ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ ရတနာ့မေတ္တာအဖွဲ့တို့ကို လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးအပ်ပါတယ်"ဟု မြစ်ကြီးနားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ရေးထောက်အရာရှိ ဦးထွန်းထွန်းက ပြောကြားသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## ကျွန်းစုမြို့နယ်အတွင်း မိမိဆန္ဒအလျောက် မူးယစ်ဆေးဖြတ်လိုသူ ၁၀၀ ကျော်ရှိ

**ကျွန်းစု စက်တင်ဘာ ၂၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းမှ မူးယစ်ဆေးဝါးစွဲနေသူများအား ဆေးဖြတ်ပေးရန်အတွက် စာရင်းကောက်ယူလျက်ရှိရာတွင် ကျေးရွာငါးရွာမှ မိမိဆန္ဒအလျောက် ဆေးဖြတ်ရန် စာရင်းပေးသွင်းထားသူ ၁၀၀ ကျော်အထိရှိနေကြောင်း သိရသည်။

ကျွန်းစုမြို့နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းပပျောက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများက မြို့နယ်အတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်းများပြုလုပ်ပြီး ကျေးရွာများမှ မူးယစ်ဆေးဝါးသုံးစွဲနေပြီး မိမိသဘောဆန္ဒအလျောက် ဆေးဖြတ်ချင်သူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများတွင် စာရင်းပေးသွင်းကာ ဆေးဖြတ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်းစုမြို့နယ်အတွင်းမှ ဆေးဖြတ်လိုသူများကို ဆေးဖြတ်ကုသမှုခံယူနိုင်စေရန် ကျွန်းစုမြို့နယ်ပြည်သူ့ဆေးရုံ၊ ကံမော်တိုက်နယ် ပြည်သူ့ဆေးရုံနှင့် မြိတ်မြို့ပြည်သူ့ဆေးရုံတို့တွင် စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ စာရင်းလက်ခံခဲ့ရာ ကတန်ကျေးရွာ၊ မြေနီတောင်ကျေးရွာ၊ ရေကန်တောင်ကျေးရွာ၊ ကံမော်ကျေးရွာနှင့် ကော်မယ်(အရှေ့)ကျေးရွာများမှ မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းပြီး အမှန်တကယ် မူးယစ်ဆေးဝါးဖြတ်လိုသူဦးရေ ၁၀၁ ဦးရှိကြောင်း ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှစာရင်းအရ သိရသည်။

ဆက်လက်၍ မြို့နယ်အတွင်းမှ အခြားကျေးရွာများ၌လည်း ကျွန်းစုမြို့နယ် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ်ပြုလုပ်ကာ ကျေးရွာများအတွင်းမှ ဆေးဖြတ်လိုသူများကိုလည်း စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ ဆေးဖြတ်လိုသူများအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ(MANA)အဖွဲ့များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံတွင် အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် စာရင်းသွင်းပြီးပါက ဆေးကုသမှုခံယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**ရန်နိုင်(ပြန်/ဆက်)**

## ရေမြုပ်ပျက်စီးသီးနှံများအတွက် တောင်သူများအား ထောက်ပံ့

**ကသာ စက်တင်ဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် ဧပြီလနှင့် မေလအတွင်းက ဧရာဝတီမြစ်ရေဝင်ရောက်ခဲ့၍ ရေနစ်မြုပ်ပျက်စီးခဲ့သော သီးနှံများအတွက် ထောက်ပံ့ငွေ ကျပ် ၆၂၄၅ သိန်းကျော်ကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံတောင်သူများထံသို့ စက်တင်ဘာ ၂၁ ရက်က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရေဘေးကြောင့် ဧရာဝတီမြစ်ကမ်းအနီး ကျေးရွာများရှိ တောင်သူ ၃၆၃၀ ၏ ပဲ၊ စပါး၊ ပြောင်းနှင့် အသီးအရွက်စိုက်ခင်းများ စုစုပေါင်း ၁၀၈၀၇ ဒသမ ၀၉ ဧက ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါတောင်သူများထံသို့ ထောက်ပံ့ကြေးများကို ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ စိုက်ပျိုးရေးဘဏ်မန်နေဂျာ ဦးကျော်ဦးတို့နှင့်အတူ ဆည်မြောင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အခွန်ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ် လဝကဦးစီးဌာန၊ မြို့နယ်ပညာရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက နယ်မြေအလိုက် အဖွဲ့ ၂၃ ဖွဲ့ခွဲ၍ လိုက်လံပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

## အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနား မန္တလေးမြို့၌ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၃**
အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားကို မန္တလေးမြို့ ၆၂ လမ်းရှိ မနော်ရမ္မ ပြည်သူ့ဟစ်တိုင်ကွင်း၌ စက်တင်ဘာ ၂၁ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။



အခမ်းအနားသို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းများ၊ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားစတင်ချိန်တွင် မိုးရွာသွန်းခဲ့သော်လည်း မိုးထဲရေထဲမှာပင် အခမ်းအနားကို စတင်ကျင်းပခဲ့သည်။ အခမ်းအနားတွင် ငြိမ်းချမ်းရေးကဗျာ ရွတ်ဆိုခြင်း၊ ငြိမ်းချမ်းရေးသရုပ်ဖော်ပြသခြင်း၊ ငြိမ်းချမ်းရေးသီချင်းစပ်ဆိုခြင်း၊ ငြိမ်းချမ်းရေးစာတမ်းများပါသည့် ဆိုင်းဘုတ်များကိုင်ဆောင်ပြသခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စက်တင်ဘာ ၂၁ ရက်ကို ၂၀၀၁ ခုနှစ်မှစတင်ကာ ငြိမ်းချမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် ကျင်းပလျက်ရှိကာ မန္တလေးမြို့တွင် ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် ကျင်းပသည့် အခမ်းအနားမှာ လေးကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

## ဝန်ဆောင်မှုကိုရှေးရှုသောရဲလုပ်ငန်းစဉ်စနစ်အားချပြရှင်းလင်း

**သံတွဲ စက်တင်ဘာ ၂၂**
သံတွဲခရိုင် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များကို ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်စနစ်အား ချပြရှင်းလင်းပွဲကို စက်တင်ဘာလဒုတိယပတ်က သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ကျင်းပရာ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က အမှာစကားပြောကြားပြီး ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်စနစ်အား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ရာ သံတွဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်စိုး ဦးဆောင်သည့် ခရိုင်/မြို့နယ်များမှ အရာရှိ ၂၉ ဦး၊ တပ်ဖွဲ့ဝင် ၁၂၁ ဦး စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်ပေါ်ပေါက်လျှင် ရှာဖွေကယ်ဆယ်ရေးသင်တန်း မြစ်ကြီးနားမြို့၌ ဖွင့်လှစ်

**မြစ်ကြီးနား စက်တင်ဘာ ၂၃**
ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းများနှင့် နိုင်ငံပိုင်ကုန်ထုတ်အရင်းအနှီးများ သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ဖြင့် ရင်ဆိုင်ကြုံတွေ့လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းကို စက်တင်ဘာ ၂၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြစ်ကြီးနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးဝတ်စုံ ၁၁၆ စုံကို ပြည်နယ်မီးသတ် ဦးစီးဌာနမှူး ဦးစိုးဝင်းထံ လွှဲပြောင်းပေးအပ်ကာ ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးဝင်း ဦးဆောင်သည့် နည်းပြများက သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

သင်တန်းတွင် မီးသတ်တပ်ဖွဲ့ဝင်များအား သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပုံ၊ ရာသီဥတုအကြောင်း သိကောင်းစရာများ၊ အသက်ရှူကိရိယာအသုံးပြုနည်း၊ လူနာသယ်ဆောင်နည်း၊ သဘာဝဘေးအန္တရာယ်ရှစ်မျိုးနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်အချက်များ၊ ရေပြင်အသက်ကယ်နည်း၊ Life Jacket အသုံးပြုရေကူးခြင်း၊ ကြိုးချည်နည်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့် အချက်များ၊ ရေပြင်အသက်ကယ်နည်းကို ကြိုးအသုံးပြုဆောင်ရွက်ပုံ စသည့် သင်ခန်းစာများကို နှစ်ပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ မြစ်ကြီးနားမြို့နယ်အတွင်းမှ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၁၁၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနား ကျင်းပ

**မြိတ် စက်တင်ဘာ ၂၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် အမျိုးသမီးသမဂ္ဂအဖွဲ့နှင့် လမ်းစ ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ မြိတ်မြို့ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချိုက အမှာစကားပြောကြားပြီး မြိတ်ခရိုင် အမျိုးသမီးသမဂ္ဂအဖွဲ့ဝင် မမြင့်ဇူလိုင်က အခမ်းအနားကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဦးတင်ကိုကိုဦးက ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးသည်။ ထို့နောက် လမ်းစပရဟိတအဖွဲ့မှ လူငယ်များက စစ်ပွဲများရပ်ဆိုင်းရန်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကဗျာများကို ရွတ်ဆိုခဲ့ကြပြီး အခမ်းအနားတက်ရောက်လာသော လမ်းစ ပရဟိတအဖွဲ့ဝင်များ၊ မြိတ်ခရိုင် အမျိုးသမီးသမဂ္ဂအဖွဲ့ဝင်များ၊ အမေ့အိမ်နှင့် အမေ့မေတ္တာ စာသင်ဝိုင်းများမှ ကျောင်းသား ကျောင်းသူများက ငြိမ်းချမ်းရေးသီချင်းများ စုပေါင်းသီဆိုခဲ့ကြသည်။ **ခိုင်ထူး(မြိတ်)**



## တိုင်းရင်းသား မိဘမဲ့ကလေးငယ်များပညာသင်ကျောင်းသို့ ထောက်ပံ့လှူဒါန်း

**ထားဝယ် စက်တင်ဘာ ၂၃**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းညောင်ရမ်းရပ်ရှိ တိုင်းရင်းသားမိဘမဲ့များ ဘက်စုံပညာဖွံ့ဖြိုးရေး အမျိုးသမီးပညာသင်ကျောင်းသို့ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို စက်တင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များ၊ ထားဝယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက တိုင်းရင်းသားမိဘမဲ့များ ဘက်စုံပညာဖွံ့ဖြိုးရေး အမျိုးသမီးပညာသင်ကျောင်းရှိ သီလရှင်များနှင့် ကျောင်းသူ ၁၀၇ ဦးအတွက် ဗလာစာအုပ် ၁၅ ဒါဇင်၊ ဆေးစိမ်ခြင်ထောင် ၁၅ လုံး၊ တစ်ကိုယ်ရေသုံးပစ္စည်းထုပ် ၅၀၊ ဘောင်းဘီအထည် ၅၀၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် ဆပ်ပြာမွှေးများကို ကျောင်းအုပ် သီလရှင်ဆရာလေး ဒေါ်စန္ဒသိင်္ဂီထံ ပေးအပ်ခဲ့ပြီး အမျိုးသမီးရေးရာအဖွဲ့တာဝန်ရှိသူများက အဆိုပါကျောင်းမှ သီလရှင်လေးများ၊ ကျောင်းသူများနှင့်အတူ ကျန်းမာရေးပညာပေး စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ကာ ကျန်းမာရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။



**(ခရိုင် ပြန်/ဆက်)**

# မိဘမဲ့သူ ဖေးမကူ နတ်လူသာဓု ခေါ်စေသော်ဝ်

**ဆောင်းပါး -ဆရာသောင်း**

"ဆရာတော်ဦးတိက္ခဉာဏနဲ့ တွေ့ချင်လို့ပါဘုရား"

"သြော် ဦးတိက္ခဆိုတာဦးပဉ္စင်းပါပဲ ဒကာကြီး၊ အလိမ္မာပန်းမျိုးလန်းရာမြေ ကျူရှင်က ဆရာသောင်းဆိုတာ ဒကာကြီးလား"

"မှန်ပါ့ဘုရား၊ ဆရာတော်ရဲ့ရဟန်းဘဝနဲ့ ဝံသပါလ မိဘမဲ့ ပရဟိတကျောင်းကို ဆရာတော် ဘယ်ပုံဘယ်နည်း တည်ထောင်ခဲ့တယ်ဆိုတာ သိချင်လို့လာခဲ့တာပါ အရှင်ဘုရား"

"ဦးပဉ္စင်းက ဒီရမည်းသင်းမြို့သားမဟုတ်ဘူး ဒကာကြီးရဲ့၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်က လဲဘူးရွာဇာတိပါ။ ဦးတင် ဦး ဒေါ်တင်ရီတို့ရဲ့သားသမီးခြောက်ယောက်ထဲမှာ တတိယမြောက်သားပေါ့ဒကာကြီး"

"သြော်၊ ကျောင်းထိုင်ဆရာတော်လို့သာဆိုတယ်။ ဦးပဉ္စင်းက ငယ်သေးတယ်နော်"

"ဟုတ်ပါတယ်ဒကာကြီး၊ ဦးပဉ္စင်းအသက်က အခုမှ ၃၆ နှစ်ပဲ ရှိပါသေးတယ်။ ဒါပေမယ့် ဝါအနေနဲ့ကတော့ ရှင်သာမဏေက ရှစ်ဝါ၊ ရဟန်းက ၁၅ ဝါ၊ အားလုံးပေါင်း ၂၃ ဝါ ရနေပါပြီ။ ဦးပဉ္စင်း ၁၃ နှစ်သားကတည်းက ရွာမှာပဲ ရှင်သာမဏေပြုခဲ့တာလေ။ နောက်နှစ်နှစ်လောက်ကြာမှ ဒီရမည်းသင်းမြို့ ရန်အောင်မြင်ကျောင်း ပရိယတ္တိစာသင်တိုက်ကို ရောက်လာပြီးတော့ ပရိယတ္တိစာပေတွေကို သင်ယူခဲ့တာပါဒကာကြီး"

"နောက်တော့ကော ဘုရား"

"အင်း ဘယ်ပညာမဆို လုံးဝတတ်မြောက် ပြီးဆုံးသွားပြီဆိုတာ မရှိလေတော့ ရမည်းသင်း ရန်အောင်မင်းကျောင်း၊ သန်လျင် မင်းကျောင်း၊ ပဲခူး သာသနာ့မဏ္ဍိုင်ကျောင်းတိုက်နဲ့ ကြခတ်ဝိုင်းကျောင်းတိုက်တွေမှာ ပရိယတ္တိစာပေတွေကို သင်ယူခဲ့တဲ့အပြင် မန္တလေး တူမောင်းကျောင်းတိုက်နဲ့ ဓမ္မိကရာမ စာသင်တိုက်တွေမှာပါ ဆက်လက်သင်ယူခဲ့ပြီးမှ ဦးပဉ္စင်း နဂိုမူလကနေခဲ့တဲ့ ရန်အောင်မြင်ကျောင်းကိုပြန်လာပြီး စာချဘုန်းကြီးလုပ်နေတာပါ ဒကာကြီး"

"တင်ပါ့ဘုရား၊ အခုလို မိဘမဲ့ပရဟိတကျောင်း တည်ထောင်ဖြစ်ပုံလေးကိုလည်း အမိန့်ရှိပါဦးဘုရား"

"ဒီလိုဒကာကြီးရဲ့၊ ဦးပဉ္စင်းအနေနဲ့ ကိုယ့်အောက်ငယ်တဲ့ ရဟန်းသာမဏေလေးတွေကို ပရိယတ္တိစာပေတွေ ပြန်လည်သင်ကြားပေးနေတဲ့အတောအတွင်း ၂၀၁၂ ဩဂုတ် ၂ ရက်မှာ အဖွဲ့ဝင် ၁၀၀ ပါတဲ့ ဝံသပါလ ပရဟိတလူငယ်အဖွဲ့ကြီးကို တည်ထောင်ခဲ့ပြီး ပရဟိတလုပ်ငန်းတွေကို တက်တက်ကြွကြွ ဆောင်ရွက်နေရင်းက ဦးပဉ္စင်းစိတ်ထဲမှာ အတွေးလေးတစ်ခု ဖြစ်ပေါ်လာခဲ့တယ် ဒကာကြီး"

"ဘယ်လိုအတွေးမျိုးပါလဲ အရှင်ဘုရား"

"အတိတ်ဘဝက ကုသိုလ်ကံအကျိုးပေးကောင်းတဲ့သူတွေကျတော့ မိစုံဖစုံနဲ့ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာ နေကြရပြီး ကံမကောင်းအကြောင်းမလှတဲ့သူတွေမှာတော့ တချို့က မိဘနှစ်ပါးစလုံး မရှိကြတော့ဘူး။ တချို့က ဖခင်သာရှိ ပြီး မိခင်က ကွယ်လွန်သွားတယ်။ တချို့ကျတော့ မိခင်ရှိပေမယ့် ဖခင်က သေဆုံးသွားတယ်။ အဲ၊ တချို့ကလေးတွေမှာကျတော့ မိဘနှစ်ပါးစလုံး ရှိပြန်တော့လည်း ဆင်းရဲနွမ်းပါးလွန်းလို့ ကိုယ့်သားသမီးကိုယ် မကျွေးမွေး မစောင့်ရှောက်နိုင်ကြပြန်ဘူး။ အဲ့ဒီတော့ ... ဘာပဲဖြစ်ဖြစ် မွေးမိ မွေးဖ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူတို့ကို ကျွေးမွေးစောင့်ရှောက်နိုင်မယ့် မိဘမရှိဘူးဆိုရင်တော့ အဲ့ဒီကလေးတွေကို မိဘမဲ့ကလေးတွေလို့ပဲ သဘောထားပြီး ကျွေးမွေးစောင့်ရှောက်ပေးသင့်တယ်လို့ ဦးပဉ္စင်း တွေးထင်မိခဲ့တယ် ဒကာကြီး။ ဘာဖြစ်လို့လဲဆိုတော့ မိဘမဲ့ကလေးတွေဟာ ခိုကိုးရာမဲ့ပြီး အလွန်မတန်သနားစရာကောင်းကြလို့ပါပဲ"

"ဟုတ်လိုက်လေအရှင်ဘုရား၊ မွေးတဲ့မိဘရှိပေမယ့် ကျွေးတဲ့မိဘမရှိဘူးဆိုရင်တော့ အဲ့ဒီကလေးတွေကို မိဘမဲ့ကလေးတွေလို့ ခေါ်နိုင်တာပဲပေါ့နော်"

"ဒါပေါ့ဒကာကြီးရယ်၊ အဲ့ဒါကြောင့်မို့ မွေးမိဘရှိရှိ မရှိရှိ၊ အကြောင်းအမျိုးမျိုးကြောင့် ကျွေးမိဘမရှိကြတဲ့ မိဘမဲ့ကလေးမှန်သမျှကို သူတို့မိဘတွေရဲ့ကိုယ်စား ကျွေးမိဘအဖြစ်နဲ့ ကျွေးမွေးပြုစုစောင့်ရှောက်တော့မယ်လို့ သန္နိဋ္ဌာန်ချပြီး ၂၀၁၄ စက်တင်ဘာ ၄ ရက် ဦးပဉ္စင်းရဲ့ ၃၄ နှစ်ပြည့်မွေးနေ့မှာ အမှတ်တရအနေနဲ့ ဒီဝံသပါလ မိဘမဲ့ပရဟိတကျောင်းကြီးကို တည်ထောင်ဖြစ်သွားခဲ့တာပါပဲ ဒကာကြီး"

"အလွန်မတန် မွန်မြတ်လှပါတယ် ဘုရား။ ဒါနဲ့ ဝံသပါလ ဆိုတာ ဘယ်လိုအဓိပ္ပာယ်ပါလဲ အရှင်ဘုရား"

"သြော် ဝံသဆိုတာက အမျိုးအနွယ်၊ ပါလဆိုတာက စောင့်ရှောက်ခြင်းလို့ အဓိပ္ပာယ်ရပါတယ် ဒကာကြီး"

"တင်ပါ့ဘုရား။ ဒီကျောင်းဆောက်ဖို့ မြေလှူတဲ့အလှူရှင်ကရော တစ်ဦးတည်းပဲလားအရှင်ဘုရား"

"အင်း၊ မူလမြေအလှူရှင်ကတော့ တစ်ဦးတည်းပါပဲ ဒကာကြီး။ ဝါတိုးအရှေ့ရပ်ကွက် ဇွဲသစ်စတိန်းလက်စတီးနဲ့ အလူမီနီယံ လုပ်ငန်းပိုင်ရှင် ကွယ်လွန်သူဖခင်ကြီး ဦးလှအောင်ကို ရည်စူးပြီး မိခင်ကြီးဒေါ်ကျင်ရွှေနဲ့သားသမီးတွေက ရမည်းသင်းမြို့ရဲ့အနောက်ဖျား အောင်မင်္ဂလာရပ်ကွက်အစွန်မှာရှိတဲ့ မြေလေးဧကကို ကျောင်းမြေအဖြစ် စတင်လှူဒါန်းခဲ့တာပါ။ အဲဒီနောက် အောင်မင်္ဂလာရပ်ကွက်မှာနေတဲ့ ဦးကာကာထွန်း ဒေါ်ခင်လေး မိသားစုက ပေ ၄၀၀ × ပေ ၁၀၀ ကျယ်တဲ့ မြေကွက်ရယ်၊ ပေ ၁၁၀၀ × ၁၅ ပေ ကျယ်တဲ့ လမ်းမြေကိုပါ လှူဒါန်းခဲ့ရုံသာမက လေးပင်ပတ်လည် တိုက်ကျောင်းဆောင်ကြီးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ကြတယ် ဒကာကြီး။ ဆက်လက်ပြီး ပန်းတိမ်ရပ်ကွက်က ရန်ကြီးအောင် မြန်မာပရဆေး မိသားစုဖြစ်တဲ့ ဦးဌေးအောင် ဒေါ်ခင်လှလှတို့နဲ့ အောင်မင်္ဂလာရပ်ကွက်က ကုန်သည်ကြီးဦးလှမောင် ဒေါ်တင်ရွှေ မိသားစုတို့ကလည်း လိုအပ်နေတဲ့မြေကွက်တွေကို ထပ်ဆင့်လှူဒါန်းကြပြန်တယ်"

"မီးတို့၊ ရေတို့ရော အဆင်ပြေရဲ့လား အရှင်ဘုရား"

"ပြေပါတယ် ဒကာကြီး။ လျှပ်စစ်မီးအတွက် ရမည်းသင်းမြို့နယ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် ဒေါ်စိန်စိန်ရီ မိသားစုနဲ့ မြို့နယ်လျှပ်စစ်ရုံးက တာဝန်ရှိပုဂ္ဂိုလ်တွေက စီစဉ်ပေးကြသလို ရေအတွက်ကလည်း ရမည်းသင်းမြို့ အမှတ်(၁)ရဲ့လေ့ကျင့်ရေးသင်တန်းကျောင်းက ဒုတိယရဲမှူးကြီး ဦးခင်မောင်သော် ဒေါ်တင်တင်ဦး မိသားစုက အဝီစိသောက်ရေတွင်းတစ်တွင်းတူးပေးပြီး လှူဒါန်းကြတဲ့အတွက် မီးရော၊ ရေရော အားလုံးအဆင်ပြေတယ်လို့ပဲ ဆိုရမှာပေါ့ ဒကာကြီး"

"ဒါဖြင့် အစားအသောက်အလှူရှင်တွေကိုရော ဘယ်လိုများရှာဖွေရပါသလဲ အရှင်ဘုရား"

"အထူးမရှာရပါဘူး ဒကာကြီးရယ်။ ဒကာမကြီး ဒေါ်ခင်လှလှ၊ ဒေါ်ဆွေဇင်နဲ့ ပရဟိတအဖွဲ့ဝင်တွေက ရမည်းသင်းဈေးနေ့တိုင်း ဈေးထဲမှာလိုက်ပြီး ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ခရမ်းချဉ်သီး၊ ဟင်းသီးဟင်းရွက်တွေနဲ့ ဟင်းချက်စရာတွေကို အလှူခံပေးနေကြသလို နေ့စဉ်ပို့တဲ့ ဆွမ်းချိုင့်အလှူရှင်နဲ့ အပတ်စဉ်ပို့တဲ့ ဆွမ်းချိုင့်အလှူရှင်ပေါင်း ၃၈ ဦးတောင်ရှိတာဆိုတော့ ဆွမ်းကွမ်းအတွက်သာမက ကလေးတွေအစားအသောက်အတွက်ပါ မပူရတော့ပါဘူး။ ဒီကြားထဲ ကြားဖြတ်အလှူရှင်တွေက ထမင်းတစ်နပ်စာကို ငါးသောင်း၊ တစ်နေ့စာကို တစ်သိန်းနှုန်းနဲ့ မကြာမကြာလာပြီး လှူကြပါသေးတယ်"

"တခြား ဘယ်လိုအလှူရှင်တွေရှိပါသေးလဲ အရှင်ဘုရား"

"ရပ်နီးရပ်ဝေး အလှူရှင်တွေက တစ်သောင်းတန်ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ပညာရေးပဒေသာပင်တွေ လှူဒါန်းနေကြသလို နိုင်ငံခြားမှာရောက်နေကြတဲ့ မြန်မာလူမျိုးတွေကလည်း ဘဏ်တွေကနေတစ်ဆင့် လှူဒါန်းငွေတွေ ပေးပို့လှူဒါန်းကြပါတယ် ဒကာကြီး။ မလေးရှားက ကိုသူရမင်းထက်စိုး၊ ကိုအောင်မြင့်ထူးနဲ့ သူငယ်ချင်းတွေရယ်၊ စင်ကာပူက ကိုခွန်ခြည်နောင်၊ ထိုင်းနိုင်ငံက ကိုပိုင်စိုးနဲ့ သူငယ်ချင်းတွေရယ်၊ နောက်ပြီး ကိုရီးယားက ကိုမင်းသန့်၊ ကိုအောင်နိုင်ဝင်းခန့်၊ ကိုချင်းနဲ့ သူငယ်ချင်းတွေက လှူကြတဲ့အပြင်၊ အမေရိကန်မှာနေတဲ့ ဆရာတော်အရှင်နန္ဒဝံသကလည်း ဘဏ်တွေကတစ်ဆင့် ငွေလွှဲပို့ပြီးလှူဒါန်းနေတာပါ ဒကာကြီး"

"တကယ်လို့ လှူချင်တယ်ဆိုရင် ဘယ်သူနဲ့ဆက်သွယ်ပြီး လှူရမှာလဲ အရှင်ဘုရား"

"ဦးပဉ္စင်းရဲ့ ဖုန်း-၀၉-၄၂၀၇၀၇၄၄၂ ကိုပဲဖြစ်ဖြစ်၊ ဒေါ်ခင်လှလှရဲ့ ဖုန်း-၀၉-၄၀၂၇၅၄၄၈၇ ကိုပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ဒေါ်ဆွေဇင်ရဲ့ဖုန်း-၀၉-၄၀၂၇၅၄၇၈၅ ကိုပဲဖြစ်ဖြစ် ဆက်သွယ်ပြီး လှူဒါန်းနိုင်ပါတယ်ဒကာကြီး"

"အခုဆိုရင် မိဘမဲ့ကလေး ဘယ်နှယောက်လောက်ရှိနေပါပြီလဲ အရှင်ဘုရား"

"ဒီကျောင်းတည်ထောင်ခါစကတော့ သုံးယောက်တည်းပါ။ နောက်ထပ် ၁၆ ယောက်တိုးလာပြီး မနှစ်ကဆိုရင် ၁၉ ယောက်ရှိပါတယ်။ အခုနှစ်ကျမှ ပလောင်တိုင်းရင်းသား ဘုန်းကြီးတွေ စီစဉ်ပေးလို့ မန္တလေး ပြည်ကြီးတံခွန် အဝါရောင် မျိုးဆက်သစ်လူငယ်ပရဟိတကျောင်းကတစ်ဆင့် မူဆယ် နမ့်ခမ်းနယ်ဘက်က ပလောင်လေးတွေ ၁၉ ယောက် မေ ၁၆ ရက်က ရောက်လာကြတဲ့အတွက် စုစုပေါင်း ၃၈ ယောက်ရှိနေပါပြီ ဒကာကြီး"

"တော်တော်လေးတောင်များနေပြီပဲ။ အဲဒီအထဲမှာ မိန်းကလေးတွေရော ပါသေးလားဘုရား"

"မိန်းကလေးက ၁၃ ယောက်ပါတယ်ဒကာကြီး။ ယောကျ်ားလေးက ၂၅ ယောက်ပေါ့"

"သူတို့ကို အဝတ်အစားဆင်ရုံ ကျွေးမွေးရုံပဲလား ဘုရား။ ကျောင်းရောထားပေးပါသေးလား"

"ဒီမှာရှိတဲ့ မိဘမဲ့ကလေးတွေအားလုံးကို ကျောင်းထားပေးပါတယ်ဒကာကြီး။ မူလတန်းကျောင်းသား ၁၈ ယောက်နဲ့ အလယ်တန်းကျောင်းသား ၂၀ တို့ကို အစိုးရကျောင်းတွေမှာ အပ်ပေးထားပြီး အများလှူထားတဲ့ကျောင်းကားနဲ့ နေ့တိုင်း အကြိုအပို့လုပ်ပေးနေတဲ့အပြင် ဒေါက်တာစည်သူက ကျောင်းသားတွေကို အခမဲ့ဆေးလည်းကု၊ စာလည်းပြပေးပြီး ကျောင်းဆရာတချို့က ကလေးတွေကို အခမဲ့ အချိန်ပိုသင်ကြားပေးနေကြပါသေးတယ်"

"ဒီလောက်များပြားတဲ့တာဝန်တွေကို ဦးပဉ္စင်းတစ်ပါးတည်း ဦးဆောင်ဦးရွက်လုပ်ကိုင်နေရတာ အတော်လေး ပင်ပန်းနေမှာပဲနော်"

"ပင်ပန်းလှတယ်တော့မဟုတ်ပါဘူး ဒကာကြီး။ ဘာဖြစ်လို့လည်းဆိုတော့ ရန်အောင်မြင်ကျောင်း၊ ရန်အောင်မင်းကျောင်းနဲ့ ဇေယျာအောင်မြင်ကျောင်း ဆရာတော်တွေရဲ့ သြဝါဒတွေကိုခံယူပြီးမှ လုပ်ဆောင်တာဖြစ်သလို ကိုယ့်မြို့နယ်က အမျိုးဘာသာသာသနာ ကာကွယ်စောင့်ရှောက်ရေးဆရာတော်တွေနဲ့ ပရဟိတဆရာတော်တွေရဲ့သြဝါဒ၊ အကြံဉာဏ်နဲ့ ကူညီစောင့်ရှောက်မှုတွေကြောင့် ဦးပဉ္စင်းအခုလောက်လုပ်နိုင်တာပါ ဒကာကြီး"

"ဒါဆို ဘာလိုသေးလဲ အရှင်ဘုရား"

"လိုတာပေါ့ဒကာကြီးရယ်၊ ဦးပဉ္စင်းက တဖြည်းဖြည်းနဲ့ ဓမ္မစကူးလ်ဖွင့်နိုင်ဖို့ရယ်၊ ဘကကျောင်း ထူထောင်နိုင်ဖို့နဲ့ မိဘမဲ့ကလေး ငါးရာလောက် စောင့်ရှောက်နိုင်တဲ့အထိ ရည်ရွယ်ထားတာဆိုတော့ မိဘမဲ့ကလေးတွေ ဒီထက်များလာမယ်ဆိုရင် အခုလက်ရှိ ယောကျ်ားလေးအဆောင်တစ်ဆောင်၊ မိန်းကလေးအဆောင်တစ်ဆောင်နဲ့ ဘယ်ဆံ့ပါတော့မလဲ။ အဆောင်တွေထပ်ဆောက်ဖို့ လိုအပ်မှာဖြစ်သလို အစားအသောက်၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေနဲ့ ကျောင်းစရိတ်တွေအတွက် အလှူရှင်တွေအများကြီး လိုအပ်နေဦးမှာပေါ့။ ဒီအတွက် ဦးပဉ္စင်းရင်လေးပြီး အိပ်လို့မပျော်တဲ့ညတွေတောင် များလှပါပြီ"

"ဒီအတွက်တော့ ဘာမှမပူပါနဲ့ အရှင်ဘုရား။ ဆရာတော်ရဲ့ စေတနာ၊ မေတ္တာတွေနဲ့ အကျင့်သီလ၊ စရဏတွေရဲ့တန်ခိုးကြောင့် အခက်အခဲတွေအားလုံး အဆင်ပြေချောမွေ့သွားမှာဖြစ်သလို တပည့်တော်ကလည်း စေတနာ၊ မေတ္တာ၊ ကရုဏာနဲ့ အကြင်နာတရားတွေရှိကြတဲ့ အလှူရှင်တွေ များများပေါ်ပေါက်လာပြီး များများလှူချင်လာကြအောင် စေတနာ ဆောင်းပါးလေးတစ်ပုဒ်ရေးပြီး တိုင်းသိပြည်သိ ကြော်ငြာ မောင်းခတ်ရင်းနဲ့ ကုသိုလ်ယူပါရစေအရှင်ဘုရား"

"ဝမ်းသာလိုက်တာ ဒကာကြီးရယ်၊ သာဓု သာဓု သာဓု"



## နယ်သာလန်နိုင်ငံ စိုက်ပျိုးရေးပညာရှင်က အဆင့်မြင့် အာလူးစိုက်ပျိုးနည်းပညာများ ဆွေးနွေးပို့ချ

**မကွေး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့နယ် အာလူးစိုက်တောင်သူများအသင်းမှ တောင်သူများအား နယ်သာလန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင် Mr.Romke Wustman က အဆင့်မြင့် အာလူးစိုက်ပျိုးနည်းပညာများကို စက်တင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)၏ ပံ့ပိုးကူညီမှုနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် PUM Netherland မှ အာလူးနှင့်ကြက်သွန် စိုက်ပျိုးရေးပညာရှင် Mr.Romke Wustman က မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့နယ်အတွင်းရှိ အာလူးစိုက်တောင်သူများအား အဆင့်မြင့် အာလူးစိုက်ပျိုးနည်းပညာများကို ဆွေးနွေးပို့ချခဲ့ခြင်းဖြစ်ကာ ဆင်ဖြူကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ အာလူး စိုက်အသင်းဝင် တောင်သူ ၈၀ ခန့် တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ဦးစိုးမင်းသူက သင်တန်းဖွင့်အမှာစကားပြောကြားပြီး နယ်သာလန်နိုင်ငံ စိုက်ပျိုးရေးပညာရှင်က အဆင့်မြင့် အာလူးစိုက်ပျိုးနည်းပညာများကို တောင်သူများအား ဆွေးနွေးပို့ချခဲ့သည်။

မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များအတွက် ဟောပြောဆွေးနွေးပွဲများ၊ သင်တန်းများကို အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME) အားလုံး SME Member Card ရရှိရေးအတွက်လည်း တိုင်းဒေသကြီးအတွင်း မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ SME လုပ်ငန်းများ ဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများရရှိရန် ဟောပြောဆွေးနွေးပွဲများကို ဆောင်ရွက်၍ SME လုပ်ငန်းများ ငွေကြေးအရင်းအနှီး ရယူနိုင်ရေးအတွက်လည်း မြို့နယ်အနှံ့ ပျံ့နှံ့အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ အလားအလာရှိသော လုပ်ငန်းများအား Cluster အစုအဖွဲ့ စုဖွဲ့၍ Cluster Development အတွက် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ဒေသခံတောင်သူများအတွက် လိုအပ်သောနည်းပညာများကို ပေးအပ်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ဒေသတွင်းရှိ ထူးခြားသော လက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဖော်ထုတ်တင်ပြခြင်းနှင့် ဒေသတွင်း Start Up SME များ ပေါ်ထွက်လာရေးအတွက် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနှင့် သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ရီးရဲမက်ဒရစ်တို့ အခက်တွေ့ပြီး စပါးတို့ ပွဲကျပ်ကစားရမယ့် ချန်ပီယံလိဂ်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေကို စက်တင်ဘာ ၂၇ ရက်နဲ့ ၂၈ ရက်တွေမှာ ဆက်လက်ကစားဖို့ရှိနေပါတယ်။ နောက်တစ်ဆင့်တက်ရေးအတွက် အရေးကြီးတဲ့ ပွဲစဉ်ဖြစ်တာမို့ အသင်းတိုင်းအားထည့်ကစားရတော့မှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာတော့ အုပ်စုမှ နောက်တစ်ဆင့်တက်မယ့် အသင်းတွေက ဘယ်အသင်းတွေဖြစ်လာမလဲဆိုတာ ခန့်မှန်းလို့ရမယ့် အနေအထားရောက်ရှိလာမှာမို့ ပရိသတ်တွေအတွက် မပျက်မကွက် အားပေးကြရဦးမယ့်ပွဲတွေဖြစ်နေပါတယ်။

**စီအက်စ်အေကေနှင့် စပါး**

အုပ်စု(E)မှာ စပါးတို့ အမှတ်မရသေးပါဘူး။ စီအက်စ်အေကေတို့ကတော့ ပထမပွဲမှာ လေဗာကူဆင်ကို နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ တစ်မှတ်ရထားပါတယ်။ စပါးရဲ့ လောလောဆယ်ခြေစွမ်းက နိုင်ပွဲဆက်နေပြီး တိုက်စစ်အားလည်းကောင်းနေပါတယ်။ စီအက်စ်အေကေတို့ကလည်း တိုက်စစ် ခံစစ်ကောင်းမွန်နေပြီး လောလောဆယ်နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒီပွဲမှာ စပါးတို့ ကံကောင်းမှ သရေရလဒ်ကို မျှော်လင့်နိုင်မှာဖြစ်ပြီး ခြေကုန်ထုတ်၊ တိုက်စစ်ဖွင့်ရင်တောင် ရလဒ်ကောင်းဖို့ ခက်ခဲပါလိမ့်မယ်။

**မိုနာကိုနှင့် လေဗာကူဆင်**

အုပ်စု(E)မှာ မိုနာကိုက ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ မိုနာကိုတို့က ပထမပွဲစဉ်မှာ စပါးကို နိုင်ပွဲရခဲ့ပေမယ့် အကြိတ်အနယ် ကြိုးစားခဲ့ရပါတယ်။ ဒ့ါအပြင် နိုက်စ်အသင်းကို လေးဂိုးပြတ် ရှုံးခဲ့တဲ့ ခြေစွမ်းကတော့ စိတ်ပျက်စရာပါပဲ။ လေဗာကူဆင်တို့ရဲ့ ခြေစွမ်းကလည်း နိုင်ပွဲတွေ ပျောက်ဆုံးနေတာမို့ အားရစရာမရှိပါဘူး။ ဒီပွဲမှာ မိုနာကိုတို့ပဲ အောင်ပွဲခံဖို့ များနေပါတယ်။

**ဒေါ့မွန်နှင့် ရီးရဲမက်ဒရစ်**

အုပ်စု(F)မှာတော့ နှစ်သင်းစလုံး သုံးမှတ်စီရယူထားနိုင်ပြီဖြစ်တာမို့ ဒီပွဲက ပွဲကောင်းအဖြစ် အားပေးရမှာပါ။ အခုတလော ဒေါ့မွန်ရဲ့ ခြေစွမ်းက ဂိုးပြတ်သွင်းပြီး နိုင်ပွဲဆက်နေသလို ခံစစ်ပိုင်းကလည်း အကောင်းဆုံးအနေအထားဖြစ်နေပါတယ်။ ရီးရဲမက်ဒရစ်တို့ကလည်း ဆက်တိုက်အောင်ပွဲခံနေပြီး စီရော်နယ်ဒိုရော၊ ဂါရတ်ဘေးလ်ပါ ကစားနိုင်တော့မှာမို့ အင်အားတောင့်တင်းနေပါတယ်။ ဒီနှစ်သင်းမှာ အသင်းလိုက်ရော တစ်ဦးချင်းပါ စွမ်းဆောင်မှု ကွာဟချက်မရှိတာမို့ အမှတ်ခွဲယူရနိုင်ပေမယ့် ဒေါ့မွန်တို့က အလေးသာနေတာတော့ အမှန်ပါပဲ။

**လက်စတာနှင့် ပေါ်တို**

အုပ်စု(G)မှာ လက်စတာတို့ သုံးမှတ်နဲ့ ထိပ်ဆုံးမှာရှိနေပြီး ပေါ်တိုကတော့ ပထမပွဲစဉ်မှာ ကိုပင်ဟေဂင်ကို တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ တစ်မှတ်ရထားပါတယ်။ လက်စတာရဲ့လက်ရှိခြေစွမ်းက မထက်ပေမယ့် တိုက်စစ်မှူးတွေက ဂိုးရအောင်သွင်းယူနိုင်တဲ့ စွမ်းဆောင်မှုရှိပါတယ်။ ပေါ်တိုတို့ကလည်း ပွဲတိုင်းရလဒ်ကောင်းအောင် ကြိုးစားနေပြီး အမှတ်ရအောင် ယူနိုင်စွမ်းရှိပါတယ်။ ဒီပွဲမှာ နှစ်သင်းစလုံး ခြေစွမ်းအတက်အကျရှိနေတာမို့ တစ်မှတ်စီခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**ဒိုင်နမိုဇာဂရက်နှင့် ဂျူဗင်တပ်စ်**

အုပ်စု(H)မှာ ဂျူဗင်တပ်စ်တို့က တစ်ပွဲကစားပြီးချိန်မှာ ဆီဗီလာကို ဂိုးမရှိသရေပွဲဖြစ်ပြီး တစ်မှတ်ရရှိထားပါတယ်။ ဒိုင်နမိုဇာဂရက်တို့ကတော့ ပထမပွဲမှာ လိုင်ယွန်ကို သုံးဂိုးပြတ်ရှုံးပြီး အမှတ်မရသေးပါဘူး။ ဂျူဗင်တပ်စ်ရဲ့ လောလောဆယ်ခြေစွမ်းကို ကြည့်ရင် ငါးပွဲဆက်တိုက် ရှုံးပွဲမရှိသလို ခြေစွမ်းကောင်းကိုလည်း ထိန်းသိမ်းနိုင်နေပါတယ်။ ဒိုင်နမိုဇာဂရက်တို့ကတော့ လက်ရှိကစားအားနဲ့ ဂျူဗင်တပ်စ်ကို မယှဉ်နိုင်ပါဘူး။ ဂျူဗင်တပ်စ်တို့ရဲ့ နိုင်ပွဲဖြစ်သွားပါလိမ့်မယ်။




**ဆီဗီလာနှင့် လိုင်ယွန်**

အုပ်စု(H)မှာ လိုင်ယွန်တို့က တစ်ပွဲကစား သုံးမှတ်ရနေပြီး ဆီဗီလာတို့က တစ်မှတ်ရထားပါတယ်။ ဂျူဗင်တပ်စ်ကို ဂိုးမရှိသရေ ကစားထားတဲ့ ဆီဗီလာရဲ့ ခြေစွမ်းက လျှော့တွက်လို့မရသလို လိုင်ယွန်တို့ကလည်း ခြေစွမ်းကောင်းတွေ ပြသနိုင်နေပါတယ်။ တိုက်စစ်ပိုင်းမှာ လိုင်ယွန်တို့က ပိုထက်မြက်သလို ခံစစ်ပိုင်းမှာလည်း အမှားအယွင်းမရှိပါဘူး။ ဆီဗီလာရဲ့အားသာချက်က ခံစစ်ပိုင်း ကျစ်လျစ်သိပ်သည်းခြင်းပါပဲ။ ဒီပွဲမှာ လိုင်ယွန်တို့ အမှတ်ပြည့်ရနိုင်ပေမယ့် သရေရလဒ်ဆိုလည်း လက်ခံရမယ့်အနေအထားဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

## မန်စီးတီးကို ကျောခိုင်းတော့မယ့် ယာယာတိုရေး

မန်စီးတီးအသင်းကို ဆုဖလားတွေ ဆွတ်ခူးပေးနိုင်အောင် ခြေစွမ်းပြကစားခဲ့တဲ့ ကွင်းလယ်ကစားသမား ယာယာတိုရေးဟာ နည်းပြသစ်ဖြစ်လာတဲ့ ဂွာဒီယိုလာရဲ့ဥပေက္ခာပြုမှုကြောင့် ဇန်နဝါရီလအပြောင်းအရွှေ့ရာသီမှာ မန်စီးတီးမှ ထွက်ခွာသွားတော့မယ်လို့ ဆိုပါတယ်။ မန်စီးတီးကို နောက်တစ်ဖန် ဘယ်တော့မှ ပြန်လာတော့မှာမဟုတ်ဘူးလို့ ယာယာတိုရေးက ဆိုပါတယ်။ ယာယာတိုရေးဟာ ဂွာဒီယိုလာရဲ့ချန်ပီယံလိဂ်အုပ်စုပွဲ ၂၅ ဦး လူစာရင်းမှာ ချန်လှပ်ထားခြင်းခံရပြီးနောက် ဂွာဒီယိုလာနဲ့ ယာယာတိုရေးတို့ရဲ့ဆက်ဆံရေးဟာ အေးခဲသွားခဲ့ပါတယ်။ မန်စီးတီးကနေ ထွက်ခွာသွားမှာဖြစ်သော်လည်း ပရီမီယာလိဂ် အခြားအသင်းတစ်သင်းကို ပြောင်းရွှေ့ကစားဖွယ်ရှိနေပါတယ်။ ဂွာဒီယိုလာနဲ့ ယာယာတိုရေးရဲ့အေးဂျင့်ဒီမီထရီအီလတ်တို့အကြား အဆင်မပြေဖြစ်ခဲ့ပြီးနောက် ယာယာတိုရေးရဲ့အနာဂတ်လည်း ပျောက်ဆုံးခဲ့တယ်လို့ ဆိုပါတယ်။ ယာယာတိုရေးဟာ အောင်မြင်တဲ့ ကွင်းလယ်ကစားသမားကောင်းတစ်ဦး ဖြစ်ပါတယ်။




## ဇယားထိပ်ပြန်ရောက်လာတဲ့ ဘိုင်ယန်မြူးနစ်

ဂျာမနီဘွန်ဒက်စ်လီဂါ ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းဟာ ဗုဒ္ဓဟူးနေ့က ဟာသာဘာလင်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ယူပြီး ဇယားထိပ်သို့ ပြန်လည်ရောက်ရှိလာပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဟာသာဘာလင်ကို အနိုင်ရရှိပြီးတဲ့နောက် ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းထားဆဲဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ပြိုင်ဘက် ဟာသာဘာလင်အသင်းကို အခွင့်အရေးမပေးဘဲ တစ်ချိန်လုံး ဖိကစားခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်တို့ အသာစီးရခဲ့ပါတယ်။ အနိုင်ဂိုးတွေကိုတော့ ရစ်ဘရီ၊ အယ်လ်ကန်တာရာနဲ့ အာဂျင်ရှော့ဘင်တို့က သွင်းယူပေးခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ထိပ်ဆုံးနေရာမှာ ကိုလုံးအသင်းနဲ့အတူ ရမှတ် ၁၂ မှတ်စီရရှိထားပါတယ်။ ကိုလုံးက ရှော်လ်ကေးကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ဒုတိယနေရာရောက်ခဲ့ပါတယ်။ ရှော်လ်ကေးအသင်းဟာ လေးပွဲဆက်တိုက် ရှုံးနိမ့်ထားပါတယ်။ လက်ရှိကစားပြီးတဲ့အထိတော့ ချန်ပီယံ ဘိုင်ယန်မြူးနစ်က ထိပ်ဆုံးနေရာ ပြန်လည်ရောက်ရှိခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# သုံးပတ်ကြာအနားယူရမယ့် တိုက်စစ်မှူး မက်ဆီ




တိုက်စစ်မှူး မက်ဆီဟာ ဘာစီလိုနာနဲ့ အက်သလက်တီကိုအသင်းတို့ ကစားတဲ့ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်တဲ့ပွဲမှာ ကြွက်သားပြင်းထန်စွာ ဒဏ်ရာရရှိသွားတဲ့အတွက် သုံးပတ်ကြာ အနားယူရမယ်လို့ ဆိုပါတယ်။ မက်ဆီဟာ ဒီဒဏ်ရာကြောင့် နူးကာ့(မ်) မန်စီးတီးကွင်းမှာ လာရောက်မကစားမီ သုံးပတ်ကြာ အနားယူရမှာဖြစ်ပါတယ်။

မက်ဆီဟာ လာမယ့် လာလီဂါ အိမ်ကွင်းနှစ်ပွဲနဲ့ မွန်ချန်ဂလာဘတ်ကို သွားရောက်ကစားမယ့်ပွဲတွေမှာပါ လွဲချော်မှာ ဖြစ်ပါတယ်။ တိုက်စစ်မှူး မက်ဆီဟာ အောက်တိုဘာ ၁၅ ရက်မှာ ဒီပိုတီဗိုနဲ့ ကစားမယ့်ပွဲမှာ ပြန်လည်ပါဝင်လာ ဖွယ်ရှိပါတယ်။ သို့သော်လည်း ဘာစီလိုနာအသင်းဟာ ဒီနှစ် စပိန် လာလီဂါမှာ ရှုံးပွဲမရှိ စံချိန်တင်ထားဆဲ ဖြစ်ပါတယ်။ စပိန်လာလီဂါသုံးပွဲ လွဲချော်နိုင်သော်လည်း မန်စီးတီးနဲ့ ကစားမယ့် ချန်ပီယံလိဂ်အုပ်စုပွဲမှာတော့ မက်ဆီ ပြန်ကစားဖွယ်ရှိနေပါတယ်။

# ချောက်ငလျင်

## လှလှအောင် (မြန်မာနိုင်ငံငလျင်ကော်မတီ)

**မြန်မာနိုင်ငံသည် ကမ္ဘာ့ငလျင်ကြောကြီးနှစ်ခုအနက် တစ်ခုဖြစ်သော Alpide Hcmalaya Belt ခေါ် ငလျင်ကြောတွင်ပါဝင်သဖြင့် ငလျင်လှုပ်စေသော ပြတ်ရွေ့များစွာလည်းရှိသည်။ အထင်ကရအားဖြင့် အနောက်ဘက်မှစလျှင် ကုလားတန်ပြတ်ရွေ့ ချင်းတောင်တန်း၊ နာဂတောင်တန်း၊ ရခိုင်ရိုးမတောင်တန်းများ၏ အရှေ့ဘက်အခြေရှိ ကဘော်ပြတ်ရွေ့ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပြတ်ရွေ့များ၊ အရှည်ကီလိုမီတာ ၁၀၀၀ ကျော်ရှိစစ်ကိုင်းပြတ်ရွေ့ အရှည်ကီလိုမီတာ ၅၀၀ ကျော်ရှိ ကျောက်ကြမ်းပြတ်ရွေ့ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ နန်းမပြတ်ရွေ့ ကျိုင်တုံ/ဂျီဟွန်ပြတ်ရွေ့ မက်ဇင်းပြတ်ရွေ့ နန်းတင်ငယ်ပြတ်ရွေ့ ရွှေလီပြတ်ရွေ့နှင့် တည်ရှိသည်။**

### မြန်မာနိုင်ငံတွင် လှုပ်ခဲ့ဖူးသော ငလျင်ကြီးများ

ငလျင်သည်ကမ္ဘာကြီးစတင်ဖြစ်တည်လာပြီးသည်မှစ၍ ငလျင်များ လှုပ်ခဲ့ဖူးပါလိမ့်မည်။ ရှေးခေတ်ကာလများကလည်း လှုပ်ခဲ့ဖူးကြောင်း၊ ဘုရားသမိုင်းများအရလည်းကောင်း၊ မှတ်တမ်းများအရလည်းကောင်း သိရသည်။ မှတ်တမ်းပြုခဲ့သူများကို ကျေးဇူးတင်မိပါသည်။

(၁) ၁၈၃၉ ခုနှစ် မင်းကွန်းပုထိုးတော်ကြီး ပျက်စီးစေခဲ့သော အင်းဝငလျင်
(၂) ၃၁-၈-၁၉၀၆ 27° 00' N 97° 00' E 7.0 ပူတာအိုငလျင်
(၃) ၁၂-၈-၁၉၀၈ 27° 00' N 97° 00' E 7.5 ပူတာအိုငလျင်
(၄) ၂၃-၅-၁၉၁၂ 21° 00' N 97° 00' E 8.0 မေမြို့ငလျင်
(၅) ၈-၈-၁၉၂၉ 19° 25' N 96° 25' E 7.0 ဆွာငလျင်
(၆) ၅-၅-၁၉၃၀ 17° 00' N 96° 55' E 7.3 ပဲခူးငလျင်
(၇) ၃-၁၂-၁၉၃၀ 18° 00' N 96° 50' E 7.3 ဖြူးငလျင်
(၈) ၂၇-၁-၁၉၃၀ 25° 60' N 96° 80' E 7.6 ကာမိုင်ငလျင်
(၉) ၁၂-၉-၁၉၄၆ 23° 50' N 96° 00' E 7.0 တကောင်းငလျင်
(၁၀)၁၃-၉-၁၉၄၆ 23° 50' N 96° 00' E 7.0 တကောင်းငလျင်
(၁၁)၁၆-၇-၁၉၅၆ 22° 00' N 96° 00' E 7.0 စစ်ကိုင်းငလျင်
(၁၂)၈-၇-၁၉၇၅ 21° 50' N 94° 70' E 6.8 ပုဂံငလျင်
(၁၃)၅-၁-၁၉၉၁ 23° 48' N 95° 98' E 7.1 တကောင်းငလျင်
(၁၄)၂၂-၉-၂၀၀၃ 19° 94' N 95° 72' E 6.8 တောင်တွင်းကြီးငလျင်
(၁၅)၁၇-၁၂-၁၉၂၇16.950 N 96.127 E 7.0 ရန်ကုန်ငလျင်
(၁၆)၂၄-၃-၂၀၁၁ 20° 705' N 99° 949' E6.8 တာလေငလျင်
(၁၇)၁၁-၁၁-၂၀၁၂23° 009' N 95° 884' E6.8 သပိတ်ကျင်းငလျင်
(၁၈)၂၇-၁၂-၂၀၁၅22.614 N 95° 04 E 5.4 မုံရွာ-ကနီငလျင်
(၁၉)၁၃-၄-၂၀၁၆ 23° 133' N 94° 900' E6.9 မော်လိုက်ငလျင်
(၂၀)၂၄-၈-၂၀၁၆ 20° 919' N 94° 579' E6.8 ချောက်ငလျင်

ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာကြီးအား ကီလိုမီတာ ၇၀ ကျော် မိုင်အားဖြင့် မိုင် ၅၀ နီးပါးအထူနှင့် အိန္ဒိယတိုက်အကျယ်အဝန်းတမျှ ထုထည်ရှိသော ကျောက်ထုချပ်ပေါင်း ၁၅ ချပ်ကျော်ဖြင့် ဖုံးအုပ်ထားသည်။ ယင်းတို့သည်ရပ်တန့်၍မနေ၊ တည်ငြိမ်မှုမရှိရွေ့မျောနေကြသည်။ ယင်းတို့၏အရွေ့သည် ကျောက်ထုချပ်များအောက်ရှိ ကမ္ဘာ့အလယ်လွှာ၏ ကျောက်ရည်ပူလည်ပတ်စီးကြောင်းကြောင့် ရွေ့နေကြခြင်းဖြစ်သည်။ ထိုသို့ ရွေ့မျောနေသည့်အခြေအနေမှ တစ်ချိန်ချိန်တွင် တစ်ချပ်နှင့်တစ်ချပ်မျက်နှာချင်းဆိုင်ဆုံကြသည်။ ထိုအခါ ရှေ့ဆက်မရွေ့နိုင်သည့် အနေအထားတွင် ဘေးတိုက်ပွတ်ဆွဲ၍ ဆန့်ကျင်ရာကိုရွေ့သွားစေသည်။ (ဘေးတိုက်ပြတ်ရွေ့)

တစ်ခါတစ်ရံသိပ်သည်းဆများ၍ လေးသောကျောက်ထုချပ်က သိပ်သည်းဆနည်း၍ ပေါ့သောကျောက်ထုချပ်အောက်သို့ ထိုးစိုက်ဝင်သွားလေ့ရှိသည်။ ယင်းကို ထိုးစိုက်ဇုန်(Subduction Zone) ဟုခေါ်သည်။ တစ်ခါတစ်ရံ ယင်းကျောက်ထုချပ်၏အောက်ရှိ ကျောက်ရည်ပူများသည် ကျောက်ထုချပ်အက်ကြောင်းများမှတစ်ဆင့် မျက်နှာပြင်ပေါ် တိုးဝင်နေရာယူခြင်းဖြင့် ကျောက်ထုချပ်ကို ဘေးဘက်သို့တွန်းဖယ်တတ်သောအခါမျိုးလည်းရှိသည်။ (Subduction Zone) (ခေါ်) ထိုးစိုက်ဇုန်ဆိုသော ဝေါဟာရသည် အများအားဖြင့် နားလည်ရန်မလွယ်သော တစ်နည်းအားဖြင့် ယဉ်ပါးသော စကားမဟုတ်သော၊ တစ်နည်းအားဖြင့် ဘူမိဗေဒဘာသာရပ် အသုံးအနှုန်းတစ်ခုဖြစ်သော ဝေါဟာရဖြစ်သည်။ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် ချောက်မြို့အနောက်ဘက် ၂၅ ကီလိုမီတာအကွာဗဟိုပြု၍ အင်အား ပမာဏ ၆ ဒသမ ၈ အနက်အားဖြင့် ၈၄ ဒသမ ၁ ကီလိုမီတာတွင် မြန်မာနိုင်ငံ၏ အသဲနှလုံးတမျှခမ်းနားလှသော ပုဂံဘုရား ၄၀၀ ကျော်ပျက်စီးခဲ့ရသော ငလျင်ကြောင့် ထိုငလျင်ကိုလှုပ်စေသည့် Subduction Zone ကို အပြောများလာခဲ့သည်။ သို့သော် အဘယ့်ကြောင့် Subduction Zone ကြောင့် လှုပ်ရသည်ဟု ပြောရသည့်အကြောင်းရင်းကို သိပ္ပံ ဘာသာရပ်အကျွမ်းတဝင်ရှိသူများ၊ ဗဟုသုတ ကြွယ်ဝသူများသာလျှင် သဘောပေါက်လိမ့်မည်။ ထို့ကြောင့် ဤဆောင်းပါးကို အလွယ်တကူသိမြင်ရန် ဗဟုသုတအနေဖြင့်အကျဉ်းမျှရေးသားရပါသည်။ ငလျင်ဆိုလျှင် ပြတ်ရွေ့မှာသာလှုပ်လေ့လှုပ်ထရှိသည်။ မြန်မာနိုင်ငံတွင် လှုပ်ခဲ့ဖူးသောငလျင်အားလုံးသည် ကဘော်ပြတ်ရွေ့တွင်ဖြစ်စေ၊ စစ်ကိုင်းပြတ်ရွေ့တွင်ဖြစ်စေ အခြားသော ပြတ်ရွေ့များတွင်သာ လှုပ်ခဲ့သည်ဖြစ်၍ ငလျင်လှုပ်ပြီဟုဆိုလျှင် ထိုးစိုက်ဇုန်ခေါ် Subduction Zone တွင် လှုပ်သည်ကို မကြားဖူးကြပေ။ ကျောက်ထုချပ် (plate) များ တစ်ချပ်နှင့်တစ်ချပ် မျက်နှာချင်းဆိုင်ဆုံသည့်အခါ ဖြစ်တတ်သော ပုံစံများပင် ဖြစ်သည်။ ထိုးစိုက်ဇုန်ဟု ဆိုရာတွင် ကမ္ဘာ့မျက်နှာပြင်တွင် ထင်ရှားသော ဘူမိအနေအထားများနှင့် မြေအသွင်အပြင်များစွာပါဝင်သဖြင့် ဇုန်ဟု ထည့်သွင်းအသုံးပြုခြင်းဖြစ်သည်။ အလွန်နက်ရှိုင်း၍ ရှည်လျားသော ပင်လယ်ချိုင့် (Trench)၊ အလွန်မြင့်မားသော မြေပေါ်၊ တောင်တန်း၊ သက်ရှိမီးတောက်များဇုန်တွင် ပါဝင်နေသည်။ ထိုးစိုက်ဇုန်တွင် ငလျင်လှုပ်ခြင်းကြောင့် ပင်လယ်ကမ်းခြေနိမ့်ကျသွားခြင်းကို ဖြစ်စေသဖြင့် ယင်းနှင့်တွဲဖက်၍ မြေပြိုခြင်း၊ ပင်လယ်အောက် အနေအထားပျက်ယွင်းခြင်းများ တစ်ခါတစ်ရံတွဲဖက်ဖြစ်ပျက်စေသည်။

ထင်ရှားသောအဓိကအချက်မှာ မြေအောက်အနက်တွင် လျှင်မြန်သွက်လက်စီးဆင်းနေသော ရွှံ့ရည်များမြေပေါ်သို့ တက်လာခြင်းဖြင့် ရွှံ့မီးတောင်ပေါက်ခြင်း၊ ယင်းနှင့်အတူ ပြာများမြေပြင်အမြင့်သို့ ထိုးတက်လာခြင်းတို့ပင်ဖြစ်သည်။ (ရခိုင်၊ ကျောက်ဖြူဒေသရွှံ့မီးတောင်ပေါက်ခြင်း၊ ရွှံ့ရည်များစီးဆင်းနေခြင်း၊ မင်းဘူးနဂါးပွက်မီးတောင်ပေါက်ခြင်း) ထိုးစိုက်ဇုန်ဟု ဆိုရာတွင် ထိုးစိုက်သွားသော ကျောက်ထုပ်ချပ်သည် ပင်လယ်အောက်ရှိ ပင်လယ်ပြင်ဆိုင်ရာ ကျောက်ထုချပ်ဖြစ်သဖြင့် ယင်းစတင်ထိုးစိုက်ဝင်ရာအနားသတ်ကိုပြတ်ရွေ့လွန် (Mega Thrust) ဟုခေါ်သည်။ ယခုချောက်ငလျင်ကိုလှုပ်စေသော အဆိုပါပြတ်ရွေ့လွန်မှာ တောင်-မြောက်မိုင်ပေါင်း ၂၀၀၀ နီးပါးရှည်လျားသည်။ တောင်ဘက်အင်ဒိုနီးရှားနိုင်ငံ ကမ်းလွန်ပင်လယ်အောက် ဆူမတြားကျွန်း၊ အနောက်ဘက် ကမ်းလွန်ပင်လယ်အောက်၊ ကပ္ပလီကျွန်းစုအနောက်ဘက်ကမ်းလွန်ပင်လယ်အောက်၊ မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်း၊ အနောက်ဘက်ကမ်းလွန်ပင်လယ်အောက်၊ ဘင်္ဂလားပင်လယ်အော်အရှေ့ဘက်နှင့် ရခိုင်ကမ်းရိုးတန်း၏အနောက်ဘက်နားမှကပ်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းအောက် ကုန်းတွင်းပိုင်းသို့ ဆက်လက်ဆက်သွားကာ မြန်မာနိုင်ငံအနောက်မြောက်ဘက်၊ နာဂတောင်တန်း၊ ချင်းတောင်တန်းများ၏ မြေအောက်ဘက်ထိ ဆက်လျက်တည်ရှိသည်။

> **ထိုမကြာခဏလှုပ်တတ်သောငလျင်များကို အခြေခံ၍ ဒေသ၏ငလျင်အခြေအနေကို ခန့်မှန်းနိုင်သည်။ ယခု ကဲ့သို့ပုဂံဘုရားများ ချောက်ငလျင်ကြောင့်ပျက်စီးမှုရှိနေသည်ကို အားလုံးသိရှိကြပြီဆိုသောအခါ ရှေးဟောင်းအမွေအနှစ်အဖြစ်ဖြင့် နှစ် ၁၀၀၀ ကျော်နီးပါးမိုးဒဏ်လေဒဏ်နှင့် သဘာဝဘေးဒဏ်များ ခံစားခဲ့ပြီးသည့် ဤဘုရားများ နောင်နှစ် ၁၀၀၀ ဆက်လက်တည်မြဲစေရန် နည်းပညာသစ်များသုံး၍ ပြန်လည်ပြုပြင်ပြင်ဆင်ဖို့လိုအပ်လှပေသည် . . .**

ယခုချောက်ငလျင်သည် ထိုးစိုက်ဇုန်ကြောင့် လှုပ်သောငလျင်ဖြစ်သည်။ အချို့က ကဘော်ပြတ်ရွေ့ကြောင့်လည်းကောင်း၊ အချို့ကစစ်ကိုင်းပြတ်ရွေ့ ကြောင့်ဟုလည်းကောင်း ဆိုကြသည်။ ထိုးစိုက်ဇုန်တွင် လှုပ်သွားသည်ကို ရုတ်တရက်မဆိုကြပေ။ ငလျင်လှုပ်စေသော ငလျင်လှုပ်ပုံဖြစ်စဉ်နှင့် အကြောင်းရင်း အချက်အလက်ကိုအသေအချာ ဆန်းစစ်ရပါမည်။ ဤချောက်ငလျင်တွင်ရှိသော အချက်အလက်များကို ဆန်းစစ်မည်ဆိုလျှင် အမေရိကန်နိုင်ငံ ဘူမိဗေဒလေ့လာရေးအဖွဲ့အစည်းမှထုတ်ပြန်သော ငလျင်ဆိုင်ရာ အချက်အလက်များကို ဦးစွာကြည့်ရပါမည်။ အချက်အလက် အလွန်ပြည့်စုံသည်။

(၁) ငလျင်ဗဟိုတည်နေရာ
(၂) ငလျင်၏ဗဟိုချက်
(၃) ငလျင်၏အနက်(တိမ်သည်လား၊ နက်သည်လား)
(၄) ငလျင်ဗဟို၏မြေမျက်နှာသွင်ပြင်
(၅) ငလျင်လှုပ်စေသည့်ဖြစ်စဉ်ကိုဖော်ပြပေးနိုင်သည့် ငလျင်လှိုင်းများမှတစ်ဆင့်ရရှိလာသည့်ပြတ်ရွေ့အနေအထား (Facal Mechanism)ကို သေချာကြည့်မည်။ (အလွယ်တကူအားဖြင့် beach ball)
(၆) Moment Tensor ဆိုသော ငလျင်စတင်လှုပ်ရာနေရာ၏ အချက်အလက်များ (Source Parametens)နှင့် ငလျင်အရွေ့အနေအထားကိုကြည့်ရမည်။
(၇) တစ်ဖန်ငလျင်လှုပ်စဉ်အတွင်းငလျင်နှင့်တွဲဖက်ဖြစ်ပေါ်လာတတ်သောဖြစ်စဉ် (ဥပမာ-ယခုချောက်ငလျင်နှင့်တွဲဖက်လာသော ရွှံ့မီးတောင်ပေါက်ခြင်းများ)
(၈) ငလျင်ဒဏ်ခံစားရသောဒေသများ (ကျဉ်းကျဉ်းမှာသာခံစားရခြင်း(သို့) ဒေသကျယ်ကျယ်ပြန့်ပြန့်မှာခံစားရခြင်း) (ယခုငလျင်ကြောင့် ရန်ကုန်မြို့ထိ ခံစားရသည်။)
(၉) အပျက်အစီးအနည်းအများ (ယခုချောက်ငလျင်ကြောင့်ပုဂံဘုရားများ အပါအဝင်၊ တောင်တွင်းကြီးဒေသ၊ ညောင်ဦးဒေသ၊ ချောက်၊ မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ ရခိုင်ဒေသ ကျောက်ဖြူ၊ တောင်ကုတ်၊ မြောက်ဦး၊ မင်းဘူး၊ ဆင်ပေါင်ဝဲ၊ ပျဉ်းမနား၊ ပွင့်ဖြူ၊ ဆိပ်ဖြူ၊ အစရှိသော မြို့များစွာတွင် ဘုရားပုထိုး၊ ဘုန်းကြီးကျောင်း၊ အိမ်၊ စာသင်ကျောင်းများ အပျက်အစီးရှိခြင်း)
(၁၀) ငလျင်လှုပ်ပုံမည်သို့လှုပ်သနည်း(တော်လဲသံကြားရခြင်းမျိုး၊ လှုပ်နေစဉ်ဘေးတိုက်ခါရမ်းသည်လား၊ အထက်အောက်လှုပ်သည်လား) ယခုချောက်ငလျင်ကြောင့်အပေါ်/အောက်လှုပ်ခြင်းကပို၍ပြင်းထန်သည်ဟုသိရသည်။
(၁၁) ငလျင်လှုပ်ချိန်(ကြာခြင်း၊ မကြာခြင်း)ယခုငလျင်သည် တစ်မိနစ်ခန့်ကြာသည်ဟူသောအချက်ပေါင်းများစွာကို ဆန်းစစ်ပြီးမှသာ ငလျင်ဘယ်ကလှုပ်သည်ကို သေချာစွာသိရှိရမည်ဖြစ်ပါသည်။

Subduction ကြောင့် ငလျင်လှုပ်သည်ပြောရန်အထက်ပါအကြောင်းရင်းအချက်အလက်များ ပြည့်စုံစွာ လက်ဝယ်ရှိမှသာ ထုတ်ဖော်ပြောသင့်ပါသည်။ အချက်အလက်အစုံရရှိရန် အလွန်အရေးကြီးပါသည်။ ငလျင်လှုပ်ပုံများသိရှိရန် စက်တင်ဘာ ၃ ရက်တွင် မြန်မာနိုင်ငံ ငလျင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအင် ဂျင်နီယာအသင်းဝင်များပါဝင်သော လူဦးရေ ၄၀ ခန့်သည် ပုဂံဘုရားများရှိရာသို့ ပျက်စီးမှုအခြေအနေဆန်းစစ်ရန်သွားရောက်ခဲ့ကြသည်။ ဘုရားများသည် အပေါ်ဆုံးပိုင်းတွင်ပို၍ပျက်စီးပြီး အလယ်ပိုင်းတွင် အနည်းငယ်ပျက်စီးမှုတွေ့ရကာ အောက်ပိုင်းမှာပျက်စီးမှု အလွန်နည်းသည်ကို ခြုံငုံ၍ပြောရပါမည်။ ငလျင်လှုပ်ပုံကို ဒေသခံများအား မေးမြန်းကြည့်သောအခါ အထက်ဘက်သို့ သုံးကြိမ်မျှ မြင့်တက်လိုက် ပြန်ကျလိုက်သုံးကြိမ်ခန့်ဖြစ်ပြီးမှ ဘေးတိုက်ခါရမ်းကြောင်း သိရသည်။ ဆိုလိုသည်မှာ အထက်-အောက်လှုပ်ရှားမှုကပို၍ သိသာမှုရှိသည်။ ဤသည်မှာပြတ်ရွေ့လွန်တို့၏ သဘောတရားပင်ဖြစ်သည်။

ကျောက်ထုချပ်ထိုးစိုက်၍ကမ္ဘာ့အလယ်လွှာသို့ဆင်းသွားသော India Plate ကျောက်ထုချပ်ကြောင့်တစ်ဖက်ရှိ Burma plate ကျောက်ထုချပ်သည်အပေါ်အမြင့်သို့မြင့်တက်သွားရသည့် အတွက်ငလျင်စတင်လှုပ်ရသည်ဖြစ်သည်။ ထိုမှတစ်ဖန်မြင့်တက်သွားသော ကျောက်ထုချပ်မှာ မြေဆွဲအား (gravity)ဖြင့် ပြန်ကျလာပြီး မြေမျက်နှာပြင်ပေါ်ရှိဉာဏ်တော်မြင့်သောဘုရားပုထိုးစေတီများကို ခါရမ်းစေသည်။

ဘုရားများကို လေ့လာဆန်းစစ်ကြည့်သောအခါ ဘုရားများသည် လုံးဝပြိုကျခြင်းမျိုးမရှိပေ။ မူလနေရာမူလပုံသဏ္ဍာန်ရှိနေဆဲ။ အပေါ်ဆုံးအပိုင်းသာ ပျက်စီးရပြီး ကိုယ်ထည်သည် ယခင်အတိုင်းခံ့ညားလျက်ပင်။ သို့သော်အပေါ်မြင့်တက်သွားရာမှ ပြန်အကျတွင်မြေပြင်နိမ့်ကျသွားခြင်း ပါဝင်လာသည့်အခါ မြေကျွံခြင်း၊ အချို့ဘုရားများ နိမ့်ကျနေခြင်း၊ အချို့နေရာများ၏မုခ်ဦးတိုင်လုံးများပတ်လည်အက်၍ ဘေးသို့ကားထွက်နေသည့်ပုံသဏ္ဍာန်များတွေ့မြင်ခဲ့ရသည်။ ပုဂံဘုရားများတည်ရှိရာနေရာတွင် သဲကျောက်၊ ယေ့လကျောက်အများစုဖုံးလွှမ်းသောဒေသဖြစ်သည်။ ဤသို့ကျောက်ထုချပ်မျက်နှာချင်းဆိုင်ထိပ်တိုက်သည့် ဖြစ်တည်မှုအားကြောင့် ခံစားရသော အင်အားသည် Compressional ခေါ် ဘေးတစ်ဖက်စီမှဖိတွန်းအားဒဏ်ကို များစွာဖြစ်ပေါ်စေခဲ့သည်။ ယခင် ၁၉၇၅ ခုနှစ်က လှုပ်ခဲ့သော အင်အား ၆ ဒသမ ၈ ပုဂံငလျင်ကြောင့် ပုဂံဘုရားများ ပျက်စီးခဲ့ရပုံမှာလည်း တူညီမှုရှိသဖြင့်နောင်ပြင်ဆင်ခဲ့မှုများမှာလည်း ဘုရားများ၏အပေါ်ပိုင်းကိုသာ ပြင်ဆင်ခဲ့ရဖူးသည်။

ယခင်ပုဂံငလျင်မှာလည်း ထိုးစိုက်ဇုန်၏လှုပ်ရှားမှုကြောင့် ငလျင်လှုပ်ဟန်ရှိနေသည်။ အမှန်စင်စစ် မြန်မာနိုင်ငံတွင် ဤငလျင်ကြီးတွေသာမက အလတ်စားငလျင်၊ အသေးစားငလျင်ပေါင်းများစွာ(၃ ဒသမ ၀၊ ၄ ဒသမ ၇၊ ၅ ဒသမ ၀)နေ့စဉ်လိုလိုလှုပ်နေတတ်သည်။ ငလျင်အင်အား အပြင်းစားမဟုတ်သဖြင့် သတိမထားမိကြသည်သာဖြစ်သည်။

ထိုမကြာခဏလှုပ်တတ်သောငလျင်များကို အခြေခံ၍ ဒေသ၏ငလျင်အခြေအနေကို ခန့်မှန်းနိုင်သည်။ ယခုကဲ့သို့ပုဂံဘုရားများ ချောက်ငလျင်ကြောင့်ပျက်စီးမှုရှိနေသည်ကိုအားလုံးသိရှိကြပြီဆိုသောအခါ ရှေးဟောင်းအမွေအနှစ်အဖြစ်ဖြင့် နှစ် ၁၀၀၀ ကျော်နီးပါးမိုးဒဏ်လေဒဏ်နှင့် သဘာဝဘေးဒဏ်များခံစားခဲ့ပြီးသည့် ဤဘုရားများနောင်နှစ် ၁၀၀၀ ဆက်လက်တည်မြဲစေရန် နည်းပညာသစ်များသုံး၍ ပြန်လည်ပြုပြင်ပြင်ဆင်ဖို့လိုအပ်လှပေသည်။

ကမ္ဘာလှည့်ခရီးသွားဦးရေများပြားလာသည်နှင့်အမျှ ဘုရားများအပေါ်တက်ရောက်ကြည့်ရှုခြင်း၏ သက်ရောက်မှုဒဏ်ကလည်း ပို၍များပြားလာနေပြီဖြစ်သည်။ ငလျင်အင်အား ၆ ဒသမ ၈ ဒဏ်ခံစားခဲ့ရပြီး သက်ရှိလူသားများ၏ ဒဏ်နှင့်ပေါင်းစပ်လိုက်မည်ဆိုပါက ဘုရားများ၏သက်လုံကောင်းမှု အားနည်းသွားမည်ဟုမြင်သည်။ ထို့ကြောင့်ပုဂံဘုရားများ ကြာရှည်တည်တံ့ခိုင်မြဲစေရေးရှေးရှုပြီး ပုဂံဘုရားများအား ကာကွယ်စောင့်ရှောက်သင့်သည်မှာ မြန်မာနိုင်ငံသားများအားလုံးတွင် တာဝန်ရှိသည်ဟု မှတ်ယူမိပါကြောင်း။ ။

## နောင်ချိုအထွက်တိုး ပြောင်းဖူးလှိုင်လှိုင်ထွက်ရှိသော်လည်း ဈေးကောင်းရရန် တောင်သူများမျှော်လင့်

**နောင်ချို စက်တင်ဘာ ၂၃**

နောင်ချိုမြို့နယ်တစ်ခုလုံးယခုပြောင်းစိုက်ရာသီ၌ဧက ၅၀၀၀၀ ကျော်စိုက်ပျိုးကြကြောင်းသိရပြီး မိုးရေကောင်းမွန်စွာရရှိသဖြင့် ပြောင်းစိုက်ပျိုးရာသီတွင် အခက်အခဲမတွေ့ရှိဘဲ အောင်မြင်ဖြစ်ထွန်းကာ ပြောင်းဖူးလှိုင်လှိုင်ထွက်ရှိလျက်ရှိသည်ကို တွေ့ရသည်။

ပြောင်းဖူးဈေးမှာ တစ်ပိဿာငွေကျပ် ၃၈၀ ဖြင့်ရောင်းချရပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ကျော်ရရှိမှသာ တောင်သူများအတွက်အဆင်ပြေမည်ဖြစ်သည်။ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင်အခက်အခဲများရှိနေသည့်အတွက် ရောင်းချမှုကိုရပ်တန့်နေပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က ညှိနှိုင်းဖြေရှင်းပေးမည်ဟုသိရသည်။ ပြောင်းဖူးရောင်းဝယ်လုပ်ကိုင်ကြသူများက အခြားဈေးကွက်ရရှိရန်နည်းလမ်းကောင်းများရှာဖွေလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

# တောင်ငူတွင် မြို့တည်နန်းတည်ကေတုမတီ (၅၀၆) နှစ်ပြည့်ပွဲတော် ကျင်းပနိုင်ရေးစည်းဝေး

**တောင်ငူ စက်တင်ဘာ ၂၃**
မြို့တည်နန်းတည်ကေတုမတီ (တောင်ငူ) ၅၀၆ နှစ်ပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးပွဲကို စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီက တောင်ငူမြို့ တော်ဝင်ကေတုမတီ ဘုရင့်နောင်ခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားသို့ ပွဲတော်ကျင်းပရေးဗဟိုကော်မတီနာယက CB ဘဏ်ဥက္ကဋ္ဌဦးခင်မောင်အေးနှင့် တိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး၊ အတွင်းရေးမှူးနှင့် အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေး အမှာစကားပြောကြားပြီး ဗဟိုကော်မတီနာယက CB ဘဏ်ဥက္ကဋ္ဌက မြို့တည်နန်းတည် (၅၀၆)နှစ် ပြည့်ပွဲတော်သည် အမျိုးသားယဉ်ကျေးမှုကို ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းနိုင်ရန် ကျင်းပရခြင်းဖြစ်ကြောင်း၊ တောင်ငူမြို့၏စည်းလုံးညီညွတ်မှုကိုပြသည့်ပွဲ ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ **(ဝဲပုံ)**

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးက ပွဲတော်ကျင်းပရေးဆပ်ကော်မတီ ၁၇ ခုကို ဖွဲ့စည်းပြီး ယခင်နှစ်များ၏ အားနည်းချက်၊ အားသာချက်၊ လိုအပ်ချက်များကို ဆပ်ကော်မတီ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

ယခင်နှစ်များအတိုင်း ယခုနှစ်တွင်လည်း ပြပွဲပြိုင်ပွဲများနှင့် ရှေးအစဉ်အလာမပျက် အလှုပြယာဉ်များဖြင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံခြင်း၊ မင်္ဂလာဝင်းခင်းသဘင် ထည့်သွင်းကျင်းပခြင်းများကို စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။
**သူရ(တောင်ငူ)**

# တရုတ်နိုင်ငံ၌ ဖမ်းဆီးချုပ်နှောင်ထားသော ရွှေ့ပြောင်းအလုပ်သမား ၁၀၀ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**မူဆယ် စက်တင်ဘာ ၂၃**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်တောင်ပေါ်ဒေသတွင် ရွှေလီနယ်စပ်ကာကွယ်စုံစမ်းစစ်ဆေးရေးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုအရ တရုတ်နိုင်ငံအတွင်း ဖမ်းဆီးချုပ်နှောင်ထားသော မောင်သူရိန်ကျော်ပါ အမျိုးသား ၆၁ ဦး၊ အမျိုးသမီး ၃၉ ဦးစုစုပေါင်း ၁၀၀ တို့အား စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီက ရွှေလီရဲဌာန နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ၊ ဒုတိယဌာနခွဲမှူး မစ္စတာထောက်ဟုန်းမိတ်က မြန်မာနိုင်ငံ လဝကဌာနခွဲ(၇)(မဆ)ရုံးအဖွဲ့ လဝကမှူးဦးဇော်လင်းထံသို့ စနစ်တကျ လွှဲပြောင်းပေးခဲ့သည်။



အဆိုပါ လွှဲပြောင်းပေးအပ်သော ရွှေ့ပြောင်းအလုပ်သမားများကို မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာတာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က စိစစ်လက်ခံခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင်း ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ပြန်လည်လွှဲပြောင်းပေးအပ်သော မြန်မာနိုင်ငံသားများသည် တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်အတွင်းရှိ ကျယ်ဂေါင်၊ ရွှေလီ၊ မန်စီ၊ ရင်ကျန်း၊ ထိန်ချုံး၊ ခွမ်းမြင့်မြို့များနှင့် အခြားမြို့များတွင် သစ်အကြမ်း၊ အချော ထုတ်လုပ်နေသည့် လုပ်ငန်းများတွင်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကျောက်မျက်အကြမ်း၊ အချောထုတ်လုပ်ငန်း၊ စက်မှုနှင့် ဆက်သွယ်ရေးပစ္စည်း အရောင်းဆိုင်များ၊ ကားဝပ်ရှော့နှင့် ရေဆေးဆီလိုက်လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အထည်အလိပ်အရောင်းဆိုင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းများ၊ ကုန်တင်ကုန်ချလုပ်ငန်း၊ အနှိပ်ခန်းနှင့် အိမ်ဖော်လုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်နေကြသူများဖြစ်ပြီး တရုတ်နိုင်ငံ၏ ဥပဒေအရသတ်မှတ်ထားသော အထောက်အထားများ ပြသနိုင်ခြင်းမရှိသည့်အတွက် ဖမ်းဆီးချုပ်နှောင်ခံရသူများဖြစ်သည်။

တရုတ်နိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံထားရခြင်းမှ ပြန်လည်လွှဲပြောင်းပေးသော မောင်သူရိန်ကျော်ပါ ၁၀၀ကို မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများက ပညာပေးဟောပြောပြီး ည ၇ နာရီခန့်တွင် အဆိုပါ ရွှေ့ပြောင်းအလုပ်သမားများသည် မိမိတို့အစီအစဉ်ဖြင့် နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြသည်။

နှစ်နိုင်ငံညှိနှိုင်းတောင်းဆိုမှုများအရ တရုတ်နိုင်ငံက ဇွန် ၂၆ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ ၂၃ ကြိမ်မြောက်အထိ လွှဲပြောင်းလက်ခံသည့် မြန်မာနိုင်ငံသားဦးရေမှာ အမျိုးသား ၁၂၀၄ ဦး၊ အမျိုးသမီး ၃၁၀ စုစုပေါင်း ၁၅၁၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တရုတ်နိုင်ငံအကျဉ်းထောင်အသီးသီးတွင်ဖမ်းဆီးချုပ်နှောင် ကျန်ရှိမြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံ လဝကဌာန(၇) မှ ဌာနခွဲမှူး ဦးစောနိုင်က တရုတ်နိုင်ငံရွှေလီရဲဌာနမှူး ရဲမှူးကြီး ကူပင်းထံသို့ညှိနှိုင်း၍ အမြန်ဆုံးပြန်လည်လွှတ်ပေးပါရန် တင်ပြတောင်းဆိုထားပြီဖြစ်ကြောင်း သိရသည်။
**သန့်ဇင်(မူဆယ်)**

# ပျက်စီးသီးနှံများအတွက် ထောက်ပံ့ငွေများပေးအပ်

**မြင်းမူ စက်တင်ဘာ ၂၃**
ဧပြီလအတွင်းဖြစ်ပေါ်ခဲ့သော သဘာဝဘေးများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာအချို့ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုရန်ပုံငွေမှ ထောက်ပံ့သောငွေများ ပေးအပ်ခြင်းအခမ်းအနားကို မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာနှင့် ညောင်ရင်းကျေးရွာတို့၌ ကျင်းပသည်။

အဆိုပါ ထောက်ပံ့ငွေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁) ဦးသောင်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂) ဒေါ်နီလာလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ကြရာ ထီးဆောင်းကျေးရွာမှ သီးနှံပျက်စီးဆုံးရှုံးခဲ့သော တောင်သူ ၁၁၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၀၂၅၀၀၀၀ ကို ကျေးရွာတောင်သူ ဦးဝင်းနိုင်နှင့် ဦးသန်းဦးတို့ကလည်းကောင်း၊ ညောင်ရင်းကျေးရွာမှ တောင်သူ ၁၃၄ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၈၇၇၅၀၀၀ ကို တောင်သူ ဦးတင်သိန်းနှင့် ဦးသိန်းထွန်းတို့ကလည်းကောင်း ဒေသခံတောင်သူများကိုယ်စား လက်ခံယူခဲ့ကြောင်း သိရှိရသည်။
**အောင်စိုးဖေ(ပြန်/ဆက်)**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကြည့်မြင်တိုင်မြို့နယ်အခွန်ဦးစီးမှူးရုံးမှ အခွန်ဆိုင်ရာအကြောင်းသိကောင်းစရာများ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၁ ရက်က ကြည့်မြင်တိုင်ဗဟိုငါးဈေးဝင်းရှိ စံပြရွှေငါးကုမ္ပဏီဝင်းအတွင်း၌ကျင်းပရာ မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးဦးရဲလင်းအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူးဦးဘလှိုင် ဟောပြောဆွေးနွေးစဉ်**
ကိုကြီးတင်



## မော်လမြိုင်ကျွန်း၌ ယာဉ်စည်းကမ်းနှင့်မညီညွတ်သော ယာဉ်များ အရေးယူ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၃** -မော်လမြိုင်ကျွန်းမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးတို့အတွက် မြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော ပုဂ္ဂလိကမော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ တန်ပိုယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ သုံးဘီးဆိုင်ကယ်များနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များအား စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ စစ်ဆေးရေးဂိတ်များဖြစ်သော အဝေးပြေးကားဝင်း ၁၁ လမ်းလမ်းဆုံ၊ ဗိုလ်ချုပ်လမ်းထိပ်နှင့်ဆုံစည်းရာကွေ့တို့တွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သော ယာဉ်စစ်ဆေးရေးအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်မညီညွတ်သော ယာဉ်မျိုးစုံတို့ကို စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ကြသည်။
**မော်ကျွန်းမြင့်အောင်**

## မှုခင်းသတင်းအတိုအထွာ

**ဖြူး**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ မြို့မအနောက်ရပ်ကွက်(၁၅)လမ်းနှင့်(၁) လမ်းထောင့်လမ်းဘေး ခြောက်ပေခန့်အနက်ရှိ ရေမြောင်းအတွင်း စက်တင်ဘာ ၂၀ ရက်နံနက်က လူတစ်ဦးသေဆုံးခဲ့သည်။

ဖြူးမြို့မရဲစခန်းမှူး ဒုတိယရဲမှူးစံလှနှင့်အဖွဲ့သည် သွားရောက်ဆယ်ယူစစ်ဆေးရာသေဆုံးသူမှာ မြို့မအနောက်ရပ်ကွက်ကောက်ပတ်ခြံ(၁)လမ်းနေ မူဆာ(ခ)ခင်မောင်အေး (၅၅ နှစ်) ဖြစ်ပြီး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးသိရှိရပြီး အလောင်းကို ဖြူးဆေးရုံသို့ပို့ပေးခဲ့သည်။
**ဖြူးမြင့်ဦး**

**နောင်ချို**
နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာအုပ်စု ထွယ်ခွင်ကျေးရွာအနီးရှိ (ဒေသအခေါ်) မြင်းကတောင်ဖြိုန်းတောင်ဘေးတွင် စက်တင်ဘာ ၂၀ ရက်မွန်းလွဲ ၂ နာရီခွဲခန့်က အမျိုးသားတစ်ဦး သေဆုံးနေကြောင်းသိရသည်။

သေဆုံးနေသူမှာ သန်းထိုက်(၃၈ နှစ်) နောင်ချိုမြို့နယ် ပါပေါက်ကျေးရွာနေသူဖြစ်ပြီး ဆေးထိုးအပ်တစ်ချောင်းကိုင်လျက် သေဆုံးနေသည် ကို တွေ့ရှိရသည်။
**စိုးဝင်း(နောင်ချို)**

**တောင်တွင်းကြီး**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့တွင် စက်တင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မီးရှို့မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည် ။

တောင်တွင်းကြီးမြို့ အုန်းတော(၁)ရပ်ကွက် ဘူတာရုံအနောက်ဘက်နေ ဒေါ်ဌေးကြည် (၅၆နှစ်)သည် ၎င်းနေအိမ်တွင် မွေးမြူထားသော အိမ်မွေးဝက်မတစ်ကောင် ရေနစ်သေဆုံး၍ အမှိုက်ပုံပေါ်တင်ကာ မီးရှို့ခဲ့ရာမှ မီးခိုးလုံးများထွက်ပေါ်လာခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ပြုလုပ်သူ ဒေါ်ဌေးကြည်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်ကာ သတိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**(၀၈၅)**

**သထုံ**
မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအနီး ဒုံသမိတံတားတွင် စက်တင်ဘာ ၂၂ ရက်က တရားမဝင်တင်သွင်းလာသည့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သုဓမ္မဝတီနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးအတွက် မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးစဉ် ဘားအံဘက်မှ သထုံဘက်သို့ ယာဉ်မောင်း ရန်စော (၃၀နှစ်) ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် နေသူမောင်းနှင်လာသည့် ယာဉ်အမှတ် 5I/--- ယာဉ်အား စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ဖမ်းဆီးအရေးယူခဲ့ကြောင်း ရဲမှတ်တမ်းအရ သိရသည်။
**သက်ဦး(သထုံ)**

**လက်ပံတန်း**
သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ်(၉၀/၃)နှင့်(၉၀/၄)ကြားတွင် စက်တင်ဘာ ၂၀ ရက်က ယာဉ်မောင်းနေဇော်အောင်မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ကိုတိုက်မိကာ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် နေဇော်အောင်၊ မနှင်းဝေဝေစိုးနှင့် မင်းဇော်နိုင်တို့တွင် ဒဏ်ရာများရရှိကာ လက်ပံတန်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ယာဉ်မောင်း နေဇော်အောင်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကျွန်းလှ**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက်တွင် စက်တင်ဘာ ၂၁ ရက်ညနေ ၄ နာရီခွဲက အိမ်ရှေ့ရေမြောင်းထဲ ကလေးတစ်ဦး ဆင်းဆော့ရာမှ ရေနစ်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းလှမြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ဦးသည် တာဝန်မှူး ဆောင်ရွက်စဉ် ဆေးရုံမှ ရေနစ်သေဆုံးသူရောက်ရှိကြောင်း အကြောင်းကြားလာသဖြင့် သွားရောက်စစ်ဆေးရာ မခိုင်မြတ်နိုးဝင်း(၃ )နှစ်သည် မိဘများအပြင်သွားနေစဉ် အိမ်ရှေ့ရေမြောင်းထဲဆင်းဆော့ရာ ရေနစ်၍ဆေးရုံသို့ ပို့ဆောင်ချိန်၌ သေဆုံးကြောင်း သိရသည်။
**မျိုးဝင်းညို(ကျွန်းလှ)**

**ဒလ**
ဒလမြို့နယ် ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းပိုင်း သပြေကုန်းကျေးရွာအနီး ဒလ-ခနောက်ကားလမ်းတွင် စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီမိနစ် ၂၀ က ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဒလမြို့မှ ပျော်ဘွယ်ကြီးကျေးရွာသို့အပြန်တွင် မြောက်မှတောင်သို့ ထွန်းထွန်းဝင်း (၃၅ နှစ်) ထူးကြီးကျေးရွာနေသူ မောင်းနှင်လာသည့် ဆိုင်ကယ်သည်။ အဆိုပါနေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောဘက်ရှိ ပျော်ဘွယ်ကြီးကျေးရွာမှ ဒလမြို့သို့တောင်မှ မြောက်သို့ အောင်မြင့် (၄၈ နှစ်) ပျော်ဘွယ်ကြီးကျေးရွာနေသူမောင်းနှင်လာသည့် ဆိုင်ကယ်အား မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိရာ ၎င်းတို့နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။
**သန်းဌွေး(ဒလ)**

# ဧည့်စာရင်းတိုင်ရတာ ကောင်းသလား၊ ဧည့်စာရင်းမတိုင်ရတာ ကောင်းသလား

**စုစည်းတင်ပြသူ - ဝင်းဝင်းမော်၊ နန္ဒာဝင်း**
**ဓာတ်ပုံ - ဝင်းနန္ဒာ**

ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့တွင် လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး ဧည့်စာရင်းတိုင်ကြားရသည့် စနစ်ကို ပယ်ဖျက်ရန် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည်။

ဧည့်စာရင်းတိုင်ကြားရသည့်စနစ်ပယ်ဖျက်မှုအပေါ် ပြည်သူအများစုကြားတွင် ဝိဝါဒကွဲပြားမှုများလည်းရှိနေသည်။ တစ်ချိန်တစ်ခါက ဧည့်စာရင်းတိုင်ကြားမှုကို အကြောင်းပြု၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးအချို့၏ အနိုင်ကျင့်ခံရသူပြည်သူအချို့နှင့် လွတ်လပ်မှုကို မြတ်နိုးသူ ပြည်သူအချို့က သဘောကျနှစ်ခြိုက် ထောက်ခံသမှုပြုကြသလို ဒုစရိုက်မှုခင်းများ မကြာခဏဖြစ်ပွားနေသည့် ပစ္စက္ခတွင် လုံခြုံရေးစည်း ပိုမိုကျိုးပေါက်မည်ကို အကြောင်းပြု၍ စိုးရိမ်သောက ဖြစ်နေကြသူများလည်း ရှိနေသည်။

ဤသို့ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူအချို့၏ သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်က ကောက်နုတ်တင်ပြလိုက်ရပါသည်။

**တင်တင်စိုး(အင်းစိန်မြို့နယ်)**

ကျွန်မတို့ညီအစ်မနှစ်ယောက်က ဟင်္သာတမြို့ကနေ ရန်ကုန်မှာ အလုပ်လာလုပ်တာပါ။ သန်းခေါင်စာရင်းမရှိတော့ ဧည့်စာရင်းနဲ့ နေရပါတယ်။ ဒီအင်းစိန်မြို့နယ်ကို ရောက်တာ ခုနစ်နှစ်ရှိပါပြီ။ ဧည့်စာရင်းက တစ်ပတ်တစ်ခါ အင်္ဂါနေ့တိုင်း တိုင်ရတယ်။ တစ်ခါတိုင်ရင် ငွေကျပ် ၁၀၀ ပေးရတယ်။ ဝန်ထမ်းတွေမို့လို့ တစ်လတစ်ကြိမ်တိုင်ခွင့်ပြုပါလို့ ပြောတာမရဘူး။ အလုပ်နောက်ကျလို့ တိုင်ရမယ့်ရက်ကျော်ရင် မင်နီမှတ်ခံရပါတယ်။ မင်နီအမှတ်မခံရအောင် သတိထားပြီးတိုင်ရတော့ စိတ်ဖိစီးမှုဖြစ်ရပါတယ်။ အခုလို ဧည့်စာရင်းမတိုင်ရဘူးဆိုတော့ ကျွန်မတို့လို အနေကြာတဲ့သူတွေအတွက် ဝမ်းသာစရာပါပဲ။ ဒါပေမယ့် ဧည့်စာရင်းမရှိတော့ မှုခင်းတွေများလာမှာလည်း စိုးရိမ်ရပါတယ်။ အရင်တုန်းကလို ယာယီသန်းခေါင်စာရင်းလေးတွေ ထုတ်ပေးနိုင်ရင် ကောင်းမယ်ထင်ပါတယ်။

**မပြုံးပြုံးမော်**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်**

ကျွန်မတို့က မိဘပိုင်ခြံဝင်းထဲမှာ အိမ်ဆောက်နေတယ်။ သန်းခေါင်စာရင်းတော့မရှိဘူး။ ဧည့်စာရင်းတိုင်နေရတယ်။ အရင်တုန်းကတော့ တစ်ခါတိုင်ရင် သုံးရက်ပေးတယ်။ အခုဆို ၁၅ ရက်ပေးတယ်။ အခုလည်း တိုင်နေရင်း ရက်ကျော်သွားရင် ခြိမ်းခြောက်သေးတယ်။ ဧည့်စာရင်း ပုံမှန်လာတိုင်၊ မတိုင်ရင် နင်တို့ဘာသာ ခံရမယ်ဆိုပြီး ပြောပါတယ်။ စီမံချက်ဆိုပြီး ဧည့်စာရင်းလာစစ်လို့ မတိုင်ထားတဲ့အတွက် ကျွန်မက ကလေးမွေးကင်းစဖြစ်နေလို့ ကျွန်မကိုယ်စား အစ်မက ထောင်တစ်ပတ်ကျခံခဲ့ရဖူးတယ်။ နောက်တစ်ခါ ရပ်ကွက်တစ်ခုပြောင်းတော့လည်း ငွေကျပ် ၁၀၀၀ ဒဏ်ကြေးရိုက်တယ်။ အိမ်ရှိလူအကုန်ဆိုတော့ ငါးယောက်အတွက် ငွေကျပ် ၅၀၀၀ ပေးခဲ့ရတယ်။ အဲဒီတုန်းက ငွေကျပ် ၅၀၀၀ ဆိုတာ မရှိဆင်းရဲသားအတွက် ခက်ခဲတယ်။ တော်တော်ရှာခဲ့ရတယ်။ မရှိဆင်းရဲသားရပ်ကွက် တစ်အိမ်နဲ့တစ်အိမ် နှစ်ပေတောင်မခြားဘူး။ ရပ်ကွက်ထဲမှာ ဘယ်သူဘာလုပ်ကိုင်စားတယ် ဆိုတာ ရပ်ကွက်လူကြီးတွေ သိနေတာပဲ။ ကိုယ့်မိဘအိမ်တို့ အဘိုးအဘွားအိမ်တို့ ညအိပ်ညနေသွားလည်ရင်တောင် ဧည့်စာရင်းတိုင်ပြီးမှ နေရတယ်ဆိုတော့ မြန်မာလူမျိုး မြန်မာနိုင်ငံဘယ်နေရာနေနေပေါ့။ အခုလို မရှိတော့ဘူးဆိုတော့ ကောင်းပါတယ်။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဆင်းရဲသားတွေအတွက် တစ်နေကုန် အလုပ်လုပ်ပြီး ပြန်လာမှ ချက်ပြုတ်စားတာဆိုတော့ ည ၇ နာရီ၊ ၈ နာရီမှ ရပ်ကွက်ရုံးကို အပြေးအလွှားသွားရတယ်။ တစ်ခါတလေ မောပန်းတော့ ဧည့်စာရင်းတိုင်ဖို့ မေ့သွားတတ်တယ်။


ဦးမြဆွေ


ဦးဝင်းနိုင်ဦး


ကိုအောင်ဟိန်း

**ဦးမြဆွေ**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

ဧည့်စာရင်းတိုင်ရတယ်ဆိုတာက ရှိလည်းမကောင်း၊ မရှိလည်းမကောင်း။ ရှိပြန်တော့လည်း ဥပဒေကိုဖန်းပြပြီး လုပ်စားကြတယ်။ အာဏာလည်း ပြတယ်။ အဲဒါကြောင့် ဧည့်စာရင်းတိုင်ရတဲ့ဒုက္ခက မသေးဘူး။ နောက်ပြီး ဧည့်စာရင်းရက်ကျော် နောက်ကျလို့ အဟောက်ခံရသေးတယ်။ မရှိမကောင်းတာက ဧည့်သည်ရောက်လာရင် ဆယ်အိမ်မှူးဖြစ်ဖြစ် သူ့ဆီကို အကြောင်းကြားစာပေးသင့်တယ်။ သတင်းပို့တဲ့ပုံစံမျိုးလေးတော့ ရှိသင့်ပါတယ်။ ဆိုလိုတာက လူစိမ်း လူဝင်လူထွက်ကလည်း လူဆိုးလား၊ လူကောင်းလားဆိုတာက လည်း ရှိသေးတယ် ။

**ဦးဝင်းနိုင်ဦး**
**(ဗိုလ်တထောင်မြို့နယ်)**

ဧည့်စာရင်းတိုင်တဲ့စနစ်က ကောင်းပါတယ်။ ရပ်ကွက်ထဲကို လူစိမ်းဝင်တာကအစ သိရတယ်။ အခု ဧည့်စာရင်းပယ်ဖျက်လိုက်တော့ ရပ်ကွက်ထဲကို ဘယ်သူဝင်လို့ဝင်မှန်းမသိ၊ ဒုစရိုက်မှုတွေ ပိုပြီးများလာမယ်လို့ ထင်ပါတယ်။ ဧည့်စာရင်းစနစ် ပယ်ဖျက်လိုက်တာ မကောင်းဘူးလို့မြင်တယ်။ သန်းခေါင်စာရင်းမရှိတာက ရပ်ကွက်ထဲမှာနေရင် မိမိရဲ့တာဝန်ဖြစ်တာကြောင့် ဧည့်စာရင်းတိုင်ရမယ်လို့ထင်တယ်။ လူစိမ်းဝင်ရင် ဘယ်သူဝင်တယ်၊ ဘယ်သူထွက်တယ်ဆိုတာ သိရမယ်။ မှုခင်းကျူးလွန်ရင်လည်း လိုက်ရတာလွယ်မယ်လို့ ထင်တယ်။

**ကိုအောင်ဟိန်း**
**(ဘဏ်ဝန်ထမ်း၊ ရန်ကုန်မြို့)**

ဧည့်စာရင်းတိုင်ရင် ဘယ်အိမ်မှာ ဘယ်သူရှိတယ်။ ဘယ်သူရောက်နေတယ်ဆိုတာသိရတော့ ပြည်သူတွေရဲ့ လုံခြုံရေးအတွက် ကောင်းပါတယ်။ မတိုင်ရရင် မသမာတဲ့လူ ဝင်လာရင် ဘယ်နည်းနဲ့သိမလဲ။ အဲဒီလို အစီအမံလေးတွေတော့ ရှိမလားမသိဘူး။ သာမန်အမြင်ကတော့ ဧည့်တိုင်ရတာ အလုပ်ရှုပ်တယ်ထင်ကြတယ်။ စည်းစနစ်တကျနဲ့ တိုင်ရတာ။ တကယ်တော့ အလုပ်မရှုပ်ပါဘူး။ ကိုယ့်ရပ်ကွက်ထဲကို ဘယ်သူဝင်လို့ ဝင်မှန်းမသိဘဲ တစ်ခုခုမသမာမှုလုပ်ရင် ဘယ်လိုကာကွယ်ပေးမလဲ။ အစီအစဉ်တွေ ရှိလို့ပဲ မတိုင်ရတော့တာလား မသိပါဘူး။ ပြည်သူ့လုံခြုံမှုအတွက် ဘာတွေလုပ်ပေးနိုင်မလဲ။ အဲဒီလို အစီအမံတွေ မရှိသေးဘဲနဲ့ တောင်းဆိုနေကြတာလားတော့ မသိဘူး။ ကျွန်တော်ကတော့ ဧည့်တိုင်တာ လုံခြုံမှုရှိတယ်။ ဧည့်စာရင်းစစ်ပြီး ဖမ်းမလားတွေးပြီး ဧည့်သည်ရောက်ရင် ချက်ချင်းသွားတိုင်တယ်။ စနစ်တိုင်းမှာတော့ အားနည်းချက်၊ အားသာချက်တွေ ရှိပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း အိမ်ငှားနေရတာ။ ဧည့်စာရင်းတိုင်နေတယ်။ အလုပ်ကိစ္စအားမလပ်လို့ ရံဖန်ရံခါပျက်ကွက်တာရှိတယ်။

ဒါပေမယ့် အဲဒီလိုပျက်ကွက်တာ ရပ်ကွက်မှာ အမြဲတမ်းနေနေကျမို့ ပြဿနာမရှိပေမယ့် တစ်ခါတစ်ရံ လာတဲ့သူ မသမာသူတစ်ဦးဦး လာအိပ် သွားရင်ဘယ်လိုလုပ်မလဲ။ ကျွန်တော် တို့ပြည်သူတွေ ဘယ်လို သိနိုင်မလဲ။ ပြဿနာဖြစ်ပြီးမှ မသိလိုက်ဘူး၊ အခုလို မတိုင်ရတော့ဘူးဆိုတော့ ပြည်သူတွေရဲ့ဘဝ လုံခြုံမှုအတွက်က ဘယ်လိုအာမခံချက်တွေကို စဉ်းစားပေးထားသလဲဆိုတာ မသိသေးဘူးပေါ့လေ။ ။

**ဧည့်စာရင်း မတိုင်ရဘူးဆိုတော့ ကျွန်မတို့လို အနေကြာတဲ့သူတွေအတွက် ဝမ်းသာစရာပါပဲ။ ဒါပေမယ့် ဧည့်စာရင်းမရှိတော့ မှုခင်းတွေများလာမှာလည်း စိုးရိမ်ရပါတယ်။ အရင်တုန်းကလို ယာယီသန်းခေါင်စာရင်းလေးတွေ ထုတ်ပေးနိုင်ရင် ကောင်းမယ်ထင်ပါတယ်**

## စောမဲချောင်းကမ်းပါးပျက်စီးမှုပြုပြင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ရေဦး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် စက်တင်ဘာ ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပေ ၄၀၀ ခန့် အကျယ်ရှိ စောမဲချောင်း ရေလျှံကာ ညောင်လယ်၊ အုတ်ဖို၊ ကွမ်းအုံ၊ နေပူကုန်းကျေးရွာအုပ်စုရှိ ကွင်းခြောက်ကွင်း၊ တောင်သူ ၃၉ဦး၊ ဦးပိုင် ၄၅ဦးတွင် မိုးစပါး ၂၃ ဒသမ ၅ ဧက မတ်ပဲ ၃၇ ဧကနှင့် မိုးစပါး ၃ ဧကထိ ခိုက်ပျက်စီးခဲ့သည်။ အလားတူ တန့်ဆည်မြို့မှ စီးဆင်းလာသော ရွှေဂူချောင်း ရေများစီးဝင်မှုကြောင့် အင်တော ကျေးရွာအုပ်စုရှိ မိုးစပါးဧက ၃၀ ရေလွှမ်းမိုးမှုခံခဲ့ရသော်လည်း ပျက်စီးဆုံး ရှုံးမှုမရှိကြောင်း မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။



အဆိုပါ ချောင်းရေလျှံမှုကြောင့် (RMC/DY-4)လက်ယာမြောင်း ရေငုတ်အနီး ရေတိုက်စားခဲ့မှုများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဆန်းလွင်ဦး၊ မြို့နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများမှ စက်တင်ဘာ ၁၉ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီးစောမဲချောင်းကမ်းပါးနှင့် RMC/DY-4 ပျက်စီးမှုနှင့် ပတ်သက်၍ ဒေသခံတောင်သူများ၊ ချောင်း ပတ်ဝန်းကျင်ရှိတောင်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပြီး လိုအပ်သည့် ပြင်ဆင်မှုများ အချိန်မီဆောင်ရွက်နိုင်ရေး ဆုံးဖြတ်ခဲ့ကြကြောင်းသိရသည်။

**သန်းထိုက်( ရေဦး)**

## ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာထေရအာစရိယပူဇာမင်္ဂလာပွဲ ကျင်းပမည်

**ပြည် စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်နယ်မြေ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိမဟာထေရ်မြတ်ကြီးအား တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တပည့်သံဃာတော်များ၊ မြို့ပေါ်နှင့်တိုက်တွင်းရှိ တပည့်သံဃာများ၊ တပည့်ဒါယကာ၊ ဒါယိကာမများက အာစရိယပူဇာမင်္ဂလာပွဲကို နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ နယ်အသီးသီးမှ ရပ်ဝေးသံဃာတော်များ အနေဖြင့် ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့နှင့် ရပ်မိရပ်ဖများ တွေ့ဆုံပွဲ

**လေရှီး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ရဲတပ်ဖွဲ့စခန်း အစည်းအဝေးခန်းမ၌ စက်တင်ဘာ တတိယပတ်က မှုခင်းကျဆင်းရေးအတွက် လေရှီးမြို့နယ် ရဲတပ်ဖွဲ့နှင့် ရပ်မိရပ်ဖများတွေ့ဆုံပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးနေမှုများ၊ လောင်းကစားမှုများ ပပျောက်ရေးအတွက် ဆောင်ရွက်နေသည့် အစီအမံများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် မြို့မိမြို့ဖများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
## ပရဟိတလုပ်ငန်းဆိုင်ရာဟောပြောပွဲ ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ (၂၁)ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ အမှုဆောင်အဖွဲ့မှ ကြီးမှူးကျင်းပသော ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ ပရဟိတလုပ်ငန်းဆိုင်ရာဟောပြောပွဲ "Honour of Serving Others" ကို ၂၀၁၆ခုနှစ် စက်တင်ဘာ ၂၉ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီမှ ၁၁း၀၀နာရီထိ **"သီရိရတနာခန်းမ"**တွင် ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်** - ဒေါ်ခိုင်သန့်ဇင် ဖုန်း-၀၉-၅၅၂၄၂၇၇၁၀၊ ၀၉-၃၁၇၈၈၁၇၇
- ဒေါ်သက်သက်နိုင် hninzigone.age@gmail.com

**အမှုဆောင်အဖွဲ့**

## စက်မှုလက်မှုသိပ္ပံ(အင်းစိန်)
## မြို့ပြအင်ဂျင်နီယာကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

စက်မှုလက်မှုသိပ္ပံ(အင်းစိန်)၊ မြို့ပြအင်ဂျင်နီယာကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများအား အကြောင်းကြားအပ်ပါသည်။ ကျောင်းသား ကျောင်းသူများအားလုံး ဆုံစည်းနိုင်ရန်အတွက် မပျက်မကွက်တက်ရောက်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ နိုင်ငံခြားရောက် အင်းစိန် AGTI မြို့ပြကျောင်းသား ကျောင်းသူဟောင်းများသည် (KBZ Bank Co.,Ltd.) ၀၂၁၁၂၂၀၀၈၆၆၈၀ သို့ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**ကျင်းပမည့်နေရာ** - ရွှေကျင်သာသနာလင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး)
**ဆက်သွယ်ရန်** - ဒေါ်မြမြထွန်း ဖုန်း-၀၉-၇၃၀၈၇၄၈၇

## မြိတ်မြို့နယ်အသင်း (ရန်ကုန်)
## သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ

မြိတ်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော(၆၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ အဘိုးအဘွားများ၊ မြိတ်အသင်းသူအသင်းသားများနှင့် မြိတ်သူမြိတ်သားများ စုံစုံညီညီ ကြွရောက်နိုင်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း (၈)ရက် (၉-၁၀-၂၀၁၆) တနင်္ဂနွေနေ့
ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ
ကျင်းပမည့်နေရာ - ယုဇနဟိုတယ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အသက် (၇၀)နှစ်နှင့်အထက် ယခင်စာရင်းပေးသွင်းပြီးသည့် ကန်တော့ခံ အဘိုးအဘွားများ ကန်တော့ခံကြွရောက်နိုင်ပါရန် နှင့် အသက် (၇၀)နှစ် နှင့် အထက် ယခင်စာရင်းပေးသွင်းခြင်း မပြုရသေးသော မြိတ်သူမြိတ်သား အဘိုးအဘွားများသည် **၇-၁၀-၂၀၁၆ (သောကြာနေ့)** နောက်ဆုံးထား၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း / မိတ္တူနှင့်အတူ ရုံးချိန်အတွင်း မြိတ်အသင်းရုံး၊ အမှတ်(၆၈) ပထမထပ်၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း - ၀၁ - ၂၂၄၃၄၀၊ ၀၉-၇၉၅၄၁၁၆၈) သို့ အမည်စာရင်းပေးသွင်းပြီး ကန်တော့ခံကြွရောက်ရန် ဖြစ်ပါသည်။

ကန်တော့ငွေ ၅၀၀၀၀/- ဖြင့် ကန်တော့မည်ဖြစ်ပါ၍ မြိတ်အသင်းရုံးသို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။ အခမ်းအနားအပြီးတွင် နေ့လယ်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။

(ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်)

**အမှုဆောင်အဖွဲ့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၁ယ/၃၉၉၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးလင်ရှိန်း ၁/မညန(နိုင်)၀၉၇၈၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၈)ရပ်ကွက်နေ သမီးဖြစ်သူ မနွယ်ဝတီဝင်းအောင် ၁၃/တကန(နိုင်)၂၉၅၈၈၉ သည် မိဘအုပ်ထိန်းသူများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုး ပြုလုပ်ပြီး နေအိမ်မှဆင်းသွားသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဖခင်-ဦးဝင်းအောင် ၁၃/ဆဆန(နိုင်)၀၁၄၉၃၄၊ တောင်ငူ**

## ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ၂၆၀၅ နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၁၇)နှစ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲ ကျင်းပမည်



ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၀၅ နှစ်ပြည့် ဗုဒ္ဓပူဇနိယ တန်ဆောင်တိုင်ပွဲတော်နှင့် (၁၁၇)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲကို (၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်မှ ယင်းလပြည့်ကျော် ၂ရက်အထိ) ၇-၁၁-၂၀၁၆ ရက်မှ ၁၆-၁၁-၂၀၁၆ရက်အထိ အစဉ်အလာမပျက် အေးချမ်းသာယာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ပွဲတော်ဆိုင်ထွက်လိုသူ မိတ်ဟောင်းများသည် ယမန်နှစ်ဖြတ်ပိုင်းနှင့် သတ်မှတ်သည့်ဆိုင်ခန်းခငွေများကို အောက်တိုဘာ ၂၄ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ရက် နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် မိတ်သစ်များကို နိုဝင်ဘာလ ၁ရက်မှစ၍ နေရာချထားပေးသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၃-၂၅၁၈၀၊ ၀၅၃-၂၅၀၃၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

**ဂေါပကအဖွဲ့**

## မိတ္ထီလာစီးပွားရေးတက္ကသိုလ် (၁၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

မိတ္ထီလာ စီးပွားရေးတက္ကသိုလ် (၁၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၇၊ ၁၈ ရက်များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် လှူဒါန်းလိုသော အလှူငွေများကို အောက်ပါ ကော်မတီအဖွဲ့ဝင်များသို့ ၃၁-၁၀-၂၀၁၆ ရက်အထိ ဆက်သွယ်လှူဒါန်းနိုင်ပါရန်နှင့် ပါဝင်ဆင်နွှဲ တက်ရောက်ပေးကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။

| | | |
|---|---|---|
| မနန်းမွှမ်းဟွမ် | (တောင်ကြီး) | ဖုန်း-၀၉-၄၃၁၈၃၇၁၆ |
| ကိုအောင်ဇော် | (ရန်ကုန်) | ဖုန်း-၀၉-၇၇၇၇၉၁၄၈၀ |
| ကိုရဲမင်းအောင် | (ရန်ကုန်/လှိုင်ကော်) | ဖုန်း-၀၉-၂၅၄၁၀၄၄၈၈ |
| ကိုရဲသူဝင်း | (မန္တလေး) | ဖုန်း-၀၉-၄၀၁၆၆၂၅၄၀ |
| ကိုမြင့်သန်း | (မန္တလေး) | ဖုန်း-၀၉-၄၃၁၇၁၇၄၇ |
| ကိုရဲမင်းအောင် | (စစ်ကိုင်း) | ဖုန်း-၀၉-၉၇၅၇၁၇၄၄၄ |
| ကိုစိုင်းဆိုင်မိုင်း | (အောင်ပန်း) | ဖုန်း-၀၉-၇၉၀၂၁၇၈၈၂ |
| ကိုထက်ဝေဦး | (မကွေး) | ဖုန်း-၀၉-၄၀၁၅၇၄၄၆၆ |
| မခိုင်နှင်းဝေ | (နေပြည်တော်) | ဖုန်း-၀၉-၄၄၀၇၃၄၇၂၇ |
| ကိုအောင်မြင့်သူ | (မိတ္ထီလာ) | ဖုန်း-၀၉-၂၂၀၀၀၈၃ |

**မှတ်ချက်**-တိုက်ရိုက်ဆက်သွယ်လှူဒါန်းရန် ခက်ခဲသူများအနေဖြင့် နီးစပ်ရာဘဏ်များမှတစ်ဆင့် KBZ Bank Account No. 29010204301139101 (မန္တလေး)သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

## ပုသိမ်တက္ကသိုလ် ရုက္ခဗေဒနှင့် အဏုဇီဝဗေဒ ကျောင်းသား/ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

ပုသိမ်ကောလိပ်၊ ဒေသကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ ရုက္ခဗေဒနှင့် အဏုဇီဝဗေဒမိသားစု ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၃၁-၁၂-၂၀၁၆ ရက် စနေနေ့တွင် ကျင်းပမည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ကျောင်းသား ကျောင်းသူဟောင်းများအား လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

၁။ ဒေါက်တာကေသီမြ (ပါမောက္ခ ရုက္ခဗေဒဌာန၊ ပုသိမ်တက္ကသိုလ်၊ ဖုန်း-၀၉-၂၅၀၂၃၆၂၇)
၂။ ဒေါက်တာခင်မျိုးမြင့် (တွဲ/ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ပုသိမ်တက္ကသိုလ်၊ ဖုန်း-၀၉-၅၂၀၃၂၈၇)
၃။ ဒေါ်ခင်ချိုဦး ဖုန်း-၀၉-၅၂၀၀၉၂၂
၄။ ဒေါ်အေးအေးမိုး ဖုန်း-၀၉-၇၈၀၃၇၄၄၆၇ (Yoma Bank Saving Acc:037325015632)
၅။ ဦးမျိုးလွင် ဖုန်း-၀၉-၅၂၀၀၈၈၃
၆။ ဒေါ်ယဉ်ရွှေ ဖုန်း-၀၉-၇၉၁၂၂၁၉၃၀ (KBZ Bank Saving Acc:0331220018811)
၇။ ဒေါ်နှင်းနှင်းဝေ(ရန်ကုန်) ဖုန်း-၀၉-၄၂၀၀၀၆၂၂၃
၈။ ဦးကျော်သူရ(ရန်ကုန်) ဖုန်း-၀၉-၄၂၂၅၀၉၀၉၃
၉။ ဦးသန်းဆွေ(မြောင်းမြ) ဖုန်း-၀၉-၉၇၄၁၄၀၇၀၃
၁၀။ ဦးနေဝင်း(ဟင်္သာတ) ဖုန်း-၀၉-၂၅၄၃၃၁၀၂၂
၁၁။ ဦးရဲဝင်းမြင့်(ဟင်္သာတ) ဖုန်း-၀၉-၉၇၀၅၅၁၈၁၈
၁၂။ ဦးအောင်ဝင်း(ပြည်) ဖုန်း-၀၉-၅၃၁၂၆၈၆
၁၃။ ဦးမိုးနိုင်(ပြည်) ဖုန်း-၀၉-၅၃၁၀၁၃၅
၁၄။ ဦးခင်မောင်ဇော်(ပေါင်းတည်) ဖုန်း-၀၉-၄၂၃၇၁၆၈၅၄
၁၅။ ဦးတင်လှ(ဓနုဖြူ) ဖုန်း-၀၉-၉၆၃၄၄၄၀၆၉
၁၆။ ဒေါ်မြင့်မြင့်စိုး(ဝါးခယ်မ) ဖုန်း-၀၉-၉၇၉၆၆၅၇၆၇
၁၇။ ဦးမြင့်ဦး(ခ)ဦးရာကွတ်(ရန်ကုန်) ဖုန်း-၀၉-၇၉၄၇၉၆၀၈၄

ကျင်းပရေးကော်မတီ၏ Facebook လိပ်စာမှာ http://www.facebook.com/botany pathein ဖြစ်ပါသည်။

## မြင်းခြံမြို့နယ်အသင်း(ရန်ကုန်) (၁၁)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်) (၁၁)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။ ရန်ကုန်ရောက် မြင်းခြံ ဆရာတော်ကြီး (၁၇)ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ရန်ကုန်ရောက် မြင်းခြံမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂-၁၀-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၂ နာရီ
**ကျင်းပမည့်နေရာ** - စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ၁၆/၂ရပ်ကွက်၊ရတနာလမ်း၊သင်္ဃန်းကျွန်းမြို့နယ်

ကြိုတင်လှူဒါန်းလိုသူများသည် အောက်ပါ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးဆန်းထွန်း ဖုန်း-၀၉-၅၀၃၅၉၀၄၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၇၅၈၁၇၊ ဒုဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း) ဖုန်း-၀၁-၆၁၁၁၀၂၊ ဦးမောင်မောင် ဖုန်း-၀၁-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၀၁-၉၆၉၉၇၉၁၊ ဦးကိုကိုလေး ဖုန်း-၀၁-၅၂၇၁၇၂၊ ဦးကြည်မောင် ဖုန်း-၀၁-၅၄၈၂၈၉၊ ဦးဝင်းနိုင်အေး ဖုန်း-၀၉-၄၃၂၀၁၈၂၅

**အမှုဆောင်အဖွဲ့**
**မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရောဝတီလမ်း၊ အမှတ် ၆၁ နေ (ဦးအောင်တင်ထွဋ်)MPPE - ဒေါ်စန်းစန်းငြိမ်းတို့၏ သားငယ်

### မောင်ထွဋ်ထွဋ်အောင်
**BE.Con(Eco)**
**"ရွှေကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်"**
**နှင့်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မုဒိတာအိမ်ရာနေ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) KBZ - ဒေါ်နီနီထွန်း ကျောင်းဆရာမ(ငြိမ်း)တို့၏ သမီးကြီး

### မနေဝါဝင်းမြင့်
**LL.B, DBL, LCCI Level(III)**
**"ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်လီမိတက်"**

တို့သည် ၁၅-၉-၂၀၁၆ ရက်တွင် နှစ်ဖက်လူကြီးမိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးခဲ့ပါကြောင်း။

**မောင်ထွဋ်ထွဋ်အောင်-မနေဝါဝင်းမြင့်**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ) ရွှေညောင်ပင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်စန်းလင်းအောင်၊ အလက(ခွဲ) အောင်နိုင်ကြီးကျောင်း ပဉ္စမတန်းမှ မမိုးမိုးအေး၊ တတိယတန်းမှ မောင်အောင်မင်းသူတို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၇/ကဝန (နိုင်) ၀၀၀၆၂၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရွှေညောင်ပင် အထက်တန်းကျောင်း(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသီလွှာစိုး၊ ဆဋ္ဌမတန်းမှ မလွင်လွင်ထွန်း၊ တတိယတန်းမှ မဆွေဆွေထိုက်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးထွန်း ၇/ကဝန (နိုင်) ၂၀၆၂၃၇ ဖြစ်ပါကြောင်း။




## FARMER AUTO SHOWROOM

ပြခန်း(၁) - အမှတ်(၁၈)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၉၆၄၃၊
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၂၄၃၈
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၉၁၀၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇

ရန်ကုန်နှင့်နယ်လိုင်စင် TAXI ကားနှင့် တခြားကားများကို အရစ်ကျဝယ်ယူနိုင်ပါသည်

FAME **Chitobit®**
Natural lipid inhibitor
သဘာဝအဆီကျဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 008204 (1115)
၂/၂၀၁၅ တဆထလ (တိုင်) ဝဇ်၃၃

FAME **SpiruGarlic®**
Natural cholesterol lowering
အဆီကျသွေးရည်ကြည်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 006127 (0717)
၂/၂၀၁၅ တဆထလ (တိုင်) ဝဇ်၃၃



ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးမန်းစံအေး(ခ)မန်းပေတရူး (တောင်ကလေး)
အသက်(၉၄)နှစ်

(မန်းထွန်းအေး-ဂွလှဝင်း)တို့၏သား၊ ပါလီမန်အောက်လွှတ်တော်အမတ် (မန်းကံအေး-ဂွစိန်ညှာ)တို့၏ခမည်းခမက်၊ [ဂွငွေပျော် (တောင်ကလေး)]၏ ခင်ပွန်း၊ (ဒေါက်တာမန်းစိန်လှအောင်) (ဒု-ညွှန်မှူး၊ ပြည်ထောင်စုအဆုတ်ရောဂါ ဆေးရုံ၊ ရန်ကုန်)-ဒေါ်မာစီလွင်(ခ)ဒေါ်မာစီအာနားပုံ့ပုံ့(တောင်ကလေး)၊ ဦးမြင့် သိန်း-ဒေါ်မေရီချိုချို(တောင်ကလေး) ပုလဲမုန့်တိုက်၊ ပုသိမ်တို့၏(Step Father)၊ ဒေါက်တာမူမူအောင်(J.C သားဖွားနှင့်မီးယပ် အထူးကုဗဟိုအမျိုးသမီးဆေးရုံ၊ ရန်ကုန်)၊ ဦးကျော်သူအောင်-ဒေါ်ကေသီမျိုး(အလှကုန်ဖြန့်ချိရေး၊ ပုသိမ်)၊ ဒေါ် ယုယုအောင်(ဂျာမန်ဧည့်လမ်းညွှန်၊ ရန်ကုန်)၊ ဦးသက်လွင် (Superintendent Superviser ခေတ္တ-စင်ကာပူ)-ဒေါ်ဝင်းသူဇာအောင်(Executive Accounting Officer Yangon)၊ ဦးမျိုးထွန်းသိန်း-ဒေါ်ခင်နှင်းမိုး(ပုလဲတေးသံသွင်း၊ ပုသိမ်)၊ ဦးမျိုးမင်းသိန်း-ဒေါ်မြတ်မွန်(Dream Lover Yangon)၊ ဦးမျိုးသူရသိန်း (Computer Teacher ပုသိမ်)၊ Rev.FR Thomas သန်းဝေ (ခေတ္တ-USA)၊ Rev.FR Augustine အောင်စိုးနိုင်(R.C.M ပုသိမ်)၊ Sister မေရီဂျူမာလာဦး (ချောင်းသာ၊ ပုသိမ်)၊ Sister မာရီမိုးမိုး(ခေတ္တ-ဖိလစ်ပိုင်)၊ Sister စီစီလျား စန်းယုမော် (R.C.M ပုသိမ်)တို့၏ဘိုးဘိုး၊ မြစ်ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီး သည် ၂၃-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၂နာရီတွင် (11.E) ဦးလွန်း မောင် ၂လမ်း၊ (၇)ရပ်ကွက်၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းပွဲသို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးမြင့်ဟန်(ငြိမ်း) တေဇ(၆)
ဒုတိယညွှန်ကြားရေးမှူး
(ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊
ကယားပြည်နယ်၊ လွိုင်ကော်မြို့)

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ကယားပြည်နယ်၊ လွိုင်ကော် မြို့မှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ကြီးမြင့်ဟန်(ငြိမ်း) တေဇ(၆)သည် ၁၂-၉-၂၀၁၆ရက် နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဦးအောင်စိုးနှင့်ဝန်ထမ်းများ**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီ (မော်လမြိုင်ကျွန်း)
အသက်(၇၉)နှစ်

မြန်မာနိုင်ငံ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက် အသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါ်စိုးစိုးကြည်၏ မွေးသမိခင်သည် ၂၁-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၀နာရီတွင် ဗဟိုရုံစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း**

---

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးလှမြင့် (ငြိမ်း)
ကြည်း/၁၄၉၄၉
အသက်(၆၉)နှစ်

သထုံမြို့၊ သုဓမ္မဝတီမြို့သစ်၊ (င)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၁၆၃နေ ဒေါ်ညွန့်ကြည်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးလှမြင့် သည် ၂၂-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၉-၁၉၈၉) ခလရ(၆)မှ လုပ်ဖော်ကိုင်ဖက် အရာရှိများ**

---

ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ထိုက်
(စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်)
အသက်(၆၅)နှစ်

ပစ်တိုင်းထောင် ဖောင်ဒေးရှင်းအမှုဆောင်၊ ရတနာ့မေတ္တာအဖွဲ့၏ ပင်တိုင် ဆေးအလှူရှင်သည် ၂၃-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပစ်တိုင်းထောင်ဖောင်ဒေးရှင်း**
**ရတနာ့မေတ္တာအဖွဲ့**

---

## ဦးမောင်မောင်လတ်(ခ)ဦးကိုလတ်
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ ဇ/မြောက်ရပ်ကွက်၊ တိုက်(အေ-၆)၊အခန်း ၁၀၃နေ (ဦးတင်မောင်)-ဒေါ်ခင်နုတို့၏သား၊(ဦးကြည်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်ရင်ရွှေ၏ခင်ပွန်း၊ ကိုအောင်ကျော်ကျော်-မနှင်းရွှေစင်လတ်၊ ကိုထွန်းမင်းလတ်တို့၏ဖခင်၊ မောင်အောင်သူရ၏အဘိုးသည် ၂၃-၉-၂၀၁၆ရက်(သောကြာနေ့)နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဝေါင်ဖိတ်တင်(ခ)ဒေါ်တင် (ဖောင်ကြီး)
အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ (၁၈)လမ်း၊ အမှတ် ၁၄၁(မြေညီ ထပ်)နေ (ဝေါင်ရီအုတ်-ဒေါ်စောကြူ)တို့၏သမီး၊ [ရုပ်စန်ချို(ခ)ဦးစံစော(ဖောင် ကြီး)]၏ဇနီး၊ ဒေါ်ခင်သန်းမြင့်-ဦးမောင်ဝင်း၊ ဒေါ်အေးသန်း-ဦးမြင့်လွင်၊ ဦးစွန် ငွေ-ဒေါ်ပူစူး(သံဈေး)၊ ဒေါ်ခင်အေး(သံဈေး)၊ ဒေါ်ခင်ကြည်၊ ဒေါ်ခင်ထွေး၊ ဒေါ်ကြင်မေ-ဦးသက်နိုင် (ဝါးခယ်မ)၊ ဦးစိုးကြည်-ဒေါ်တင်ငွေးရီ (ဆရာမ ပါတိတ်၊ မင်္ဂလာဈေး)၊ ဦးစိုးသန်းတို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ငါးယောက် တို့၏အဘွားသည် ၂၁-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၂၀နာရီတွင် အာရှ တော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖုကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝေါင်ဖိတ်တင်(ခ)ဒေါ်တင် (ဖောင်ကြီး)
အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ ၁၈လမ်း၊ အမှတ် ၁၄၁၊ မြေညီ ထပ်နေ ကိုထွန်းမင်းအောင်(ခ)ဘဲဥ-မဥမ္မာသင်း၊ ကိုဇော်လင်းထွန်း၊ ဒေါက်တာ စုရွှေစင်ဝင်း(ခေတ္တ-Australia)၊ ဒေါက်တာမျိုးသီဟ၊ ဒေါက်တာသက်ပိုင်စိုး၊ ကိုဘုန်းမြင့်အောင်(ခေတ္တ-Singapore)၊ ကိုကျော်ဝင်း-မသန်းသန်းအေး(ခ) ဘိတင်း၊ ကိုဇော်ဇော်-မရွှေချော၊ ကိုဇော်လင်းအောင်-မမေမိုးသွင် (ခေတ္တ-Singapore)၊ (ကိုသိန်းအောင်)၊ ကိုအောင်ကျော်ထွန်း၊ ဒေါက်တာအောင်သိန်း ထွန်း-ဒေါက်တာခင်ပန်းနုလွင်၊ ကိုအောင်အောင်-မကျင်နွယ်မျိုး၊ မစန်းမြင့်အေး၊ မမော်မော်လွင်၊ ကိုအောင်ကျော်လင်း-မသူဇာအေး၊ မနီလာဝင်း၊ ဒေါက်တာ ဝါဝါလင်း(ခေတ္တ-Australia)တို့၏အဘွားသည် ၂၁-၉-၂၀၁၆ရက် (ဗုဒ္ဓဟူး နေ့) ညနေ ၅း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးဖုကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီ တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမြေးများ

---

## ဒေါ်ငွေခင် (မုဒုံ)
အသက်(၈၈)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့၊ ပိန္နဲတိုက်ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ် ၃၃နေ (ဦးဘိုနီ)၏ဇနီး၊ အင်းစိန်မြို့သစ်၊ (က/ခ)ရပ်ကွက်၊ ၃လမ်းနေ ဦးဝင်းလှိုင်၊ ဒေါ်ခင်နီသန်း၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ မေတ္တာလမ်းသွယ်နေ ဦးခင်ဇော် (ဒေါ်ခင်နီဝင်း)၊ မဲဇလီကုန်းနေ ဦးစိုးဦး၊ ဒေါ်ခင်နီတင်(မဲဇလီကုန်းတိုက်နယ် ဆေးရုံ)၊ ဦးလှဝင်း၊ ဒေါ်ချိုငယ်၊ ရဲမှူးငွေတိုး (ဘော်လခဲခရိုင် ရဲတပ်ဖွဲ့မှူးရုံး)၊ ဒေါ်အေးအေးမြင့်၊ ဦးငွေမိုး၊ ရဲအုပ်ငွေမျိုးမြင့်နီ (အောင်ပန်းနယ်မြေ ရဲစခန်း)၊ ဒေါ်ချိုစန္ဒာထွန်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား သည် ၂၂-၉-၂၀၁၆ရက် မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကန်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်မြင့်
(ညောင်လေးပင်၊ကန်တော်ကလေး)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/ရှေ့ ရပ်ကွက်၊ အမှတ် ၉၈နေ(ဦးထွန်းမြတ်-ဒေါ်စိန်ဥ)တို့၏သမီး၊ (ဦးချစ်သောင်း)၏ဇနီး၊ ဒေါ်အေးအေးဝင်း-ဦးစန်းလွင်၊ ဒေါ်ဌေးဌေးဝင်း-ဒေါက်တာသောင်းတင်၊ ဒေါ်မြင့်မြင့်ဝင်း-ဦးသိန်းထွန်း၊ ဒေါ်စန်း စန်းဝင်း(ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးနေစိုး(ဒဂုံတက္ကသိုလ်)-ဒေါ်မေကြွယ် တို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွား သည် ၂၂-၉-၂၀၁၆ရက်(ကြာသပတေးနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၂၄-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးရဲထွဋ်
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ် ကွက်၊ ၅၇လမ်း၊ အမှတ် 74 (A1)နေ ဗိုလ်မှူးကြင်စိန်(ငြိမ်း) - [ဒေါ်ညွန့်ဝင်း မြင့်(ထ/၂၊ လှိုင်)]တို့၏သား၊ ဦးခင် ထွန်း(မြန်မာ့မီးရထား) - ဒေါ်ခင်သူဇာ (မ/၁၂၊ အင်းစိန်)၊ ဗိုလ်ကြီးအောင်မိုး လွင်(ငြိမ်း)-ဒေါ်စုစုစိန် (လ/၃-လှိုင်၊ ငြိမ်း)တို့၏ညီ/မောင်၊ ဒေါက်တာ ခင်ဥမ္မာ၏အစ်ကို၊ မဖြူဖွေးသန့်၊ မောင် ရဲလင်းသူ၊မောင်ကောင်းခန့်ဇော်၊မောင် ထက်အောင်ကျော်တို့၏ ဦးလေးသည် ၂၃-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေ နေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက် ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါ လှိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းဝင်း
ဒေါင်း ဆန်ကြာဆံ
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာ ညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ ခြံ အမှတ် ၃၅နေ(ဦးဗျန်အေး)-ဒေါ်စွန့်နှာ တို့၏သား၊ ဒေါ်ခင်ဝင်းရီ၏ခင်ပွန်း၊ မဇဇဝင်း-ကိုဝေဖြိုးမောင်၊ မနွယ်နွယ် ဝင်းတို့၏ဖခင်၊ ဒေါ်ရင်ကြူ၊ ဒေါ်ရင် စွမ်-ဦးထွန်းဝင်း၊ ဦးကျော်မင်း-ဒေါ် လှလှနွယ်၊ ဒေါ်ရင်ရွှေ-ဦးသိန်းဝင်း၊ ဒေါ်ရင်ငွေ၊ ဒေါ်ရင်ပို့၊ ဦးမြင့်ထွေး-ဒေါ် ကျင်မွေးတို့၏အစ်ကိုသည် ၂၂-၉-၂၀၁၆ရက်(ကြာသပတေးနေ့)ည ၇း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ် လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေး အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈း၁၅နာရီတွင်ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသက်ဌေး (R/O)
MEHS CDC - 24694
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စံပွာယ်လမ်း၊ စစ်တောင်းရိပ်မွန်၊ တိုက် ၁၆၊ အခန်း ၀၀၂နေ (ဦးဖေသိန်း-ဒေါ် ခင်ဝင်းကြည်)တို့၏သား၊ (ဦးချာလီ-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဒေါ်အေးအေးကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ နှင်းအိဖြူ၊ တိုးမောင်မောင် သက်-မရီလွင်မော်၊ မောင်သက်ကိုကို အေး-မလှဲ့ယဉ်ဝင်းပိုင်၊ မောင်သက် ညီညီအေး၊ မမေဖူးတို့၏ဖခင်၊ မြေး နှစ် ယောက်တို့၏အဘိုးသည် ၂၂-၉-၂၀၁၆ ရက် ညနေ ၄နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၉-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစု သုသာန်၌သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ဒါယိကာမကြီး
## ဒေါ်ကျင်လွမ်
(ဖျာပုံအသင်း ရာသက်ပန်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈) ရပ်ကွက်၊ ကမာကြည်လမ်းမ၊ ကမာ ကြည်အိမ်ရာ၊ တိုက် ၂၆၊ အခန်း ၂၀၂ နေ ဦးစံဝင်း၏ဇနီး၊ ဦးသန်းဝင်း-ဒေါ် သီတာဦး၊ ဒေါ်ခင်မေဝင်း(အလယ်တန်း ပြ၊ငြိမ်း)၊(ဦးရဲဝင်း၊ ဒုညွှန်မှူး၊လဝက)- ဗိုလ်မှူးသင်းသင်းဝင်း(တပ်မတော်ဆေး တက္ကသိုလ်)၊ ဦးခင်မောင်ဝင်း(ASIAN A & S MARINE Co.,Ltd)-ဒေါ် သီတာရှိန်တို့၏မိခင်၊ မောင်ရဲဘုန်းမြင့်၊ မောင်အောင်နိုင်ဦး၊ မောင်စည်သူထွန်း၊ မောင်လှိုင်သန်းဦး၊ မောင်စည်သူလွင်၊ မနှင်းသုရွှေတို့၏အဘွားသည် ၂၂-၉-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ဒါယိကာမကြီး
## ဒေါ်သန်းစိန်
စက်မှု(၁) (ငြိမ်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ ကောက်လျှင် လမ်းသွယ်(၂)၊ တိုက် ၁၇၁၊ အခန်း ၈ နေ(ဦးစိန်ဝင်း-ဒေါ်သိန်းဟန်)တို့၏သမီး၊ (ဦးမောင်ရှင် - ဒေါ်လှကြည်)တို့၏ ချွေးမ၊(ဦးအေးလှိုင်)၏ဇနီး၊ ဦးစိုးလှိုင်-ဒေါ်ခင်လှမူ၊ [ဦးမောင်မောင်အေး(ခ) ဦးဂျော်နီ]-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင် မင်း-မနန်း(ခ)ဒေါ်ခင်နန်းအေး၊ ဒေါ် ချိုချိုလှိုင်(ဦးစီးအရာရှိ၊ စိုက်ပျိုးရေး)၊ ဦးမျိုးသက် - ဒေါ်သန်းသန်းဌေးတို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၂၃-၉-၂၀၁၆ရက် နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၉-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၉-၂၀၁၆ရက်(ကြာသ ပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

သုံးဆယ်မြို့အသင်း(ရန်ကုန်)
ဂုဏ်ထူးဆောင်အသင်းဝင်
## ဒေါ်မြမြခင် (ဒေါ်ပုံ့)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အောင် ဇေယျလမ်း၊ ကျောက်ကုန်း၊ အမှတ် (၂၁/အေ-၃)နေ အရေးပိုင် (ဦးခင်-ဒေါ်ဒေါ်တင်)တို့၏သမီး၊ ဦးတင်မောင် ဦး(သစ်တော၊ ငြိမ်း)၊ ဒေါ်ခင်စန်းမြင့် (အထက-၃၊ ဒဂုံ၊ ငြိမ်း)၊ ဒေါ်မြင့်မြင့် ခင်(ကုန်သွယ်/လယ်ယာ၊ငြိမ်း)၊(ဦးကိုကို ကြီး၊ ကစလ၊ ငြိမ်း)တို့၏ ညီမသည် ၂၂-၉-၂၀၁၆ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ (အသင်း ဝင်များအား သိစေအပ်ပါသည်။)

အမှုဆောင်အဖွဲ့

---

## ဒေါ်တင်တင်မြိုင်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ကျီတော်၊ ရေကျော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၁၁၀(ငါးလွှာ) နှင့် ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင် ဆန်းလမ်း၊ အမှတ် ၃၈၁(လေးလွှာ)နေ ဦးအေးငွေ (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးသွင်ထွန်းဦး၊ ဒေါ်ခင်မြမြစိုး၊ မလွင်သီတာအေး၊ မမြတ်သင်းအေးတို့၏ ချစ်လှစွာသော မိခင်သည်၂၃-၉-၂၀၁၆ရက်(သောကြာ နေ့) နံနက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံ ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။ (မဟာသုခလမ်းနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာ ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးမောင်မောင်သွင် (ငြိမ်း)
ဇီးကုန်းမြို့၊ ကြည်း/၆၅၅၄၊ ဗိုလ်သင်တန်းအပတ်စဉ်(၁၀)
ပင်မခဲယမ်းမီးကျောက်တပ်၊တပ်မှူး(ငြိမ်း)၊မင်္ဂလာဒုံတပ်နယ်မှူး(ငြိမ်း)
အသက်(၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ (ဦးခင်မောင်-ဒေါ်ချစ်)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြဝတီရည်လမ်း၊ ဆ/ခ ရပ်ကွက်၊ အမှတ် ၇/၄နေ (ဒေါ်ခင်စိန်စိန်)၏ခင်ပွန်း၊ ဦးအေးသွင်(ဒု-ညွှန်မှူး၊ ငြိမ်း၊ ရေအား လျှပ်စစ်ဦးစီးဌာန)-(ဒေါ်ခင်ညိုဆန်း)၊ဦးမြင့်သွင်(လ/ထညွှန်မှူး၊ငြိမ်း၊ ပထခ)-ဒေါ်ခင်မေသင်း(ဦးစီးအရာရှိ၊ ငြိမ်း၊ လဝက)၊ ဒေါ်ဘီဘီသွင်(မင်္ဂလာဒုံတပ်နယ် စည်ပင်)၊ ဒေါ်စီစီသွင် (အလပြ၊ အထက-၁၊ သဃ်န်းကျွန်း)၊ ဦးမြတ်သွင် (ဒု-ညွှန်မှူး၊ လဝက)-ဒေါ်သန်းသန်းဦး၊ ဦးသူရသွင်(လှိုင်မြို့နယ် တရားသူ ကြီး)-ဒေါ်ဇွန်မေစိုး၊ ဦးဦးသွင်(ဒု-ညွှန်မှူး၊ လဝက၊ နေပြည်တော်)-ဒေါ်ဝါဝါ လွင်၊ ဦးဝဏ္ဏသွင်၊ ဦးကျော်သွင်တို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၃-၉-၂၀၁၆ရက် နံနက် ၁၀း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၂၉-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းဖေ (လေးထောင်၊ ကျောက်ဖြူမြို့)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၂၃ (ဒုတိယထပ်)နေ ဒေါ်တင်တင်ညို၏ခင်ပွန်း၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်နေ ဦးစိုးမင်းအောင်-ဒေါ်ဝေဝေမြစိုး (JOY-ပုံနှိပ်တိုက်)၊ရန်ကုန်မြို့နေ ဦးသက်မင်းအောင်၊ ဒေါ်သန္တာဝင်း(အထက-၂၊ တောင်ဥက္ကလာပ)တို့၏ဖခင်၊ မောင်သုခစိုး၊ မောင်အားသစ်၊ မမြတ်သက်ပိုင် တို့၏အဘိုးသည် ၂၂-၉-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၂၈-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး
## ဦးအောင်ထိုက် (စိတ်တိုင်းကျ)
(မြို့လှမြို့)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြီး (၁)ရပ်ကွက်၊ ကမ္ဘောဇရိပ်သာ လမ်း၊ အမှတ် ၁၇ (င)နေ (ဦးဘိန်းတောင်-ဒေါ်ရှုအင်း)တို့၏သား၊ ဦးမြတ်စိုး-ဒေါ်အေးအေးမြင့်၊ ဒေါ်မာမာ၊ ဒေါ်ခိုင်ခိုင်ဝင်းတို့၏ညီ/မောင်၊ ဦးအေးမင်း၊ ဦးသောင်းမြင့်-ဒေါ်သန်းသန်းနွဲ့၊ ဦးဝင်းကြိုင်-ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်စန်းစန်းနု (ထ-၂၊ ဗဟန်း)တို့၏အစ်ကို၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၂၃-၉-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး
## ဦးအောင်ထိုက် (စိတ်တိုင်းကျ)
(၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစုအဖွဲ့ဝင်)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘောဇရိပ်သာ၊ အမှတ် (၁၇/E)နေ ဦးအောင်ထိုက် (စိတ်တိုင်းကျ)သည် ၂၃-၉-၂၀၁၆ရက် နံနက် ၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ ၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစုအဖွဲ့ဝင်များ လိုက်ပါ ပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

၇၄-၇၅-၇၆ (နိုင်ငံရေးအင်အားစု)

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး
## ဦးအောင်ထိုက် (စိတ်တိုင်းကျ)၊ မြို့လှမြို့
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘောဇ ရိပ်သာလမ်း၊ အမှတ် ၁၇/ငနေ (ဦးဘိန်းတောင်-ဒေါ်ရှုအင်း)တို့၏သား ဦးအောင်ထိုက် (စိတ်တိုင်းကျ)သည် ၂၃-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ဦးအောင်မြင့်၊ ဒေါ်အုန်းမြင့်**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

၁၉၇၄ခုနှစ် ဘူမိဗေဒဆရာကန်တော့ပွဲများတွင် နှစ်စဉ်ကူညီ ထောက်ပံ့ပေးခဲ့သော ပင်တိုင်အလှူရှင် ဦးအောင်ထိုက် အသက် (၆၅)နှစ်(စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်)သည် ၂၃-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၄ခုနှစ် ဘူမိဗေဒဘွဲ့ရနှစ် သူငယ်ချင်းများ**

---

## ဦးမောင်မောင်ဇံ (စစ်တွေ)
(B.Sc Geology ၈၀-၈၁)
(တေးရေး မောင်မောင်ဈာန်)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တက္ကသိုလ ၂လမ်း၊ အမှတ် ၅၂၆နေ (ဦးအောင်ကျော်ထွန်း)-ဒေါ်စိန်သာတို့၏သား၊ ဒေါ်နုနု အောင်-ဦးခင်မောင်ရွှေ၊ ဒေါ်နီနီအောင်-(ဦးနိုင်မင်း)တို့၏မောင်၊ ဦးမြင့်ထွန်း၏ အစ်ကို၊ ဗိုလ်ကြီးစည်သူနိုင်မင်း-ဒေါ်အိအိလွင်၊ ဗိုလ်ကြီးဝင်းခန့်-ဒေါ်ဝင်းလဲ့လဲ့ ဝေတို့၏ဦးလေးသည် ၂၂-၉-၂၀၁၆ရက် ညနေ ၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၉-၂၀၁၆ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်သမ္မတက ချီးမြှင့်သော ဂုဏ်ပြုမှတ်တမ်းလွှာအား Myanmar Now သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်းအား ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

သတင်းထောက်ချုပ် ဦးဆွေဝင်း၏ ဆောင်ရွက်ချက်များကို နိုင်ငံတစ်ဝန်းရှိ ပြည်သူအများက လေးစားချီးကျူး ပြောဆိုလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယင်းဆောင်ရွက်ချက်များအပေါ် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အလေးအနက်အသိအမှတ်ပြုသည့်အတွက် ယခုကဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ရန် စီစဉ်ရခြင်းဖြစ်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

**သတင်းသမားတွေဟာ သိရှိတဲ့ကိစ္စလေး မည်မျှပင်သေးငယ်ပါစေ ထဲထဲဝင်ဝင် ဆန်းစစ်နိုင်ရင် ကိစ္စကြီးတစ်ခုလုံး ကိုင်တွယ်နိုင်တယ်**

သတင်း၊ စာ -၅



**Myanmar Now** သတင်းဌာနမှ သတင်းထောက်ချုပ် ဦးဆွေဝင်း သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားစဉ်
ဓာတ်ပုံ - (သတင်းစဉ်)

## ယနေ့ မာတိကာ

အီးယူမှ ဗြိတိန်ထွက်ခွာရေး ဆွေးနွေးမှုကို ၂၀၁၇ ခုနှစ် အစောပိုင်းတွင် စတင်မည်ဟု ဘောရစ်ဂျွန်ဆင်ပြော စာ - ၁၀

ခရီးသည်က ယာဉ်မောင်းအား ဓားထိုးလုယက်မှုဖြစ် စာ - ၁၁

အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်နှင့် အဖွဲ့အား ကျောက်တံတားမြို့မရဲစခန်း၌ တရားစွဲဆိုထား စာ - ၁၂

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ -၂၂ အသင်း ဖွဲ့စည်းမည် စာ - ၁၄

# နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်

**နေပြည်တော် စက်တင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပလျက်ရှိသည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံကာလအတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဌာနချုပ်၌ စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် ပြုလုပ်သော နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ် (Comprehensive Nuclear-Test-Ban Treaty-CTBT) သို့ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်သည့် စာချွန်လွှာ (Instrument of Ratification)ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကုလသမဂ္ဂဥပဒေရေးရာဌာန ဒုတိယအတွင်းရေးမှူးချုပ် Mr.Miguel de Serpa Soares ထံသို့ အတည်ပြုပါဝင်သည့် စာချွန်လွှာကို ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ CTBTO အမှုဆောင်အတွင်းရေးမှူး Dr.Lassina Zerbo အပါအဝင် ကုလသမဂ္ဂဘက်မှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂအထွေထွေညီလာခံဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် အဆိုပါစာချုပ်ကို ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်၌ ပါဝင်လက်မှတ်ရေးထိုး (Signature) ခဲ့သည်။ ယခုအခါ အဆိုပါ စာချုပ်သို့ နိုင်ငံပေါင်း ၁၈၃ နိုင်ငံမှ

*စာမျက်နှာ ၄ ကော်လံ ၁* ❏

# သွင်းကုန်ဆိုင်ရာ ငွေကြေး အထောက်အပံ့ ဝန်ဆောင်မှုများပေးမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်အနေဖြင့် သွင်းကုန်လုပ်ငန်းရှင်များသို့ သွင်းကုန်ဆိုင်ရာ ငွေကြေးအထောက်အပံ့ (Import Financing) ဝန်ဆောင်မှုများပေးမည်ဖြစ်သည်။ Import Financing ရယူရန် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာတင်သွင်းနိုင်ပြီး အဆိုပြုလွှာပုံစံကို

*စာမျက်နှာ ၄ ကော်လံ ၅* ●

# တရုတ်-အာဆီယံနိုင်ငံများ ရုပ်ရှင်လုပ်ငန်းတိုးတက်ရေး နိုင်ငံတကာရုပ်ရှင်ပွဲတော်ကျင်းပ

**■ သတင်းနှင့်ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရှီအန်း စက်တင်ဘာ ၂၃**

အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ပြည်သူများအချင်းချင်း ရင်းနှီးနွေးထွေးစွာဆက်ဆံရေး၊ ယဉ်ကျေးမှုအပြန်အလှန်ရှိမှုကို တိုးချဲ့နိုင်ရေးအတွက် အာဆီယံတရုတ်စင်တာ (ACC) က ကျင်းပသည့် အာဆီယံရုပ်ရှင်ရက်သတ္တပတ် (ASEAN Film Week-AFW) နှင့် တတိယအကြိမ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ၆ နာရီခွဲက ရှန်ရှီးပြည်နယ် ရှီအန်းမြို့ Xi'an Radio & TV Grand Theater ၌ ကျင်းပခဲ့သည်။ (ယာပုံ)

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻

